Inya Economics

EEP

# Economic Readings in Burmese Language

ERBL. Volume (1). Issue (3). March 2025
ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)၊ အတွဲ (၁) ၊ စာစဉ် (၃) မတ်၊ ၂၀၂၅

## မာတိကာ စာမျက်နှာ

၁။ ဥယျောဇဉ် ........ ၁
၂။ ပြည်တွင်းစစ်များ၏ ဘောဂဗေဒ၊ ကိုလီယာ - ဟော်ဖလာ လေ့လာချက် (မောင်လူအေး) ........ ၃
၃။ ငွေကြေးအား စတင်သုံးစွဲလာကြပုံ၊ အဒမ်စမစ် (မောင်လူအေး) ........ ၂၁
၄။ အမတရာဆင်းရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ (ကိုညာဏ) ........ ၂၇
၅။ ဘောဂဗေဒအတွက် လမ်းညွှန်အသစ် (ထွန်းနောင်) ........ ၄၄

ဤစာစဉ်တွင် ဖော်ပြသည့် ပညာရပ်ဆိုင်ရာအမြင်နှင့် သုံးသပ်ချက်များသည် စာရေးသူ၊ ဘာသာပြန်သူများ၏ ကိုယ်ပိုင်အမြင်သာ ဖြစ်ပြီး အင်းလျားဘောဂဗေဒအဖွဲ့အစည်း၏ အမြင်ကို ကိုယ်စားမပြုပါ။ ဤစာစဉ်တွင် ပါရှိသည့် ဆောင်းပါးများသည် ပညာရေးနှင့် ဝေဖန်ဆန်းစစ်ရေးအတွက်သာ ရည်ရွယ်ပါသည်။

Copyright © 2025. Economic Education Program, Inya Economics

# ဥယျာဇဉ်

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ) စာစဉ် ရေးသားထုတ်ဝေလာသည်မှာ တတိယအကြိမ်မြောက် ရှိလာပါပြီ။ တစ်ကြိမ်ပြီး တစ်ကြိမ် ပိုမိုကောင်းမွန်လာရန်၊ စုံလင်ကြွယ်ဝရန် ကြိုးစားအားထုတ်ထားပါသည်။ ယခုအကြိမ်တွင် ပင်တိုင်ရေးသားသူများ၏ စာမူသုံးပုဒ်နှင့်အတူ ပြင်ပမှ စာမူတစ်စောင်ကိုပါ လက်ခံရရှိပါတယ်။ စာမူပေးပို့သည့် ဆရာထွန်းနောင်ကို အထူးကျေးဇူးတင်ရှိပါသည်။

ယခုလ၏ ပထမအပုဒ်မှာ မောင်လူအေး၏ ဆောင်းပါးဖြစ်ပါသည်။ အငြင်းအခုံလှိုင်းကို မွှေးထုတ်နိုင်သည့် ဆောင်းပါးဖြစ်ပါသည်။ ဘောဂဗေဒပညာရှင် ပေါလ်ကိုလီယာ၏ လေ့လာတွေ့ရှိချက် ဖြစ်ပါသည်။ ပြည်တွင်းစစ်က တိုင်းပြည်တွင် ဆယ်စုနှစ်ချီ တည်တံ့နေသော အခြေအနေတွင် ပထမမျိုးဆက်နှင့် ဒုတိယမျိုးဆက်၊ တတိယမျိုးဆက်အကြား သိနားလည်ပုံ၊ အမှန်လုပ်ပုံကိုင်ပုံ ကွာခြားမည်လော ကျွန်တော် အတွေး ရောက်မိပါသည်။ တော်လှန်ရေး ခေါင်းစဉ်အောက်တွင် တော်လှန်ရေးသည် ထာဝရတော်လှန်ရေးတော့ မဖြစ်နိုင် ဆိုသည်က မငြင်းနိုင်သော အမှန်တရား ဖြစ်မည်ထင်ပါသည်။ မောင်လူအေး ဆောင်းပါးဖတ်ပြီးနောက် ဤအတွေးတွေ ဝင်မိပါသည်။

ယခုလ၏ ဒုတိယအပုဒ်မှာ မောင်လူအေး၏ အခန်းဆက်ဘာသာပြန်ဆိုသည့် "ငွေကြေးအား စတင်သုံးစွဲလာကြပုံ" အကြောင်း ဖြစ်ပါသည်။ ယခုခေတ်တွင် ဘောဂဗေဒပညာတတ်မြောက်သူ မည်သူမဆို ငွေကြေးအကြောင်း အချက် နှစ်ချက်သည် အခြေခံဖြစ်ပါသည်။ ပထမအချက်မှာ ငွေကြေးဟူသည် သူ၏ ယုံကြည်လောက်ဖွယ် ရပ်တည်မှုဖြင့် ဝယ်လိုအားတစ်ဘက် ကိုင်ဆောင်လိုအားတစ်ချက်ဖြင့် မိမိအလိုရှိရာ အခြားကုန်စည်ကို တွေ့သော် မိမိအကျိုးအမြတ်ထွက်အောင် ဝယ်ယူခြင်း ပြုနိုင်ပါသည်။ သို့ဖြစ်၍ ဆန္ဒနှစ်ခုစုံစည်းရာ ဝါ ဆန္ဒနှစ်ခု အလွယ်တကူ စုံစည်းနိုင်ရန် ပြုလုပ်ထားသည့် ကိရိယာ ဖြစ်ပါသည်။ ဒုတိယအချက်မှာ ငွေကြေးသည် အတိုင်းအတာတခုအထိ အချိန်ကို ကျော်ဖြတ်နိုင်သည့် ဂုဏ်သတ္တိကို ပိုင်ဆိုင်ထားပါသည်။ မိမိ သိမ်းဆည်းထားသည့် ငွေကြေးကို ကာလတန်ဖိုးနဲ့ အညီ အမြဲ သုံးစွဲနိုင်ပါသည်။ ပုပ်သိုးသွားခြင်းမရှိဘဲ မိမိက အနာဂတ်တွင် သုံးနိုင်ရန် အခုကာလတွင် စုနိုင်ရန် အလွယ်တကူ စီမံနိုင်ပါသည်။ အခုခေတ် ငွေကြေး ဤမျှအထိ ဖြစ်လာစေရန်

Copyright © 2025. Economic Education Program, Inya Economics.

ငွေကြေးမပေါ်ခင်က မည်သို့ ရောင်းဝယ်ဖောက်ကားခဲ့ကြသနည်း၊ အများအကျိုးအတွက် ငွေကြေးကို သုံးစွဲနိုင်ရန် ပညာရှင်များ ကြိုးပမ်းအားထုတ်မှုကို တစေ့တစောင့် ဖတ်ရှုလေ့လာနိုင်ပါသည်။ နာမည်ကျော် ဘဏ္ဍာရေး ပါမောက္ခ ရောဘတ်ရှီလာက အခုလို ပြောဖူးပါသည်။ ကျွန်တော် ဘဏ္ဍာရေး သင်မည်ဆိုသဖြင့် အားလုံးက ကော်ပိုရေးရှင်းကြီးများအကြောင်း သင်ကြားပေးမည်ဟု မျှော်လင့်နိုင်ပါသည်။ ကျွန်တော် သင်ကြားချင်သည်မှာ ဘဏ္ဍာရေးဆိုသည်မှာ နည်းပညာဖြစ်ပါသည်။ အဆိုပါနည်းပညာဖြင့် ဆင်းရဲမွဲတေမှု လျှော့ချရေး အပါအဝင် ပိုကောင်းသော ကမ္ဘာကြီး ဖြစ်လာစေရန် ကျွန်တော်တို့ အလုပ်လုပ်နိုင်ပါသည်။

ယခုလ၏ တတိယအပုဒ်မှာ ကိုညဏ၏ အမတရာဆင်း ကိုယ်တိုင်ရေးအတ္ထုပ္ပတိအကြောင်း ဖြစ်ပါသည်။ အမတရာဆင်း၏ ဒဿနိက သဘောတရားရေးများသည် ဘောဂဗေဒသမားများ အတွက် ခက်ခဲပါသည်။ ကိုညဏလည်း အလားတူအခက်တွေ့မှုမျိုး ကြုံတွေ့ရပါလိမ့်မည်။ ကမ္ဘာကြီး၏ အခြေအနေတိုင်းသည် ကျမ်းရိုးသစ်ဘောဂဗေဒလာ မာရှယ်မျှခြေလို တည်ငြိမ်မနေသည့်အပြင် ခွဲခြားဆက်ဆံမှုများ ရှိလာသည့်အခါ အမတရာဆင်း၏ ရှာဖွေတွေ့ရှိမှုများက ကောင်းစွာ အထောက်အကူပြုပါသည်။ နှလုံးလှဘောဂဗေဒပညာရှင် အဖြစ် ကမ္ဘာ့ပညာရှင်အများအပြားက သတ်မှတ်ထားသူ အမတရာဆင်းသည် သူ၏ ကိုယ်တိုင်ရေးသမိုင်းကို ပညာရှင်အမြင်ဖြင့် ဝေဖန်ဆန်းစစ်ရေးသားသွားပုံကို လေ့လာနိုင်ပါသည်။

ယခုလ၏ နောက်ဆုံးအပုဒ်မှာ နောင်ထွန်း၏ ကိတ်ရာဝုအမြင်အကြောင်း ဖြစ်ပါသည်။ ရေးသားချက်များတွင် ယုတ္တိဗေဒ၊ ဘောဂဗေဒနည်းကျ မျှော်မြင်စဉ်းစားမှု ကွင်းဆက်တွင် လိုအပ်ချက်များ ရှိသော်လည်း ကိတ်ရာဝု၏ ဆန်းသစ်သော အတွေးအခေါ်ကို လေ့လာနိုင်သည့် ဆောင်းပါးဖြစ်ပါသည်။ နောက်လတွင် ပိုမိုကောင်းမွန်သော ဆောင်းပါးများ ရေးသားနိုင်ရန် ကြိုးစားရပါဦးမည်။

(ယခုကာလ ပေးထားချက်များသည် အတိတ်ကာလက ကျွန်တော်တို့ စွမ်းဆောင်ချက်များ၏ အသီးအပွင့် များဖြစ်သဖြင့် အနာဂတ်ကာလတွင် ပိုမိုကောင်းမွန်သော ပေးထားချက်များကို ဖန်တီးနိုင်ရန် ယခုကာလ ကျွန်တော်တို့ ရုန်းကန်ရပါဦးမည်။)

သန်းထွန်း

(တာဝန်ခံ)

ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)

Copyright © 2025. Economic Education Program, Inya Economics.

# ပြည်တွင်းစစ်များ၏ ဘောဂဗေဒ၊ ကိုလီယာ - ဟော်ဖလာ လေ့လာချက်

**မောင်လူအေး**

## ၁။ နိဒါန်း

ဗမာပြည်မှာ ပြည်တွင်းစစ်မီးတောက်လောင်နေတာ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ကနေ စတွက်ရင် (၇၇) နှစ် ရှိပါပြီ။ ကမ္ဘာပေါ်မှာ အကြာရှည်ဆုံး ပြည်တွင်းစစ်လို့ ဆိုချင်ဆို လို့ရပါတယ်။ ဂုဏ်ယူစရာကောင်းတဲ့ ကိစ္စ တော့မဟုတ်ပါဘူး။ (၇၇) နှစ်တာ မျိုးဆက် နှစ်ဆက်၊ သုံးဆက် ကာလမှာ အခြားသော ဝန်းကျင်နိုင်ငံတွေ အများကြီး တိုးတက်ပြောင်းလဲသွားပါပြီ။ စစ်တလင်း အဖြစ် ခံရခြင်းအတူတူ၊ ကိုလိုနီအဖြစ်ခံရခြင်းအတူတူ ပတ်ဝန်းကျင်နိုင်ငံတွေကော၊ မလှမ်းမကမ်းက နိုင်ငံတွေကော အာရှကျားတွေ၊ အာရှနဂါးတွေ အဖြစ်နဲ့ စက်မှု အခြေခံစီးပွားရေးကနေ နည်းပညာကို အခြေခံတဲ့ စီးပွားရေးကို တက်လှမ်းဖို့ အပြိုင်အဆိုင် ကြိုးစားနေ ကြပါပြီ။ ဗမာပြည်ကတော့ အဆိုးကျော့သံသရာထဲမှာ ယက်ကန်ယက်ကန် ကူးခတ်လျက်ဆဲပါ။ ဗမာပြည်ရဲ့ပြည်တွင်းစစ် ဟာ ဘာကြောင့် ဆယ်စုနှစ် (၇) ခုအကြာမှာ အရှိန်အဟုန် ပြင်းပြင်းနဲ့ ဆက်လက် လောင်မြိုက် နေရတာပါလဲ။ နိုင်ငံရေးသိပ္ပံပညာရှင်တွေကတော့ လူမျိုးစုတန်းတူညီတူ အခွင့်အရေးမရရှိမှု၊ အာဏာရှင်ဝါဒ ကြောင့်နဲ့ ဒီမိုကရေစီစနစ် မထွန်းကားမှုတို့အပေါ် မီးမောင်းထိုးပြကြပါတယ်။ ဒါဆိုရင် အာဏာရှင်ဝါဒ ချုပ်ငြိမ်းပြီး လူမျိုးစုတန်းတူညီတူ အခွင့်အရေးရှိတဲ့ ဒီမိုကရေစီကာလ ရောက်ခဲ့ရင် ပြည်တွင်းစစ်ကြီး ရပ်မှာလား။ ပြည်တွင်းစစ် ထပ်မပေါ်နိုင်တော့ဘူးလား၊ နှစ် (၇၀) ကျော် ပဋိပက္ခရဲ့ အဖြေက အဲ့သလောက် ရိုးရှင်းသလား မေးစရာရှိပါတယ်။ ဆိုခဲ့တဲ့ ရှင်းပြချက်တွေကို ဘောဂဗေဒပညာရှင်တွေကတော့ လုံလောက်တယ် လို့ လက်မခံပါ ဘူး။ ပြည်တွင်းပဋိပက္ခတွေရဲ့ နောက်ကွယ်က အကျိုးစီးပွားတွက်ချက်မှုနဲ့ နိုင်ငံရေးမဟုတ်တဲ့ အခြား

Copyright © 2025. Economic Education Program, Inya Economics.

ပြည်တွင်းစစ် သက်ဆိုးရှည်စေနိုင်မဲ့ အချက်တွေကဘာတွေရှိမလဲ။ အကယ်၍ ပိုပြီး တရားမျှတ လွတ်လပ်တဲ့ စနစ်တစ်ခုအတွက် ဖြစ်ရတဲ့ ပြည်တွင်းစစ် ဆိုရင် ဘယ်လို အချက်တွေက ဒီလိုစစ်ပွဲမျိုးကို လွယ်လွယ်နဲ့ အောင်ပွဲရစေမလဲ၊ ဘယ်လို အချက်တွေက ရှည်ကြာစေမလဲ။ အများက လက်ခံထားတဲ့ လူမျိုးစု မညီမျှမှု၊ နိုင်ငံရေး မကျေနပ်ချက်တွေကကော ပြည်တွင်းစစ်နဲ့ ဘယ်လောက်အတိုင်းအတာ အထိ သက်ရောက်မှု ရှိပါသလဲ။ လူမျိုးစု မကျေနပ်ချက်ဆိုတဲ့ အကြောင်းကြောင့် ပြည်တွင်းစစ် ဆိုတဲ့ အကျိုး ဖြစ်လာရတာလား၊ ပြည်တွင်းစစ် လမ်းခုလတ်မှာ မှ လူမျိုးစုမကျေနပ်ချက်တွေက ပိုကြီးထွားရတာလား၊ ဆင်းရဲမွဲတေမှု၊ ဒီမိုကရေစီ ဝတ်မွတ်မှု နဲ့ ဝင်ငွေမညီမျှမှုကကော ပြည်တွင်းစစ်နဲ့ ဆက်စပ်နေမလား။ စီးပွားရေး ချွတ်ခြုံကျမှုကြောင့် ပြည်တွင်းစစ် သက်ဆိုးရှည်ရတာလား၊ ပြည်တွင်းစစ် သက်ဆိုးရှည်လို့ စီးပွားရေး ချွတ်ခြုံကျရတာလား၊ "လား" ပေါင်းများစွာသော မေးခွန်းတွေအတွက် အဖြေအသစ်တွေကို ဘောဂဗေဒ ပညာရှင်တွေရှာဖွေကြပါတယ်။ ဒီစာစုက ပြည်တွင်းစစ်တွေကို ဘောဂဗေဒနည်းအရ ချဉ်းကပ်လေ့လာတဲ့ သုသေသန စာတမ်းအချို့ (အထူးသဖြင့် - ပေါ်ကိုလီယာ နဲ့ အန်း(ခ်)ဟော်ဖလာ တို့ရဲ့ လေ့လာချက်များ) ရဲ့ တွေ့ရှိချက်တွေကို စုစည်း တင်ပြဖို့ ရည်ရွယ်ပါတယ်။ အလုံးစုံ မှန်တာ၊ မှားတာထက် စာဖတ်သူတို့ တွေးစရာ ရှုထောင့် အသစ်တွေ ရရှိဖို့ ပိုမျှော်လင့်ပါတယ်။

## ၂။ အကျိုးစီးပွားလော၊ မကျေနပ်ချက်လော၊ အငြင်းပွားစရာ အဆိုပြုချက်

**(Greed & Grievance)**

ဘောဂဗေဒနယ်ပယ် အတော်များများမှာ အခြေခံ ယူဆချက်က အရှုံးအမြတ် တွက်တတ်တဲ့၊ အကြောင်း အကျိုးမျှော်တဲ့ လူသားဖြစ်ပါတယ်။ ရရှိထားတဲ့ သတင်းအချက်အလက်တွေ အပေါ်မူတည်ပြီး ကုန်ကျစရိတ် ထက် အကျိုးအမြတ်များမဲ့ ဆုံးဖြတ်ချက်ကို ကျိုးကြောင်း ဆင်ခြင်တတ်တဲ့ လူသားတွေ ရွေးချယ်လေ့ ရှိပါတယ်။ ဒီနေရာမှာ အရှုံးနဲ့ အမြတ်၊ ကုန်ကျစရိတ်ဟာ ငွေကြေးတန်ဖိုး တစ်ခုထဲ မဟုတ်ပါဘူး၊ ရွေးချယ်ချက် (၁) ကို ရွေးလိုက်တဲ့အခါ စွန့်လွှတ်လိုက်ရတဲ့ ရွေးချယ်ချက် နှစ်၊ သုံး တို့ဟာလည်း စရိတ်တွေပါပဲ။ ၁၉၆၀ ကနေ ၁၉၉၉ အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရတဲ့ နိုင်ငံပေါင်း (၃၀) ကျော်ရဲ့ ပဋိပက္ခကာလတွေကို လေ့လာပြီးတဲ့အခါမှာ ပေါ်ကိုလီယာက ပြည်တွင်းစစ် ဖြစ်ပွားရတာက လူမျိုးစုနိုင်ငံရေး မကျေနပ်ချက်ထက် အကျိုးစီးပွား ပဋိပက္ခ တွေကြောင့်လို့ အခိုင်အမာ ဆိုပါတယ်။ ပဋိပက္ခတွေမှာ လူမျိုးစု နိုင်ငံရေးက အပေါ်ယံအသွင်အပြင်၊ ကိုယ်ကျိုး စီပွားက အခြေခံအဆောက်အအုံလို့ ဆိုပါတယ်။ လက်နက် ကိုင်အဖွဲ့အစည်း ခေါင်းဆောင်တွေအနေနဲ့ တော်လှန်ရေး (သို့) လက်နက်ကိုင်လမ်းစဉ်နဲ့ ဗဟိုအစိုးရကို ဖြုတ်ချတဲ့အခါမှာ ပေးဆပ်ရမဲ့ စရိတ်၊ စွန့်လွှတ်ရမဲ့ အခွင့်အလမ်းတွေက အောင်မြင်ခဲ့သော် ရရှိလာမဲ့ နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်ထက်နည်းမယ် လို့

ယူဆခဲ့မယ်ဆိုရင် ပြည်တွင်းစစ်ဟာ မလွဲမသွေ ဖြစ်မယ်လို့ ကိုလီယာ ကဆိုပါတယ်။ အကယ်၍ ကုန်ကျစရိတ်ဟာ အကျိုးအမြတ်ထက် များမယ်ဆိုရင်တော့ ကြောင်းကျိုးတွေးခေါ်တတ်တဲ့ နိုင်ငံရေး ခေါင်းဆောင်တွေက ပြည်တွင်းစစ်ကို ရှောင်ကြပါလိမ့်မယ်။ ဒါဟာ တွေ့မြင်နေကြ လူမျိုးစုနိုင်ငံရေးမှာ မကျေနပ်မှုကြောင့် ပြည်တွင်းစစ် ဖြစ်ရပါတယ်ဆိုတဲ့ ရှင်းပြချက်နဲ့ အတော်လေး ကွဲလွဲပါတယ်။ အာဖရိကနိုင်ငံတွေက သွေးစွန်းစိန် (Blood Diamonds) တွေ၊ အရှေ့အလယ်ပိုင်းက ရေနံမြေ တွေ၊ သယံဇာတတွေ အင်မတန် ပေါကြွယ်ဝတဲ့ နိုင်ငံတွေဖြစ်ပါလျက် ကမ္ဘာ့အဆင်းရဲဆုံး၊ လူမှုဘဝ မပြေလည်ဆုံး၊ လူ့သက်တမ်းအတိုဆုံး နိုင်ငံတွေဖြစ်နေရတာ သယံဇာတကျိန်စာလို့ လူသိများတဲ့ ရွှေကျောင်း ပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်စဥ်ကြောင့်ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာ အဲဒီ သယံဇာတတွေကို လူမျိုးစု ခေါင်းဆောင်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ မျှမျှတတ မခွဲဝေနိုင်ကြရာကနေ အစပျိုးတယ်လို့ ပညာရှင် တော်တော်များများက ဆိုပါတယ်။ ရည်မှန်းချက် အမြင့်ဆုံး ဒေသဆိုင်ရာ စီးပွားရေး ဖွံ့ဖြိုးမှုကနေ အနိမ့်ဆုံး လူမျိုးစု ခေါင်းဆောင်တွေရဲ့ ပုဂ္ဂလိက ကိုယ်ကျိုးစီးပွားအထိ အများကြီး အထောက်အပံ့ပေးနိုင်တဲ့ သယံ ဇာတ တွေကို ခွဲဝေရာမှာ မမျှတရင် (သို့) လူမျိုးစု တစ်စုစု၊ နိုင်ငံရေးလူတန်းစား တစ်ရပ်ရပ်က လက်ဝါး ကြီးအုပ်ထားခဲ့မယ်ဆိုရင် နိုင်ငံရေး မကျေနပ်ချက်တွေ ပေါက်ဖွားလာနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေး မကျေနပ် ချက်ဆိုတာက လူမျိုးစု နည်းနည်းများများ နိုင်ငံတိုင်းမှာ ဖြစ်တတ်တဲ့ ဖြစ်ရိုးဖြစ်စဥ်ဖြစ်ပါတယ်။ ပြည်တွင်း စစ်ကတော့ ကမ္ဘာပေါ်က လက်တစ်ဆုပ်စာ နိုင်ငံတွေမှာပဲ ဖြစ်တဲ့ ထူးခြားဖြစ်စဉ် ဖြစ်ပါတယ်။ **နိုင်ငံရေး ပဋိပက္ခကနေ စစ်ရေးပဋိပက္ခကို အသွင်ပြောင်းသွားဖို့ (တစ်နည်း) ပြည်တွင်းစစ် ပေါက်ဖွားဖို့အတွက် အခြေအနေကောင်း (ဆိုး) တွေရှိတဲ့ နိုင်ငံတွေမှာပဲ ပြည်တွင်းစစ် ဖြစ်ပါတယ်။** ဒီလို အခြေအနေပေး၊ မပေးဟာ လူမျိုးစုကြား အမုန်းတရား ဘယ်လောက် ပြင်းထန်၊ မပြင်းထန်အပေါ် မူတည်မနေဘူးလို့ ကိုလီယာ က ဆိုပါတယ်။ လူမျိုးစုကြား မကျေနပ်ချက်တွေဟာ နဂိုရှိရင်းစွဲ မကျေနပ်မှုထက် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့တွေရဲ့ ရည်မှန်းချက်ကို ဖော်ဆောင်တဲ့နေရာမှာ ကုန်ကျစရိတ် သက်သာဖို့ ဖန်တီး ယူထားတဲ့ မကျေနပ်ချက် တွေက ပိုများပါတယ်လို့ ဆိုပါတယ်။ ဗမာပြည်က သာမန်စာဖတ် ပရိသတ် တစ်ယောက် ကြားရင်တောင် ပေါကိုလီယာ တစ်ယောက် လျှောက်ရမ်းသမ်း ပြောနေပြီလို့ ထင်စရာ ရှိပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဘဏ် သုတေသန အဖွဲ့ရဲ့ ဒါရိုက်တာ ဖြစ်တဲ့ ပေါကိုလီယာမှာ သူ့အဆိုအတွက် သီအိုရီကော၊ ဥပမာတွေကော ရှိပါတယ်။ ပြည်တွင်းစစ်ဆိုတာနဲ့ လူမျိုးစုနိုင်ငံရေးကို ပြောရတာကတော့ ဖြစ်ခဲ့သမျှနဲ့ ဖြစ်နေတဲ့ ပြည်တွင်းစစ် အားလုံးနီးပါးဟာ လူမျိုးစုမတူညီမှုကို အခြေခံတယ်လို့ အတိအကျ ပြောလို့မရတဲ့တိုင် လူမျိုးစု တစ်စုစု ကြီးစိုးထားတဲ့ အစိုးရနဲ့ လူနည်းစု လူမျိုးစုတွေကြား ဖြစ်ပွားတဲ့ စစ်မက် တွေ ဟုတ်နေလို့ပါပဲ။ ဒါကလည်း အမြဲတမ်း မှန်နေတဲ့ အမှန်တရားတော့ မဟုတ်ပါဘူး။ ငြင်းချင်စရာကောင်းတဲ့ ကိုလီယာရဲ့ တင်ပြချက်တွေကို မပြောခင် အချို့သော စကားလုံးတွေကို ရှင်းရှင်းလင်းလင်း အဓိပ္ပာယ် ဖွင့်ဆိုဖို့လိုပါတယ်။ မူရင်းပညာရှင် အပေါ် နားလည်မှု လွဲမှာစိုးလို့ ဖြစ်ပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.



**သွေးစွန်းစိန်များအတွက် ဒီအာစီ ကွန်ဂိုတွင် အလုပ်လုပ်ရပုံ** (Photo - Times)

## ၃။ ဖွင့်ဆိုချက်အချို့

**(၁) လက်နက်ကိုင်အဖွဲ့အစည်းများ (Rebels)** - အစိုးရ အပေါ် နိုင်ငံရေး မကျေနပ်ချက်အရ တည်ဆဲ နိုင်ငံရေး အင်စတီကျူးရှင်းပြင်ပကနေ လက်နက်ကိုင်နည်းနဲ့ ဆန့်ကျင်နေသူလို့ ဖွဲ့ဆိုလို့ ရပါတယ်။ ပိုမို တရားမျှတတဲ့ စနစ်တစ်ခုအတွက် တိုက်ပွဲဝင်နေတဲ့ တော်လှန်ရေးသမားတွေလည်းဖြစ်နိုင်သလို လူမျိုးစု ရပိုင်ခွင့်တွေ အတွက် တွန်းလှန်နေတဲ့ လူမျိုးစုဝင်တွေလည်း ဖြစ်နိုင်ပါတယ်။ သယံဇာတ လက်ဝါးကြီးအုပ်မှု ကို စွန့်လွှတ်လိုက်ရမှာ ကြောက်လို့ လက်နက်ကိုင်တပ် မွေးထားတဲ့ လူနည်းစု အုပ်စုလည်း ဖြစ်နိုင်ပါတယ်။ လက်နက်ကိုင် အဖွဲ့အစည်း တွေဟာ ကောင်းမယ်၊ ဆိုးမယ် လို့ ခြုံငုံပြောလို့မရပါ။

**(၂) တည်ဆဲအစိုးရ (Government)** - ဒီမိုကရေစီနည်းကျကျ တက်လာတဲ့ အများကိုယ်စားပြုမှု တရားဝင် အာဏာ (de jure) ရှိတဲ့အစိုးရကော၊ မသမာတဲ့ နည်းနဲ့ နိုင်ငံရေးအာဏာကို ယူထားပေမဲ့ အစိုးရ ယန္တရားတွေကို ထိန်းချုပ်နိုင်တဲ့ အာဏာ (de facto) ရှိတဲ့ အစိုးရကော နှစ်မျိုးလုံး ကိုရည်ရွယ်ပါတယ်။ ဒါပေမဲ့ အပေါ်က လက်နက်ကိုင် အဖွဲ့အစည်းတွေ ကိုတော့ အစိုးရ နှစ်မျိုးလုံးက အလိုမရှိပါဘူး။ အနိမ့်ဆုံး နိုင်ငံရေး ပြိုင်ဖက်ကနေ အမြင့်ဆုံး သောင်းကျန်းသူအထိ သတ်မှတ်ပြီး ရန်ပြုလေ့ရှိပါတယ်။ အစိုးရ တွေကလည်း အပေါ်ကနည်းတူ ကောင်းတယ်၊ ဆိုးတယ် ခြုံငုံ ပြောလို့မရပါ။ သယံဇာတတွေကို အကြမ်းဖက် လမ်းစဉ်နဲ့ ခွဲဝေ လုယူမဲ့ လူနည်းစုလက်ထဲကနေ လူများစုကို ကာကွယ်ပေးနေတဲ့ အစိုးရဖြစ်နိုင်သလို၊ နိုင်ငံရေးအာဏာ ကို လူများစုကနေ

Copyright © 2025. Economic Education Program, Inya Economics.

လုယူထားပြီး လူနည်းစု တစ်စု တိုင်းပြည်အပေါ် အုပ်ချုပ်နိုင်မဲ့ စနစ်ကို ကာကွယ်ပေးနေတဲ့ အဖွဲ့လည်း ဖြစ်နိုင်ပါတယ်။ အစိုးရတွေဟာ ကောင်းတယ်၊ ဆိုးတယ် ခြုံငုံပြောလို့ မရပါ။

**(၃) လက်နက်ကိုင်လမ်းစဉ် (Rebellion)** - တည်ဆဲ အစိုးရအဖွဲ့နဲ့ နိုင်ငံရေး မကျေလည်မှုတွေကို ဖြေရှင်းလို့ မရတဲ့အခါ၊ ဒါမှမဟုတ် တောင်းဆိုချက်တွေကို တည်ဆဲ နိုင်ငံရေးအင်စတီကျူးရှင်းတွေကနေ ရဖို့ အခွင့်အလမ်းနည်းတဲ့ အခါမှာ၊ ဒါမှမဟုတ် အကြမ်းမဖက် လမ်းစဉ်နဲ့ နိုင်ငံရေးလိုအပ်ချက်ကို တောင်းဆိုနေရင်း တည်ဆဲ အစိုးရရဲ့ ရက်ရက်စက်စက် ဖြိုခွဲမှုကို မခံမရပ်နိုင်အောင် ခံရတဲ့ အခါမျိုးမှာ လက်နက်ကိုင်လမ်းစဉ် ကို နောက်ဆုံး ရွေးချယ်ချက်အနေနဲ့ ရွေးချယ်ကြပါတယ်။ အဓိကအားဖြင့် နိုင်ငံတစ်ခုလုံးကို တည်ဆဲအစိုးရ လက်ထဲကနေ ရယူဖို့ **(capturing the state)** နဲ့ မိမိတို့ရဲ့ နယ်မြေ တစိတ်တဒေသကို အစိုးရထိန်းချုပ်နယ်မြေအဖြစ်ကနေ လွတ်မြောက်ရေး **(seceding the state)** ဆိုတဲ့ ရည်မှန်းချက်နှစ်ချက်ထဲက တစ်ချက်အတွက် ဦးတည်တဲ့ လမ်းစဉ်ဖြစ်ပါတယ်။ တော်လှန်ရေးလဲ ဖြစ်နိုင်သလို အကြမ်းဖက် စစ်ဘုရင်ဝါဒလည်းဖြစ်နိုင်ပါတယ်။ လက်နက်ကိုင်လမ်းစဉ်တွေက မှန်တယ်၊ မှားတယ် ခြုံငုံပြောလို့ မရပါ။

**(၄) ပြည်တွင်းစစ် (Civil Wars)** - နိုင်ငံသား (သို့) နိုင်ငံအတွင်း နေထိုင်ကြသူအချင်းချင်း ကြား နိုင်ငံရေး မပြေလည်မှုကြောင့်၊ ဒါမှမဟုတ် နိုင်ငံရေးဖိနှိပ်မှုကြောင့် တစ်ဖက်ဖက်က လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်လိုက်တဲ့အခါမှာ တည်ဆဲ အစိုးရအဖွဲ့ရဲ့ စစ်တပ်နဲ့ ကြားမှာ ပေါက်ဖွားလာတဲ့ လက်နက်ကိုင် ပဋိပက္ခ ကို ရည်ရွယ်ပါတယ်။ အပြစ်မဲ့အရပ်သား တစ်ဖက်ထဲကို ဦးတည်တိုက်ခိုက်တဲ့ ဂျီနိုဆိုက်တွေကနေ ကွဲလွဲ အောင် **ပြည်တွင်းစစ်အဖြစ် သတ်မှတ်နိုင်ဖို့ အနိမ့်ဆုံး တစ်နှစ်အတွင်း စစ်နဲ့ စစ်ရဲ့ နောက်ဆက်တွဲ ကြောင့် သေဆုံးသူ တစ်ထောင် ရှိရပါမယ်။ အဲ့ဒီထဲက အနည်းဆုံး (၅) ရာခိုင်နှုန်းက ပါဝင်သူ လက်နက်ကိုင် အဖွဲ့တွေရဲ့ တပ်ဖွဲ့ဝင်တွေဖြစ်ရပါမယ်။** ပြည်တွင်းစစ်တွေဟာ ပါဝင်ပတ်သတ်သူ နှစ်ဦးနှစ်ဖက်၊ တစ်ဖက်ဖက်က အောင်မြင်နိုင်မဲ့ **(Non zero-sum game)** ဖြစ်လာနိုင်တယ်လို့ ထင်စရာရှိပေမဲ့ တိုက်ရိုက် မပါဝင် သူတွေအတွက် ဆိုးကျိုး **(Negative Externality)** ကို ဖန်တီးပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့ ပြင်ပက အရပ်သား သေဆုံးမှု၊ တစ်နိုင်ငံလုံး အနေအထားမှာ ပညာရေးနိမ့်ကျမှု၊ စီးပွားရေးချွတ်ခြုံကျမှု၊ လူ့သက်တမ်း တိုလာမှု တို့ဖြစ်ပါတယ်။ **အစိုးရတပ်ကော၊ လက်နက်ကိုင်တပ်တွေကပါ ဆိုင်ရာလူထု အပေါ် မှီခိုရတဲ့ အတွက် ပြည်တွင်းစစ်ဟာ ရေရှည်မှာ အားလုံးအတွက် အကျိုးနည်းစေတဲ့ (Zero-sum game) လို့ ခြုံငုံ ပြောလို့ရပါတယ်။**

## ၄။ ဆန္ဒပြမှုကနေ လက်နက်ကိုင်ပဋိပက္ခ အဖြစ်သို့

အခြေခံကုန်စည် လေးခုအနက်မှာ ဆန္ဒပြမှုနဲ့ တော်လှန်ရေးကို အများပိုင်ကုန် **(Public Good)** အဖြစ် ဘောဂဗေဒပညာရှင်တွေ သတ်မှတ်ကြပါတယ်။ ဆိုလိုတာက လူတိုင်းကို အကျိုးပြုပေမဲ့ အဲ့ဒီ ကုန်စည်ရဲ့

Copyright © 2025. Economic Education Program, Inya Economics.

ကုန်ကျစရိတ်မှာ လူတိုင်းပါဝင် အားစိုက်စရာ မလိုတဲ့ သဘောပါ။ ဒါကြောင့် အများပိုင်ကုန်တွေ ထုံးစံအတိုင်း အတိုင်း "ဂုန်းဆင်း" ပြဿနာ (Free-Rider Problem) ပေါ်လာပါတယ်။ မျှတတဲ့ စနစ် သစ်တစ်ခု ရလာ ရင်တော့ လူတိုင်း အကျိုးကျေးဇူး ခံစားရပေမဲ့ အနာခံရမဲ့အချိန်မှာတော့ လူတိုင်းမပါဝင်ချင်ကြပါဘူး။ နိုင်ငံရေး မကျေလည်မှုအရ ဖြစ်စေ၊ လူမျိုးစုရပိုင်ခွင့်တွေကို တောင်းဆိုတဲ့ အခါမှာဖြစ်စေ နိုင်ငံရေး ပြဿနာ ပေါ်လာတိုင်းမှာ အကြမ်းမဖက် ဆန္ဒပြတဲ့နည်းနဲ့ ဖြေရှင်းကြပါတယ်။ ဆန္ဒပြပွဲတွေမှာ လူတစ် ယောက် တိုးပြီး ပါဝင်လာတိုင်း ပါဝင်တဲ့လူအားလုံး အပေါ် အစိုးရရဲ့ အရေးယူနိုင်စွမ်းက ကျဆင်းသွား ပါတယ်။ လူတစ်ယောက် နှုတ်ထွက်သွားတိုင်း ပါဝင်ပတ် သတ်တဲ့ လူတွေအပေါ် အစိုးရရဲ့ အရေးယူ အပြစ်ပေးနိုင်စွမ်းက ပိုတိုးလာပါတယ်။ ဒါကြောင့် ဆန္ဒပြပွဲတွေကို ခံယူချက်ပြင်းထန်တဲ့ လူအနည်းစုက စကြပေမဲ့ အဲဒီလှုပ်ရှားမှု အောင်မြင်တာ၊ မအောင်မြင်တာက နိုင်ငံရေး ခံယူချက် သိပ်မပြင်းထန်တဲ့ သာမန် လူအုပ်စုကြီး အပေါ်မူတည်ပါတယ်။ (Kuran, 1989)။ ဒီလူအုပ်ကြီးက သတ္တိရှိရှိ၊ ဇွဲကောင်းကောင်းနဲ့ နိုင်ငံရေးလှုပ်ရှားမှုမှာ ပါဝင်နိုင်ရင် အောင်မြင်နိုင်ချေ များပါတယ်။ ဒါပေမဲ့ ဒီလို မဖြစ်အောင်လို့ အုပ်ချုပ်သူ အစိုးရက နည်းအမျိုးမျိုးသုံးပြီး ဖြိုခွဲလေ့ရှိပါတယ်။ အစိုးရရဲ့ ပုံစံမျိုးစုံ ဖြိုခွဲမှုတွေကြောင့် လူတစ်ယောက်ပြီး တစ်ယောက် နိုင်ငံရေးလှုပ်ရှားမှုတွေကနေ နှုတ်ထွက်သွားတဲ့အခါမှာ ကျန်ခဲ့တဲ့ နိုင်ငံရေး လှုပ်ရှားသူတွေရဲ့ လုံခြုံရေးက စိုးရိမ်လာရပါတယ်။ ဒီအခြေအနေမှာ အင်စတီ ကျူးရှင်းပြင်ပက နိုင်ငံရေး ဖြေရှင်းနည်း အတွက် အခြေအနေပေးတဲ့ နိုင်ငံတွေမှာ ဆိုရင် လက်နက်ကိုင် နိုင်ငံရေးလမ်းစဉ် ပေါ်ပေါက်လာပါတယ်။ နောက်တခုက အကြမ်းမဖက် နိုင်ငံရေးလမ်းစဉ်ဟာ လူမျိုး စုအရေအတွက် များတဲ့နိုင်ငံတွေထက် နည်းတဲ့နိုင်ငံတွေမှာ ပိုပြီး ဖြစ်နိုင်ချေများပါတယ်။ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ သမိုင်းဖြတ်သန်းပုံ တူညီတဲ့ လူမျိုးစုတစ်စုမှာ အခြားလူမျိုးတွေ မသိရှိနိုင်တဲ့ ခံစားချက်တွေ ရှိပါတယ်။ ဒါပေမဲ့ လူမျိုးစု များတဲ့ နိုင်ငံတွေမှာ ဒီလို ခံစားချက်တွေကို တစ်စုနဲ့ တစ်စု နားလည်ပေးဖို့ ခက်ခဲ ပါတယ်။ လူမျိုးစု တစ်စုရဲ့ နိုင်ငံရေး ပြဿနာက အခြားလူမျိုးစုအတွက် နိုင်ငံရေးပြဿနာ မဟုတ်ပါဘူး။ အခြားလူမျိုးစုရဲ့ ပြဿနာကို အနာခံဖြေရှင်းပေးဖို့ ဝန်လေးလေ့ရှိပါတယ်။ ဒါပေမဲ့ အစိုးရကို ဖိအားပေး (သို့) ဖြုတ်ချဖို့ ကြိုးပမ်းတဲ့ လှုပ်ရှားမှုတွေမှာ ဒီလို ပူးပေါင်းဆောင်ရွက်ဖို့ ဝန်လေးတာက အတော်ကြီးမားတဲ့ အဟန့်အတား ဖြစ်ပါတယ်။ ဒီအတွက် ဘောဂဗေဒ အသုံးအနှုန်းက **(transaction cost)** ပါ။ ရောင်းသူ ဝယ် သူ ကုန်ဖလှယ်မှုလုပ်တဲ့အခါမှာ ဖလှယ်မှုဖြစ်ရအောင် သုံးရတဲ့စရိတ် (ဥပမာ - ရှေ့နေစရိတ်၊ ပွဲစား စရိတ် စသည်ဖြင့်) ဖြစ်ပါတယ်။ လူမျိုးစုတွေ ပေါင်းပြီး အစိုးရကို ဖိအားပေးတဲ့လှုပ်ရှားမှုမှာလည်း အလားတူ စရိတ် ရှိပါတယ်။ အပြန်အလှန်ယုံကြည်မှု နဲ့ မဟာမိတ်တည်ဆောက်ရေး အတွက် မကြာခဏ တွေ့ဆုံရတာ၊ ညှိနှိုင်း စကားပြောရတာ၊ တစ်ဦးနဲ့ တစ် ဦးနားလည်မှု တည်ဆောက်ရတာမှာ ငွေကြေးကော၊ ငွေကြေးမဟုတ်တဲ့ စရိတ်ကော ကုန်ကျရပါတယ်။ ဒါကို **ပူးပေါင်းဆောင်ရွက်ရမှု အတွက် စရိတ် (Cost of Coordination)** လို့ သုံးနှုန်းပါတယ်။ လူမျိုးစု အရေအတွက်များလေ၊ အောင်မြင်နိုင်ချေ အတွက် ဒီစရိတ်က ကြီးလေ ဖြစ်ပါ တယ်။ ဒါကြောင့် နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုတွေက အကြမ်းမဖက်နည်းဖြစ်စေ၊ လက်နက်ကိုင်လမ်းစဉ် ဖြစ်စေ၊ လူမျိုးစု

Copyright © 2025. Economic Education Program, Inya Economics.

အရေအတွက် များလေ၊ ပူးပေါင်းဆောင်ရွက်ရတဲ့ စရိတ်ကြီးလေ၊ အောင်မြင်နိုင်ချေ နည်း လေဖြစ်ပါတယ်။ (Kuran, 1989)။ ဒီနေရာမှာ ပြည်တွင်းစစ် ဖြစ်ဖို့ အစပျိုးနိုင်တဲ့ နည်းနှစ်မျိုး ထွက်လာပါတယ်။ ပထမ တစ်ခုက လူမျိုးစု ကို အခြေခံတဲ့ ပဋိပက္ခ ဖြစ်ပါတယ်။ လူမျိုးစု တစ်စု ရဲ့နိုင်ငံရေးပြဿနာက အခြား လူမျိုးစုရဲ့ပြဿနာ မဟုတ်ပါဘူး။ ဒါကြောင့် အကြမ်းမဖက်တဲ့နည်းနဲ့ လူမျိုးစုအခွင့်အရေး တွေကို တောင်းဆိုတဲ့အခါမှာ ကျန်လူထုရဲ့ ထောက်ခံမှုကို ရချင်မှ ရပါမယ်။ မရရင် လူမျိုးစု နိုင်ငံရေးလှုပ်ရှားသူတွေရဲ့လုံခြုံရေးနဲ့ တရားဝင်ရပ်တည်ရေးက အန္တရာယ်ရှိလာပါတယ်။ ဒီနေရာမှာ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ရပါတယ်။ ဒုတိယ တစ်ခုက နိုင်ငံလုံးဆိုင်ရာ ပဋိပက္ခ ဖြစ်ပါတယ်။ နိုင်ငံရေးအာဏာ အပ်နှင်းထားတဲ့ အစိုးရတစ်ရပ် ဖြုတ်ချခံရတဲ့အခါမှာ နိုင်ငံရေးမကျေနပ်ချက်တွေ ထွက်လာပါတယ်။ ဒီအတွက် အကြမ်းမဖက်တဲ့နည်းကို သုံးပြီး ဗွေဆုံး ဆန္ဒပြပါတယ်။ (လူတွေက ကျိုးကြောင်းဆင်ခြင်ပြီး အရှုံးအမြတ်တွက်တတ်တဲ့ စီးပွားရေးလူသားတွေ ဖြစ်ပါတယ်။ ဆန္ဒပြ ဖိအားပေးတာနဲ့ လက်နက်ကိုင် လမ်းစဉ်မှာ ရလဒ်ခြင်း တူမယ်ဆိုရင် အရင်းအနှီးနည်းတဲ့ ဆန္ဒပြ ဖိအားပေးတာကိုပဲ လူတွေ ရွေးချယ်လေ့ ရှိပါတယ်။ ရလဒ်ခြင်း မတူမှ (သို့) အကြမ်းမဖက်နည်းနဲ့ ဖြေရှင်းလို့ မရမှသာ အရင်းအနှီး ကြီးမားတဲ့ လက်နက် ကိုင်လမ်းစဉ်ကို ရွေးချယ်ရပါတယ်။) နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုမှာ လည်း အကြမ်းမဖက်နည်းနဲ့ အစပျိုးကြပေမဲ့ လူမျိုးစုများတဲ့နိုင်ငံတွေမှာ **(Cost of Coordination)** ကြီးမားတဲ့ အတွက် ဆန္ဒပြတဲ့ နည်းက အောင်မြင်နိုင်ချေ နည်းပါတယ်။ ဒီနေရာမှာ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ဖို့ ဖြစ်လာရပါတယ်။

**ပြည်တွင်းစစ် ဖြစ်ရတာ၊ ပြည်တွင်းစစ် ကြာရှည်ရတာက နိုင်ငံရေး မကျေလည်ချက်ထက် ပြည်တွင်းစစ် ကြာရှည်ဖို့၊ အစပျိုးဖို့ အခြေအနေကောင်း (ဆိုး) တွေရှိနေလို့ ဖြစ်ပါတယ်။** စစ်ရေးပဋိပက္ခ ဖြစ်ဖို့ ပါဝင်ပတ်သက်သူ လက်နက်ကိုင် အဖွဲ့တွေ့မှာ ပဋိပက္ခအတွက် အရင်း နဲ့ လုပ်အား လိုပါတယ်။ ပဋိပက္ခ အရင်း **(Conflict Specific Capital)** မှာ လက်နက်ခဲယမ်းတွေ၊ တခြားကိရိယာတွေကနေ အဖွဲ့အစည်း လည်ပတ်ဖို့ ငွေကြေး အရင်း၊ နည်းပညာ အရင်း စိုက်ထုတ်မှုတွေ ပါဝင်ပါတယ်။ ဒီအရင်းဟာ စီးပွားရေးလုပ်ငန်းတွေက အရင်းတွေလိုပဲ အချိန်နဲ့အမျှ ခမ်းခြောက်တတ်တဲ့သဘောရှိပါတယ်။ မကြာခဏ ဖြည့်တင်းပေးနိုင်မှသာ ရေရှည်မှာ အောင်မြင်နိုင်ပါမယ်။ ပဋိပက္ခအတွက် လုပ်အားကတော့ အဖွဲ့အစည်းနဲ့ တဖွဲ့အစည်းရဲ့ ရပ်တည်ချက်အတွက် စစ် တိုက်လိုစိတ်ရှိတဲ့ လက်နက်ကိုင် တပ်သားကို ဆိုလိုပါတယ်။ သာမန်အခြေအနေမှာ ပဋိပက္ခ အရင်းကော၊ လုပ်အားကော ပဋိပက္ခအကြိုကာလမှာ စနစ်တကျ စုဆောင်းထားမှုအပေါ် မူတည်ပြီး အစိုးရဖက်က သာသယောင်ရှိ ပါတယ်။ ဒါပေမဲ့ လက်နက်ကိုင် ပဋိပက္ခဟာ ကာလရှည် ဖြစ်ပွားပါတယ်။ ပဋိပက္ခ ပြင်းထန် လာတာ နဲ့အမျှ ပဋိပက္ခ အရင်းနဲ့ လုပ်အားကို ပြန်လည်ဖြည့်တင်းဖို့ လိုအပ်ချက်က ကြီးမားလာပါတယ်။ ဒီနေရာမှာ ဘယ်ဖက်က ဘယ်လောက် အတိုင်းအတာနဲ့ မြန်မြန်ဆန်ဆန် ပြန်ဖြည့်တင်းနိုင်သလဲ အပေါ်မူတည်ပြီး အနိုင် အရှုံးပေါ်ပါတယ်။ နှစ်ဖက်လုံးက ပဋိပက္ခ အရင်းနဲ့ လုပ်အားကို ထပ်ခါထပ်ခါ ဖြည့်တင်းနိုင်တဲ့ အနေအထား

Copyright © 2025. Economic Education Program, Inya Economics.

မျိုးမှာ အနိုင်အရှုံး မသဲကွဲပါဘူး။ ရလဒ်အနေနဲ့ ပြည်တွင်းစစ် ရှည်ကြာပါတယ်။ အစိုးရဖက်က အုပ်ချုပ်မှုအောက်မှာရှိတဲ့ လူဦးရေထံက ရတဲ့ အခွန်နဲ့ ပဋိပက္ခ အရင်းနဲ့ လုပ်အားကို ပြန်လည် ဖြည့်တင်းပါတယ်။ လက်နက်ကိုင်တပ်တွေ အနေနဲ့တော့ ဒီလောက် မရိုးရှင်းပါဘူး။

အစိုးရမဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ပဋိပက္ခအရင်း ရစရာ ဇင်းမြစ်သုံးခုရှိပါတယ်။ ပထမတစ်ခု က မိမိတို့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ လူထုနဲ့ ငွေကြေးအဖြစ် အလွယ်တကူ ပြောင်းနိုင်တဲ့ သဘာဝ အရင်းအမြစ်တွေဖြစ်ပါတယ်။ ဒုတိယတစ်ခုက ယခင် ပဋိပက္ခကာလ တွေမှာ ပါဝင်ခဲ့တဲ့ (သို့) ပဋိပက္ခရဲ့ အကျိုးဆက်တွေကြောင့် နယ်မြေရပ်ခြား တိုင်းတစ်ပါး ( အထူးသဖြင့် မြောက်အမေရိကားနဲ့ ဥရောပ ကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံများ) ကိုရောက်သွားကြပေမဲ့ ယုံကြည်ချက်ခိုင်မာသေးတဲ့ လူဦးရေ တစ်ခုဖြစ်ပါတယ်။ **(Diaspora)** လို့ သုံးနှုန်းပါတယ်။ တတိယကတော့ နိုင်ငံရေး/ စီးပွားရေး အကျိုးအမြတ်အတွက် မိမိ ဩဇာအာဏာကို ဖြန့်ကျက်ချင်တဲ့အခါမှာ အင်အားကြီးနိုင်ငံတွေက လျှို့ဝှက်စွာပေးတဲ့ အထောက်အပံ့ ဖြစ်ပါတယ်။ စစ်အေး ခေတ်ကာလမှာ ဒီလို အထောက်အပံ့တွေနဲ့ အင်အားကြီးနိုင်ငံအချင်းချင်း အားပြိုင်မှုတွေကနေ ပြည်တွင်းစစ်တွေ အများကြီး ပေါ်ပေါက်ခဲ့ပါတယ်။ စစ်အေးကာလ အလွန်မှာတော့ ဒီလိုပဋိပက္ခအရင်း ထောက်ပံ့တာ နည်းသွားလို့ ပြည်တွင်းစစ် အရေအတွက် ကမ္ဘာအနှံ့ နည်းသွားတယ်ဆိုပေမဲ့ လုံးဝမရှိတော့ဘူးလို့ မပြောနိုင်ပါဘူး။ (အင်အားကြီးနိုင်ငံ တစ်နိုင်ငံရဲ့ အိမ်နီးချင်း ဖြစ်တဲ့ မိမိတို့ အသိဆုံး ဖြစ်မယ် ထင်ပါတယ်။)

ပဋိပက္ခ အရင်းအတွက် ရင်းမြစ်သုံးခု အတိုင်းအတာတစ်ခု နဲ့ ပြည့်စုံတဲ့ အခါမှာ လက်နက်ကိုင် အဖွဲ့တွေ ပေါ်ပေါက်လာဖို့ ရပ်တည်ဖို့နဲ့ အချိန်နဲ့အမျှ ကုန်ဆုံးသွားတဲ့ ပဋိပက္ခ အရင်းကို ဖြည့်တင်းဖို့ လွယ်ကူပါတယ်။ ရလဒ်အနေနဲ့ ပြည်တွင်းစစ်ဖြစ်ဖို့ အင်မတန် လွယ်ကူပါတယ်။ **ဒါကြောင့် ပြည်တွင်းစစ်တွေမှာ နိုင်ငံရေး မကျေနပ်ချက်တွေက အပေါ်ယံ ဖြစ်လေ့ရှိပြီး ပဋိပက္ခ အရင်းအမြစ်ရှိမှု၊ မရှိမှုက အဓိက ကျပါတယ်။**

## ၅။ ချဉ်းကပ်မှု နည်းနာ

ဘောဂဗေဒချဉ်းကပ်မှုတိုင်းက ကိန်းဂဏန်းအချက်အလက်တွေကို အခြေခံပါတယ်။ ကမ္ဘာဘဏ်ရဲ့ အစီအစဉ်အောက်မှာ ကိုလီယာနဲ့ ဟော်ဖလာက ၁၉၆၀ ကနေ ၁၉၉၉ အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရတဲ့ နိုင်ငံ ပေါင်း (၃၀) ကျော်ရဲ့ အချက်အလက်မျိုးစုံကို ကောက်ယူ စုဆောင်းခဲ့ပါတယ်။ လူများစုကွဲပြားမှု၊ ပဋိပက္ခ အရွယ်အစား၊ သဘာဝ အရင်းမြစ်ပို့ကုန် အချိုးအစားနဲ့ ပမာဏ၊ စစ်မှုထမ်းနိုင်တဲ့ လူဦးရေ၊ နိုင်ငံသား ပျမ်းမျှဝင်ငွေ၊ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း၊ စာတတ်မြောက်မှုနှုန်း၊ လူဦးရေ အရွယ်အစား၊ တိုးပွားမှုနှုန်းနဲ့ ပျံ့နှံ့မှုပုံစံ၊ တိုင်း တပါးရောက် လူမျိုးစုပမာဏ စသည်တို့ ပါဝင်ပါတယ်။ ဒီကိန်းရှင်တွေကို တိုင်းတာနိုင်တဲ့ **(Index)** တွေသုံး ကောက်ယူပြီးနောက်မှာ ပြည်တွင်းစစ် ဖြစ်ပွားတဲ့ အကြိမ်ရေနဲ့ **(Logistic Regression)** သုံးကာ ဘယ်လိုဆက်စပ်တယ်

Copyright © 2025. Economic Education Program, Inya Economics.

ဆိုတာကို **(Correlation)** တိုင်းတာ ပါတယ်။ ဆက်စပ်မှု ပမာဏကြီးမားတဲ့အခါမှာ အန္တရာယ်ရှိတဲ့ **risk factor** အဖြစ် သတ်မှတ်ပြီး ဆက်စပ်မှု ပမာဏ နည်းတဲ့ အခါမှာတော့ အဲ့ဒီ ကိန်းရှင်အုပ်စုကို ပြည်တွင်းစစ် ဖြစ်နိုင်တဲ့ အကြောင်းအရင်း စာရင်းထဲကနေ ပယ်ဖျက်ပါတယ်။ ရလာတဲ့ ကိန်းရှင်တွေထဲမှာ အန္တရာယ် အဖြစ်နိုင်ဆုံး ကိန်းရှင်တွေ (အဆိုးဆုံး အခြေအနေ) တွေကို စုပေါင်းပြီး သင်္ချာနည်းနဲ့ ဖန်တီးတွက်ချက် ကာ နိုင်ငံတစ်ခုမှာ စစ်ဖြစ်နိုင်ချေ ဘယ်လောက်ရှိလဲ တိုင်းတာပါတယ်။ အဆိုးဆုံး ရေခံ မြေခံ **(worst characteristics)** တွေချည်း ထည့်သွင်း တွက်ချက်တဲ့အခါမှာ စစ်ဖြစ်နိုင်ချေက ၉၉ ရာခိုင်နှုန်း ရှိပါတယ်။ ဥပမာ- လူမျိုးစု မတူကွဲပြားမှုကြောင့် ပြည်တွင်းစစ် ဖြစ်၊ မဖြစ် သိချင်ရင် လူမျိုးစု အရေအတွက်ကို **(Ethno-Linguistic Fractionalization Index - ELF)** နဲ့ တိုင်းတာ ပါတယ်။ ELF က လူဦးရေ တစ်ခုထဲမှာ ကျပန်းရွေးချယ်လိုက်တဲ့ လူနှစ်ယောက်က လူမျိုးစုနဲ့ ဘာသာစကား တစ်အုပ်စုထဲ အတူတူမကျနိုင်ခြေကို တိုင်းတာပါတယ်။ ELF က ၀.၀၁ ဆိုရင် ကျပန်းရွေးချယ် လိုက်တဲ့ လူနှစ်ယောက်က လူမျိုးစုကွဲပြားနိုင်ခြေ၊ (မတူညီတဲ့ လူမျိုးနွယ်ဝင် နှစ်ယောက် ဖြစ်နိုင်ခြေ) ၁ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဆိုလိုတာကတော့ အင်မတန်မှ ကွဲပြားမှုနည်းတဲ့ လူဦးရေဖြစ်ပါတယ်။ ELF က ၁ ဖြစ်မယ် ဆိုရင်တော့ ကျပန်းရွေးချယ်လိုက်တဲ့ လူနှစ်ဦးက လူမျိုးစု ကွဲပြားနိုင်ခြေ ၁၀၀ ရာခိုင်နှုန်း ရှိပါတယ်။ လူဦးရေ တစ်ခုလုံးမှာ ပါဝင်တဲ့လူတိုင်း မျိုးစွယ်စု မတူတဲ့လူတွေ ဖြစ်နေမှ ရပါမယ်။ လက်တွေ့မှာ ဒါက မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ELF ကိန်းဂဏန်းကြီးမှုက မတူကွဲပြားမှုများတဲ့ လူဦးရေကို ကိုယ်စားပြုပါတယ်။ အကယ်၍ မတူကွဲပြားမှုက ပြည်တွင်းစစ်ကို ဖြစ်စေတယ် ဆိုရင် ELF မြင့်တဲ့ နိုင်ငံတွေမှာ ပြည်တွင်းစစ်ဖြစ်စရာ ရှိပါတယ်။ ဒါပေမဲ့ ဒေတာတွေ အရ ပြည်တွင်းစစ်တွေက ELF အလယ်အလတ်ရှိတဲ့နိုင်ငံတွေမှာ ဖြစ်လေ့ရှိပြီး တိတိကျကျ ပြော ရရင် ELF က ၀.၃၈ မှာ ပြည်တွင်းစစ် အန္တရာယ် အမြင့်ဆုံးဖြစ်ပါတယ်။ ဒီအတွက် ရှင်းပြချက် က လူမျိုးစု ကွဲပြားမှုတအားနည်းတဲ့ နိုင်ငံတွေမှာ အစိုးရနဲ့ လူထုအကြား လူမျိုးစုကို အခြေခံတဲ့ မကျေနပ်မှုတွေ နည်းလေ့ ရှိပြီး နိုင်ငံရေးနည်းအရ ဖြေရှင်းလို့ရတဲ့ အလားအလာ အားကောင်းပါတယ်။ လူမျိုးစု ကွဲပြားမှု တအားကြီး သွားတဲ့အခါမှာတော့ အစိုးရနဲ့ လူမျိုးစုခွဲငယ်ကလေးတွေကြားက ပဋိပက္ခကို ဖြေရှင်းတဲ့နေရာမှာ လူမျိုးစု ခွဲကလေးတွေကြားမှာ **ပူးပေါင်းဆောင်ရွက်ရမှု အတွက် စရိတ် (Cost of Coordination)** က အင်မတန် ကြီးမားပါတယ်။ ဒါကြောင့် လိုချင်တဲ့ ရလဒ်ထွက်ဖို့ အလားအလာ နည်းပါးပါတယ်။ လူမျိုးစု အရည်အတွက် အသင့်အတင့် ရှိတဲ့နိုင်ငံတွေမှာတော့ လုံလောက်တဲ့ ပဋိပက္ခ အရင်းနဲ့ လုပ်အား ရှိမယ်ဆိုရင် ပြည်တွင်းစစ် ဖြစ်ဖို့ အလားအလာ ကောင်းပါတယ်။

လူနာတွေ ဆေးခန်းပြတဲ့အခါမှာ ရောဂါလက္ခဏာတွေကို ကြည့်ပြီး ဆရာဝန်တွေက ရောဂါသတ်မှတ်ရသလို **(Diagnosis)** ပြည်တွင်းစစ် ဖြစ်ပွားနိုင်တဲ့ လက္ခဏာတွေကို ကြည့်ပြီး ဘယ်လောက် စစ်ဖြစ်နိုင်ချေရှိလည်း တိုင်းတာပါတယ်။ ရောဂါသတ်မှတ်တာ မှန်ကန်မှ ထိရောက်တဲ့ ကုသမှု ပေးနိုင်မှာ ဖြစ်သလို ပြည်တွင်းစစ်

Copyright © 2025. Economic Education Program, Inya Economics.

ဖြစ်စေနိုင်တဲ့ အကြောင်းအရာတွေကို မှန်မှန်ကန်ကန် သိနိုင်မှ စစ်ဖြစ်နိုင်တဲ့ အလားအလာတွေ ကို လျော့ချ နိုင်မှာ ဖြစ်ပါတယ်။

## ၆။ ပြည်တွင်းစစ် အတွက် အခြေအနေကောင်း (ဆိုး) များ၊ Risk Factors

အခု ကိုလီယာနဲ့ ဟော်ဖလာ တို့ လုပ်ခဲ့တဲ့ သုသေသနတွေကနေ ဒေတာတွေအရ ပြည်တွင်းစစ် ဖြစ်နိုင်ချေ များစေမဲ့ အချက်တွေကို အရေးပါမှုအရ အစဥ်လိုက် ပြောပြပါမယ်။

### ၆.၁။ သယံဇာတ ပို့ကုန်ကို မှီခိုရမှု (Primary Commodity Export Dependency)

ကုန်ချောဖြစ်အောင် (Value Added) အရင်း သိပ်ထည့်စရာမလိုပဲ ငွေကြေးအဖြစ် အလွယ်တကူ ကူးပြောင်းလို့ရတဲ့၊ အလွယ်တကူ သိမ်းဆည်းလို့ရတဲ့၊ အခွန်အဖြစ် အလွယ်တကူ ကောက်ခံလို့ရတဲ့ သံယံဇာတ ကုန်စည်မျိုးကို ဆိုလိုပါတယ်။ ရေနံ၊ ကျွန်းသစ်၊ ရတနာ စိန်ကျောက်၊ ဓာတ်သတ္တု စတာတွေပါဝင်ပါတယ်။ အကယ်၍ နိုင်ငံတစ်နိုင်ငံရဲ့ သံယံဇာတ ကုန်စည်တင်ပို့မှုက GDP ရဲ့ ၃၀ ရာနှုန်းရှိမယ်ဆိုရင် အဲ့ဒီနိုင်ငံမှာ ပြည်တွင်းစစ် ဖြစ်ဖို့ အလားအလာ ရှိပါတယ်။ ပထမအနေနဲ့ ဒီလို ကုန်စည်တွေက နိုင်ငံတွေရဲ့ ကုန်းတွင်းပိုင်း တွေမှာ ရှိလေ့ ရှိပါတယ်။ နောက်ပြီး ရွှေ့ပြောင်း သယ်ဆောင် လို့မရတဲ့ (immobile assets) တွေဖြစ်ပါတယ်။ မိုင်းတွင်းတွေ၊ ရေနံတွင်းတွေကို လုံခြုံတဲ့နေရာမှာ စုသိမ်း ထားလို့မရပါဘူး။ မြေမျက်နှာသွင်ပြင် ပထဝီအရ ရှိချင်သလို ရှိနေခြင်းဖြစ်ပါတယ်။ အကယ်၍ နိုင်ငံရဲ့ဝင်ငွေက ဒီလို ကုန်စည်တွေ တင်ပို့မှုကနေ အဓိက လာတယ်ဆိုရင် ဒီလို ကုန်စည်တွေရှိတဲ့ ကုန်းမြင့် (သို့) နယ်စပ်ဒေသတွေကနေ တင်ပို့ဖို့ ဆိပ်ကမ်း (သို့) အလားတူ ကုန်သွယ်ရေး အတွက် အချက်အခြာ ဒေသတွေကို ရောက်ဖို့ အဆင့်ဆင့် ဖြတ်သန်းရပါတယ်။ ဒီ ကုန်စည်တွေကို ဒေသခံ လူထု (သို့) လူမျိုးစုတွေနဲ့ အညီအမျှ ခွဲဝေခြင်းမရှိပဲ အစိုးရကပဲ လက်ဝါးကြီးအုပ် ထားမယ်ဆိုရင် နိုင်ငံရေး မကျေနပ်ချက်တွေ ပေါ်ပေါက်လာနိုင်ပါတယ်။ ဉပမာ- ကြေးနီကို အခြေခံပြီး ယခု ကွန်ဂိုနိုင်ငံ (ယခင် - ဇိုင်ယာ) က ကာတာဂန် ခွဲထွက်ရေး လှုပ်ရှားမှု၊ ရေနံကို အခြေခံပြီး နိုင်ဂျီးရီးယား မှာ ဖြစ်ခဲ့တဲ့ ဘိုင်ယာဖရန် ခွဲထွက်ရေး လှုပ်ရှားမှုတို့ဖြစ်ပါတယ်။ ဒီ မကျေနပ်ချက်တွေကို လက်နက် ကိုင်နည်းနဲ့ ဖြေရှင်းမယ်ဆိုရင် အစိုးရရဲ့ မြေပြင် ထိန်းချုပ်မှု အားနည်းတဲ့အခါမှာ အဓိကပို့ကုန် တင်ပို့ရာ လမ်းကြောင်းက အရေးကြီးတဲ့ **(Choke-points)** တစ်ခုခုကို လက်နက်ကိုင်တပ်တွေ ထိန်းချုပ်နိုင်တဲ့အခါ မျိုး၊ အလားအလာမျိုးမှာ ပဋိပက္ခ တာရှည်နိုင်ပါတယ်။ အကယ်၍ နယ်စပ်ဒေသတွေမှာပဲ ဒီလို အဓိက ပို့ကုန်တွေရှိနေရင်တော့ လက်နက်ကိုင် အင်အားစုတွေအနေနဲ့ ပိုရပ်တည်ရလွယ်ပါတယ်။ ပဋိပက္ခအရင်းကို အချိန် နဲ့အမျှ ဖြည့်တင်းဖို့ ဒီအဓိကပို့ကုန်တွေကို အသုံးချရပါတယ်။ အကယ်၍ အစိုးရကလဲ ပဋိပက္ခအရင်း အတွက် ဒီလိုမှီခိုရတယ်ဆိုရင် ဒီဒေသတွေကို ထိန်းချုပ်နိုင်ဖို့ အရေးကြီးပါတယ်။ အပေါ်က **(Choke-points)** တွေကို ကာကွယ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်


Copyright © 2025. Economic Education Program, Inya Economics.

တွေကို လေ့လာလိုက်ရင် အဓိကပို့ကုန်ထွက်တဲ့ ဒေသတွေ၊ ဒီပို့ကုန်တွေကို တင်ပို့မဲ့ ကုန်သွယ်ရေး အချက်အခြာဒေသတွေရဲ့ အနီးအနားဝန်းကျင်တွေမှာ ဖြစ် လေ့ရှိပါတယ်။ ဒါက နှစ်ဖက်တပ်တွေရဲ့ ပဋိပက္ခအရင်း ဖြည့်တင်းဖို့ အပြိုင်ကြိုးပမ်းမှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ အစိုးရရဲ့ဝင်ငွေက သံယံဇာတ ပို့ကုန်အပေါ်မှာ အများကြီး မှီခိုနေရတယ်ဆိုရင် ဒီပို့ကုန်ထွက်ရာဒေသတွေ အပေါ် ဘယ်လောက်ထိန်းချုပ် နိုင်သလဲ အပေါ်မူတည်ပြီး ပဋိပက္ခရဲ့ ရလဒ်က အဖြေထွက်ပါတယ်။ ဥပမာ- အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံး ရေနံထွက်ပါတယ်။ ဒါပေမဲ့ ရေနံထွက်ရာဒေသတွေကို ၁၀၀ ရာခိုင်နှုန်း ထိန်းချုပ်နိုင်တဲ့ ဆော်ဒီအာရေဗျနဲ့ ကူဝိတ်တို့လို နိုင်ငံတွေမှာ နိုင်ငံရေး မကျေနပ်မှုတွေရှိနေသည့်တိုင် လက်နက်ကိုင်တပ်ဖွဲ့တွေ ပေါ်ပေါက်လာဖို့ အခွင့်အလမ်းနည်းပါတယ်။ ဒါပေမဲ့ ရေနံတွင်းတွေကို အစိုးရက ရာနှုန်းပြည့် မထိန်းချုပ်နိုင်တဲ့ အီရန်နဲ့ အီရတ်မှာ လက်နက်ကိုင် ပဋိပက္ခတွေ အများကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ပြည်တွင်းစစ် ဖြစ်၊ မဖြစ်က ပဋိပက္ခ အရင်း ရနိုင်၊ မရနိုင်အပေါ် မူတည်နေတယ်ဆိုတဲ့ သာဓကတစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် ရုံဖန်ရံခါဆိုသလို ဒီလို သယံဇာတပို့ကုန်တွေ တည်ရှိနေတဲ့ ဒေသတွေမှာ သန္ဓေမမှန်တဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေ ပေါ်ပေါက်ဖို့အတွက် အများကြီး မက်လုံးရှိပါတယ်။ (ဥပမာ- အာဖရိကက သွေးစွန်းစိန် ရောင်းဝယ်ရေး လုပ်တဲ့ ဓားပြသာသာ လက်နက်ကိုင်များ)၊ နိုင်ငံရေး ရပ်တည်ချက်ခိုင်မာတဲ့ အဖွဲ့တွေက ပဋိပက္ခအရင်း ဖြည့်တင်းဖို့ အဓိကပို့ကုန်တွေကို မှီခိုပါတယ်။ ဒါပေမဲ့ သန္ဓေမမှန်တဲ့ လက်နက်ကိုင်အဖွဲ့တွေကတော့ ဒီအဓိကပို့ကုန်တွေကို လိုချင်လို့ကို လက်နက်ကိုင်နေတာ ဖြစ်ပါတယ်။ သူတို့ကလည်း ပဋိပက္ခအရင်းကို တန်ဖိုးကြီးပို့ကုန်တွေနဲ့ ဖြည့်တည်းဖို့ လွယ်ကူတာမို့ သက်ဆိုးရှည် ဖို့လွယ်ကူပါတယ်။ ဒါကြောင့် သံယံဇာတပေါများတဲ့ နိုင်ငံတွေ ဖြစ်ပါလျက်နဲ့ ပဋိပက္ခထူပေါတာ၊ ရာဇဝတ်မှုတွေ အလွန်များလို့ လူမှုဘဝ မလုံခြုံတာ၊ လူ့သက်တမ်းတိုတာ၊ ပညာရေး၊ ကျန်းမာရေး ချွတ်ခြုံကျတာတွေကို အမြဲ တွေ့ရပါတယ်။ ဒီအဆိုးကျော့ သံသရာကြီးကနေ ဖောက်မထွက်နိုင်တာကို ပညာရှင်တွေကတော့ သယံဇာတကျိန်စာ **(Resource Curse)** သင့်တယ်လို့ သတ်မှတ်ကြပါတယ်။

### ၆.၂။ ဝင်ငွေနည်းပါးခြင်း (Low Income)

ပြည်တွင်းစစ် ကြာချိန်ကို တစ်ဦးချင်း ပျမ်းမျှဝင်ငွေက သက်ရောက်မှုရှိပါတယ်။ ပျမ်းမျှဝင်ငွေ နည်းပါးမှုက လက်နက်ကိုင်တပ်ဖွဲ့နှစ်ခုလုံးကို တပ်သားသစ်စုဆောင်းတဲ့ နေရာမှာ (လုံလောက်တဲ့ မက်လုံးလဲ ပေးမယ် ဆိုရင်) လွယ်ကူစေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမယ်ဆိုရင်၊ အခြေခံအလုပ်လုပ်ဖို့ လုံလောက်တဲ့ ကျွမ်းကျင်မှုတွေကို သင်ကြားပေးနိုင်တဲ့ အနိမ့်ဆုံး အထက်တန်းပညာရေး တောင် မဖွံ့ဖြိုးဖူးဆိုရင် အလုပ်လက်မဲ့ လူအုပ်ကြီးဟာ တိုင်းတစ်ပါး ကို ရွှေ့ပြောင်းအလုပ်လုပ်ရပါတယ်။ အကယ်၍ တိုင်းတစ်ပါး ကို ရွှေ့ပြောင်း လုပ်ကိုင်ဖို့ မလွယ်ကူရင်၊ လက်နက်ကိုင်တပ်တွေကလဲ လုံလောက်တဲ့ မက်လုံးကို ပေးမယ်ဆိုရင် ဒီလူတွေဟာ လက်နက်ကိုင် ပဋိပက္ခတွေထဲကို ဆွဲသွင်းခံရလေ့ရှိပါတယ်။ အထူးသဖြင့် အာဖရိကမှာ ဒီလို မက်လုံးတွေနဲ့ သန္ဓေမမှန်တဲ့ လက်နက်ကိုင်တပ်တွေက ပဋိပက္ခလုပ်အားကို ရှာဖွေလေ့ရှိပါတယ်။ နောက် တစ်ချက်ကတော့ ဝင်ငွေ

နည်းပါးတဲ့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံတွေမှာ အင်စတီကျူးရှင်း အားနည်းမှု ကြောင့် အစိုးရက အခွန်ကောက် နိုင်စွမ်း နည်းပါးပါတယ်။ နောက်ပြီး ဒီနိုင်ငံတွေရဲ့ အခွန်ရနိုင်တဲ့ ရင်းမြစ်က အဓိက သယံဇာတပို့ကုန်အများစု ဖြစ်ပါတယ်။ အခြား အခွန်ရစရာ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ မရှိသလောက် နည်းပါးပါတယ်။ ဒါကြောင့် အစိုးရရဲ့ ဘဏ္ဍာငွေပမာဏကလည်း နည်းပါးပါတယ်။ ရလဒ်အနေနဲ့ အစိုးရရဲ့ ပဋိပက္ခအရင်းနဲ့ လုပ်အားကို မြန်မြန်ဆန်ဆန် ဖြည့်တင်းဖို့ရာ အားနည်းပါတယ်။ တစ်နည်းအားဖြင့် ဆင်းရဲတဲ့ နိုင်ငံတွေမှာ စစ်တပ်နဲ့ ရဲတပ်ဖွဲ့တွေက အားနည်းလေ့ရှိပြီး တရားဥပဒေ စိုးမိုးမှုပြဿနာ ရှိပါတယ်။ ဒီလို အနေအထားမှာ ဒေသခံစစ်ဘုရင်တွေ ပေါ်ပေါက်လာပါတယ်။ ဥပမာ- OECD နိုင်ငံတွေ ဝင်ငွေရဲ့ ပျမ်းမျှ (၄၀) ရာခိုင်နှုန်းကို အခွန်အဖြစ် ကောက်ခံနိုင်တဲ့အချိန်မှာ ဂါနာနဲ့ ယူဂန်ဒါ တို့လို နိုင်ငံတွေမှာ ပျမ်းမျှ (၆) ရာခိုင်နှုန်းကိုပဲ ကောက်ခံနိုင်ပါတယ်။ ဒီထဲက တစ်ဝက်က အဓိကပို့ကုန် တွေက နေလာပါတယ်။ ရလဒ်အနေနဲ့ ဂါနာနဲ့ ယူဂန်ဒါမှာ လက်နက်ကိုင်ပဋိပက္ခတွေ မကြာခဏ တွေ့ရလေ့ရှိပါတယ်။ တစ်ဦးချင်း ဝင်ငွေ မြင့်မားတဲ့ နိုင်ငံတွေမှာ လက်နက်ကိုင်လမ်းစဉ် ပေါ်ပေါက်ဖို့ ခက်ခဲပါတယ်။ နိုင်ငံရေးအရ အစိုးရကို မကျေနပ် ချက်ရှိသည့်တိုင် ကိုယ်တိုင်ကိုယ်ကျ လက်နက်ကိုင်လမ်းစဉ်မှာ ပါဝင်ဖို့အတွက် စွန့်လွှတ်ရမဲ့ အလုပ်အကိုင်၊ ဝင်ငွေတွေက ကြီးမားပါတယ်။ **ဒါကြောင့် ပြည်တွင်းစစ်အများစုဟာ ဆင်းရဲတဲ့ နိုင်ငံတွေမှာ ဖြစ်ပါတယ်။**





**အာဖရိကတိုက်ရှိ ဖြစ်ပွားဆဲ ပဋိပက္ခများပြ မြေပုံ** (Eric Gaba)

Copyright © 2025. Economic Education Program, Inya Economics.

### ၆.၃။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးခြင်း (Slow Growth)

ဖွံ့ဖြိုးမှုနှုန်း နှေးကွေးတဲ့ အခါမှာ လူတွေရဲ့ လူမှုဘဝက ကျပ်တည်းပါတယ်။ တစ်ချိန်တည်းမှာ လူဦးရေး တိုးပွားတဲ့နှုန်းက တရှိန်ထိုး တိုးတက်နေမယ်ဆိုရင် အကန့်အသတ်ရှိတဲ့ စီးပွားရေးမှာ အလုပ်လက်မဲ့နှုန်းက ပိုများလာပါတယ်။ နှစ်ပေါင်းများစွာ စားဝတ်နေရေးကျပ်တည်းလာတဲ့အခါမှာ တာဝန်ရှိတဲ့ အစိုးရအပေါ် မကျေနပ်ချက်တွေ ပိုကြီးမားလာပါတယ်။ ပဋိပက္ခ အထွတ်အထိပ်ကာလကို မရောက်ခင် စပ်ကြားကာလတွေကို လေ့လာရင် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မရှိသလောက်နည်းတဲ့ ဆင်းရဲကျပ်တည်းတဲ့ ကာလတွေ ဖြစ်လေ့ရှိပါတယ်။ ဥပမာ- အန်ဂိုလာ (၁၉၇၀-၇၄)၊ ဒီအာစီကွန်ဂို (၁၉၉၀-၉၅)၊ အီရန် (၁၉၇၅-၇၉) နဲ့ အီရတ် (၁၉၇၅ - ၈၀) ဖြစ်ပါတယ်။ နောက်ဆုံး စားဝတ်နေရေးကျပ်တည်းလွန်းလို့ မကျေနပ်ချက်တွေ သိပ်ပြင်းထန်လာတဲ့ အခါမှာ ဒီ မကျေနပ်ချက်တွေကို ကိုယ်စားပြုတဲ့ ခေါင်းဆောင်မှုလည်းရှိမယ်၊ လုံလောက်တဲ့ ပဋိပက္ခ အတွက် အရင်းလည်း ရှိမယ်ဆိုရင် လက်နက်ကိုင်ပဋိပက္ခက မလွဲမသွေ ဖြစ်ပါတယ်။ ၁၉၇၅ မှာ လွတ်လပ်ရေးရ အပြီး အန်ဂိုလာမှာ ပြည်တွင်းစစ်တန်းဖြစ်ပါတယ်။ ၁၉၉၆ မှာ ဒီအာစီကွန်ဂိုမှာ အာဏာရှင် မိုဘူတူကို ဖြုတ်ချတာကနေ စခဲ့တဲ့ ပြည်တွင်းစစ်ဟာ တခြား အာဖရိကနိုင်ငံတွေကပါ ပါဝင်ရတဲ့ ပထမကွန်ဂို စစ်ပွဲအထိ အသွင်ပြောင်းသွားပါတယ်။ ၁၉၇၉ မှာ ပါလာဗီမင်းဆက် အုပ်ချုပ်နေတဲ့ အီရန်မှာ အစ္စလာမ်မစ် တော်လှန်ရေး ပေါ်ပေါက်ခဲ့ပြီး ဘုရင်စနစ် ကနေ ရှီယာအုပ်ချုပ်မှုအဖြစ် အသွင်ပြောင်းသွားပါတယ်။ နောက်ဆက်တွဲဖြစ်စဉ်ကတော့ တဖက်မှာလည်း ဆင်းရဲမွဲတေမှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ဆူနီ အီရတ်မှာ ဆာဒမ်ဟူစိန်ရဲ့ အာရုံလွှဲလိုလွှဲငြား ကြိုးပမ်းမှုအနေနဲ့ ရှီယာမူဆလင်တွေ အုပ်ချုပ်နေပြီဖြစ်တဲ့ အီရန်ကို ၁၉၈၀ မှာ ဝင်တိုက်လို့ လေးနှစ်ကြာ အီရန်-အီရတ် စစ်ပွဲ ဖြစ်ပွားရပါတယ်။ ဖြစ်စဉ်အားလုံးမှာ တူညီနေတဲ့ အချက်ကတော့ အကျင့်ပျက် ခြစားတဲ့ အုပ်ချုပ်သူတွေ






**၁၉၇၉ အီရန် အစ္စလာမ်မစ် တော်လှန်ရေး (ဘယ်) နှင့် ပထမ ကွန်ဂို စစ်ပွဲပြမြေပုံ (ညာ)** (pics- Wikipedia)

Copyright © 2025. Economic Education Program, Inya Economics.

အောက်မှာ ကြာလရှည်ကြာ စားဝတ်နေရေး ကျပ်တည်းမှု ဖြစ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးမှုနှုန်း တိုးတက်မှု မရှိတာ၊ နေးကွေးနေတာကလည်း ပြည်တွင်းစစ်ဖြစ်ဖို့ အားပေးရာကျပါတယ်။ **ပြည်တွင်းစစ်ဖြစ်လို့ ဆင်းရဲရတာထက် ဆင်းရဲမွဲတေမှုကြောင့် ပြည်တွင်းစစ် ပိုဖြစ်ရပါတယ်။ ဆင်းရဲမွဲတေမှုက အကြောင်း၊ ပြည်တွင်းစစ်က အကျိုးဖြစ်ပါတယ်။**

## ၆.၄။ လူမျိုးကြီး လွှမ်းမိုးမှုရှိခြင်း (Ethnic Dominance)

လူမျိုးစု စုံလင်ကွဲပြားမှု **(Ethnic Diversity)** က ပြည်တွင်းစစ် မဖြစ်စေပါဘူး။ လူမျိုးကြီးလွှမ်းမိုးမှု က တော့ ပြည်တွင်းစစ်ကို ကျိန်းသေ ဖြစ်စေနိုင်ပါတယ်။ လူမျိုးစုံ စုံလင်ကွဲပြားမှုက ပြည်တွင်းစစ် ဖြစ်မဲ့ အလား အလာကို နိမ့်ကျစေပါတယ်။ ဆိုခဲ့သည့်အတိုင်း ပဋိပက္ခမှာပါဝင်တဲ့ အဖွဲ့တွေများလေ၊ သူတို့ကြားထဲက ပူးပေါင်း ဆောင်ရွက်ရမှုအတွက် စရိတ် **(Cost of Coordination)** က ကြီးလေဖြစ်ပါတယ်။ နောက်ပြီး လူမျိုးစုကို ကိုယ်စားပြုမယ်ဆိုရင် အဖွဲ့ကွဲကလေးတွေများလေ လက်နက်ကိုင် အရွယ်အစား သေးငယ်လေ ဖြစ်ပါတယ်။ ဥပမာ အာဖရိက အလယ်ပိုင်းမှာ ဘာသာစကားတူတဲ့ လူမျိုးစုတစ်ခုမှာ ပျမ်းမျှ အားဖြင့် လူဦးရေ နှစ်သိန်းခွဲရှိပါတယ်။ ဒီထဲက ၁၀ ရာခိုင်နှုန်းကပဲ လက်နက်ကိုင်နိုင်တဲ့ ယောက်ျားသား အရွယ် ကောင်း တွေဖြစ်ပါတယ်။ ဒီအုပ်စုထဲက ၂၀ ရာခိုင်နှုန်း (စစ်မှုထမ်းနိုင်တဲ့ အရေအတွက်ရဲ့ ငါးပုံတစ်ပုံ) အထိ စုဆောင်း နိုင်ရင်တောင် အရေအတွက် အားဖြင့် ငါးထောင်ပဲရှိပါအုံးမယ်။ ဒီ ငါးထောင်နဲ့ ဗဟိုအစိုးရကို တစ်ဖွဲ့တည်း ဖြုတ်ချဖို့ မဖြစ်နိုင်ပါဘူး။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်နိုင်ပါမယ်။ အဖွဲ့ငယ်တွေ များလေ၊ ပူး ပေါင်းဆောင်ရွက်ဖို့ မလွယ်ကူလေ၊ အောင်နိုင်ဖို့ အလားအလာ နည်းပါးလေ ဖြစ်ပါတယ်။ ဘယ်အဖွဲ့ကမှ နိုင်ငံရေးအာဏာကို ရေရှည်မချုပ်ကိုင်နိုင်တာကြောင့် ဒီလို အနေအထားမှာ အာဏာကို ခွဲဝေကျင့်သုံးခြင်းက အလုပ်ဖြစ်ပါတယ်။ ကျိုးကြောင်းဆင်ခြင်တတ်တဲ့ လူမျိုးစု ခေါင်းဆောင်တွေဟာ လက်နက်ကိုင်လမ်းစဉ် အစား ငြိမ်းချမ်းရေးကို ရွေးချယ်ကြပါတယ်။ ဥပမာ - ကင်ညာ ဒေသက လူမျိုးစုတွေ ဘယ်သူ့ဘယ်သူကိုမှ မလွှမ်းမိုးနိုင် တဲ့အခါမှာ နိုင်ငံရေးအာဏာကို ငြိမ်းချမ်းတဲ့နည်းနဲ့ ခွဲဝေကျင့်သုံးကြပါတယ်။ ဒီလိုမဟုတ်ပဲ နိုင်ငံတစ်နိုင်ငံမှာ လူမျိုးစုတစ်စုက လူဦးရေရဲ့ ၆၀ ကနေ ၉၀ ရာခိုင်နှုန်း အထိရှိတဲ့အခါမှာ ကျန် လူနည်းစုအတွက် အခြေအနေက တစ်မျိုးပြောင်းသွားပါတယ်။ ဒီလို လူမျိုးကြီးတစ်ခုထဲက လူဦးရေအရ အသာစီးရတဲ့ အခါမှာ ကျန်လူနည်းစု တွေအပေါ် လွှမ်းမိုးဖို့ အကျိုးစီးပွားအရကော၊ လက်တွေ့အရပါ ဖြစ်နိုင်ခြေရှိပါတယ်။ အထူးသဖြင့် အဓိက ပို့ကုန်တွေက လူနည်းစုနေထိုင်ရာ ဒေသတွေမှာ ရှိတယ်ဆိုရင် ပိုဆိုးလေ့ရှိပါတယ်။ လူမျိုးကြီး၊ လူများစု လွှမ်းမိုးတဲ့ လက်နက်ကိုင်တပ်ရဲ့ ပဋိပက္ခအတွက် အရင်း ပြန်လည် ဖြည့်တင်းနိုင်စွမ်းဟာ ကျန်အဖွဲ့တွေထက် သာလေ့ရှိပါတယ်။ ဒါကြောင့် လူမျိုးကြီးတွေရဲ့ အကျိုးစီးပွားတွက်ချက်မှုမှာ စစ်က နောက်ဆုံး အဖြေဖြစ်လာ ပါတယ်။ တစ်ဖက် လူနည်းစုတွေကလည်း မိမိဒေသနဲ့ ဒေသထွက် ရင်းမြစ်တွေကို တစ်သက်လုံး လက်ဝါးကြီး

Copyright © 2025. Economic Education Program, Inya Economics.

အုပ် အမြတ်ထုတ်ခံရမဲ့ အဖြစ်ကို ငြိမ်ငြိမ်ပြီးကြည့်မနေပါဘူး။ ဒီနေရာမှာ လူမျိုးကြီးဖက်က ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေနဲ့ တောင်းဆိုချက်တွေအတွက် လမ်းဖွင့်ပေးထားရင်တောင် လူမျိုးစုတွေဖက်က ယုံကြည်ဖို့ ခက်ခဲပါတယ်။ လူဦးရေရဲ့ ၁၀၊ ၁၅ ရာခိုင်နှုန်းလောက်ပဲ ရှိတဲ့ လူမျိုးစုဟာ ဒီမိုကရေစီ နည်း ကျကျ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းကြမယ်ဆိုရင်တောင် သူတို့ရဲ့ တောင်းဆိုချက်တွေက လူများစုကို ကျော်ပြီး ဘယ်တော့မှ အလိုက်လျော မခံရပါဘူး။ ဆန္ဒပြမှုနဲ့လဲ မအောင်မြင်ကြပါဘူး။ ဒီနေမှာမှာ လက်နက်ကိုင် လမ်းစဉ်ကို ကိုင်စွဲဖို့ ဖြစ်လာပါတယ်။ ဒီမိုကရေစီ ရှိရင်တောင် လူများစုလွှမ်းမိုးမှု ရှိနေတဲ့ အခြေအနေမှာ ဒီမိုကရက်တစ် လမ်းစဉ်ကို လက်ခံဖို့ ခဲယဉ်းပါတယ်။ **ဒီမိုကရေစီကို မယုံလို့ မဟုတ်ပါဘူး။ သူလက်သူ့ခြေ လုပ်ကိုင်မယ့် လူများစုကြီးကို မယုံလို့ ဖြစ်ပါတယ်။** ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေရှိလျက်နဲ့ ပြည်တွင်း စစ်ဖြစ်ခဲ့တဲ့နိုင်ငံတွေကတော့ ရဝမ်ဒါ၊ ဘူရွန်ဒီနဲ့ အီသီယိုးပီးယား တို့ဖြစ်ပါတယ်။ နှစ်ဖက်လုံးက အကျိုးစီးပွား နဲ့ ဖြစ်နိုင်ချေ ရှိမရှိ တွက်ချက် ပြီး လက်နက်ကိုင် ပဋိပက္ခနည်းက ရည်ရွယ်ချက်အတွက် အလားအလာ ပိုရှိတယ်လို့ ဆုံးဖြတ်လိုက်တဲ့ အခါ မှာ ပြည်တွင်းစစ်မီး တောက်လောင်ပါတယ်။ ဒါဟာ လူမျိုးကြီး လွှမ်းမိုးမှု ရှိတဲ့ အနေအထားမှာ ဖြစ်လာရတဲ့ နောက်ဆက်တွဲဖြစ်ပါတယ်။ ELF = ၀.၃၈ (တစ်နည်း၊ ကျပန်း ရွေးချယ်လို့ လူနှစ်ယောက်က လူမျိုးစု တစ်ခုထဲက လာနိုင်ခြေ ၀.၆၂) ဟာ လူမျိုးကြီး လွှမ်းမိုးနိုင်ခြေကို ညွှန်းနေပါတယ်။ ဒါကြောင့် ELF က ၀.၃၈ မှာ ပြည်တွင်းစစ် ဖြစ်နိုင်ခြေ အများဆုံး ဖြစ်ပါတယ်။ **ပဋိပက္ခမဖြစ်ဖို့ လူနည်းစု အထူးအခွင့်အရေးတွေကို အကာအကွယ်ပေးဖို့ လိုအပ်ပါမယ်။**

## ၆.၅။ တိုင်းတစ်ပါးရောက်လူဦးရေနဲ့ ပဋိပက္ခ သမိုင်းကြောင်း (Diaspora and Conflict History)

ပြည်တွင်းစစ် မဖြစ်ဖူးတဲ့ နိုင်ငံတွေထက် တစ်ခါဖြစ်ဖူးတဲ့ နိုင်ငံတွေမှာ လက်နက်ကိုင်ပဋိပက္ခ ထပ်ဖြစ်ဖို့က ပျမ်းမျှအားဖြင့် ၄၀ ရာခိုင်နှုန်း ပိုပါတယ်။ ပဋိပက္ခ အဆိုးဆုံး အနေအထားမှာ စစ်ဘေးစစ်ဒဏ်သင့်ခဲ့တဲ့ လူထုဟာ တိုင်းတစ်ပါးကို ထွက်ပြေးခိုလှုံ ရပါတယ်။ ချမ်းသာတဲ့၊ တစ်ဦးချင်း ဝင်ငွေကောင်းတဲ့ နိုင်ငံတွေကို တိုက်ရိုက်သော်လည်းကောင်း၊ တတိယနိုင်ငံကနေ တစ်ဆင့်သော်လည်းကောင်း အရောက်သွားပြီး မိမိတို့ တိုးတက်ရာ တိုးတက်ကြောင်း လုပ်ကိုင်စားသောက်ကြရပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံက နိုင်ငံသားတွေနဲ့ တန်းတူ ပျမ်းမျှ ဝင်ငွေရှိလာတဲ့အခါမှာ မိခင်ဒေသမှာ ကျန်ခဲ့တဲ့ ဘဝတူအဖိနှိပ်ခံတွေရဲ့ ရှင်သန်ရပ်တည်ရေးအတွက် ပြန်လည် ကြည့်ရှုစောင်မပါတယ်။ ဒီထဲမှာ မိမိတို့ လူမျိုးစု အခွင့်အရေးတွေအတွက် ကိုယ်စားပြုနိုင်တဲ့ လက်နက်ကိုင် အဖွဲ့လည်း ရှိမယ်ဆိုရင် သူ့ကိုလည်း ကူညီထောက်ပံ့ပေးပါတယ်။ ပဋိပက္ခအရင်းကို ပြန်လည် ဖြည့်တင်းဖို့ ကူညီပေးပါတယ်။ အစိုးရကလည်း ဆက်လက် ဖိနှိပ်နေမယ်ဆိုရင် ပဋိပက္ခ ပြန်ဖြစ်ဖို့ အလားအလာ အများကြီးရှိပါတယ်။ အချိန်ကလည်း စကားပြောပါတယ်။ အကယ်၍ နောက်ဆုံး ပဋိပက္ခဖြစ်ခဲ့တဲ့ ကာလက သိပ် မကြာသေးဘူးဆိုရင် လူတွေကြားထဲမှာ နာကျည်းချက်တွေ၊ အတွေ့အကြုံဆိုးတွေက ရှင်သန်နေဆဲဖြစ် ပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

ဝေးသွားရင်တော့ ကြာရင် မေ့တတ်တဲ့ သဘောရှိတဲ့ လူတွေဟာ နောက်ထပ် ပဋိပက္ခအသစ်တွေ အပေါ် စိတ်ပါဝင်စားမှု လျော့နည်းသွားတက်ပါတယ်။

ဒီ ၅ ချက်ဟာ ပြည်တွင်းစစ် ဖြစ်စေရတဲ့ အကြောင်းအရင်းတွေကို စစ်ဆေးလိုက်တဲ့အခါမှာ ဒေတာတွေ အရ ဆက်စပ်မှု အရှိဆုံး ၅ ချက်ဖြစ်ပါတယ်။ ဒီငါးချက်လုံးနဲ့ ပြည့်စုံနေရင် ပြည်တွင်းစစ်ဟာ ကျိန်းသေ ဖြစ်နိုင်ပါတယ်လို့ ဆိုပါတယ်။ အလယ်အလတ် ဆက်စပ်မှုရှိတဲ့ အကြောင်းအရင်းတွေကတော့ လူဦးရေပေါက်ဖွားမှုနှုန်းမြင့်မားခြင်း၊ လူဦးရေ ပျံ့နှံ့မှုပုံစံမှုမမှန်ခြင်း (မြို့ပြကို အခြေခံတဲ့ လူဦးရေပုံစံထက် ဒေသတစ်ခုမှာ လူဦး ရေ အများကြီးရှိပြီး နယ်ဖက်လို့ ခေါ်တဲ့ ဒေသတွေမှာ မျိုးနွယ်စုတူတဲ့ လူတွေက စုစု၍ နေထိုင်ခြင်း)၊ မြေမျက်နှာသွင်ပြင်အရ အစိုးရ ဩဇာ အရောက်အပေါက်နည်းနိုင်တဲ့ တောင်တန်းဒေသတွေ ပေါများခြင်း၊ အထက်တန်းကျောင်းပြီးမြောက်မှုနှုန်း နိမ့်ကျခြင်းတို့ဖြစ်ပါတယ်။ (အထက်တန်းပြီးမြောက်သူ တစ်ဆယ်ရာခိုင်နှုန်းတက်သွားတိုင်း ပဋိပက္ခ ဖြစ်နိုင်ချေ သုံးရာခိုင်နှုန်း လျော့ကျပါတယ်။) ဆက်စပ်မှု အားနည်းတဲ့ အကြောင်းအရင်းတွေကတော့ ဒီမိုကရေစီစနစ်ရှိခြင်း၊ မရှိခြင်း၊ ဝင်ငွေ မညီမျှမှု ကြီးမားခြင်း၊ လူမျိုးစု အရေအတွက်တို့ ဖြစ်ပါတယ်။

## ၇။ ပဋိပက္ခ စရိတ်သက်သာဖို့ ဇာတ်ကြောင်း (narrative) ကို ဖန်တီးရခြင်း

ရေရှည်မှာ စစ်ကို ဘယ်အဖွဲ့က နိုင်မလဲဆိုတာ ပဋိပက္ခအရင်း ဘယ်သူပို ထုတ်နိုင်၊ ပြန်လည်ဖြည့်တင်း နိုင် မလဲ ဆိုတာ အပေါ်မူတည်ပါတယ်။ စရိတ် သက်သာလေ ပဋိပက္ခ အရင်းပြန်လည် ဖြည့်တင်းဖို့ နည်းလေ ဖြစ်ပါတယ်။ ဒီနေရာမှာ ပဋိပက္ခအတွက် စရိတ်က သုံးနေရာပဲရှိပါတယ်။ လက်နက်ခဲယမ်း၊ တပ်သားသစ် စုဆောင်းခြင်းနဲ့ ဘုံရန်သူတူ လက်နက်ကိုင်အဖွဲ့တွေအကြား ပူးပေါင်းဆောင်ရွက်ရမှုအတွက် ကုန်ကျရတဲ့ စရိတ်တွေဖြစ်ပါတယ်။ လက်နက်ခဲယမ်းစရိတ်ကတော့ သက်သာအောင်လျော့ချဖို့ မလွယ်ကူပါဘူး။ ကျန်တဲ့ နှစ်မျိုးကတော့ တစ်စုံတစ်ရာလျော့ချလို့ရပါတယ်။ လက်နက်ကိုင်ပြီး တခြားလူကို ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ (မိမိအသက်ကိုရင်းပြီး) တော်ရုံတန်ရုံ စိတ်အနေအထားနဲ့ မလွယ်ကူပါဘူး။ ဒါကြောင့် သက်ရှိ လက်နက်ကိုင် တပ်သားသစ် စုဆောင်းဖို့က သက်မဲ့ လက်နက်ခဲယမ်းတွေ စုဆောင်းဖို့ ထက်တောင် ပိုခက်ပါတယ်။ လုံလောက်တဲ့ အမုန်းတရား (ဒါမှမဟုတ်) ငွေကြေး မက်လုံးရှိမှ ပဋိပက္ခထဲ ဝင်ကြပါတယ်။ နိုင်ငံရေးဖိနှိပ်မှုကြောင့် ပေါ်ပေါက်လာရတဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ ပထမတစ်မျိုးကို ပိုအားကိုးရပါတယ်။ လူမျိုးစု အခွင့်အရေးအတွက် လှုပ်ရှားကြရာမှာ လူမျိုးစုတစ်ခုရဲ့ တပ်အတွင်းမှာလည်း ပူးပေါင်းဆောင်ရွက်ရမှုအတွက် စရိတ် **(Cost of Coordination)** ရှိပါတယ်။ အကယ်၍ လူမျိုးစုတပ်တွေထဲမှာ တခြားလူမျိုးစု တွေကပါ ပါနေမယ်ဆိုရင် အမိန့်ပေးစနစ် တည်ဆောက်ရတာ၊ ယုံကြည်မှု တည်ဆောက်ရတာတွေက အချိန်ပိုကြာပြီး စရိတ်ပိုကြီးပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

ဒါကြောင့် တပ်သားသစ် စုဆောင်ရာမှာ ရံဖန်ရံခါဆိုသလို လူမျိုးရေးအခြခံတဲ့ ဇာတ်ကြောင်းတွေကို သုံးလေ့ရှိပါတယ်။ အခြားလူမျိုးစုတွေရဲ့ ဖိနှိပ်မှုတွေ တကယ်ရှိနေသည့်တိုင် ရှိနေတာထက် ချဲ့ကားပြီး ပြောဆိုတာ၊ ဒေသခံလူထုကို ရန်-ငါ မျဉ်းပြတ်အောင် လုပ်တာ **(polarization)** တွေကို ကျင့်သုံးလေ့ရှိပါတယ်။ ဒါတွေကို လုပ်ချင်လို့ လုပ်ရတာမဟုတ်ပါဘူး။ ရေရှည် နိုင်ငံရေး ရည်မှန်းချက်ကို တိုက်ယူရမှာ ပဋိပက္ခစရိတ် သက်သာဖို့၊ တပ်သားသစ်စုဆောင်းရ လွယ်ကူဖို့ အတွက် ဖြစ်ပါတယ်။ နိုင်ငံရေး မကျေနပ်ချက်တွေကို ပုံဖော်တည်ဆောက်နိုင်လေ၊ ဒေသခံလူထုက ပိုပြီး စုစည်းလေ၊ လက်နက်ကိုင် တပ်သားသစ် စုဆောင်းရ လွယ်ကူလေ၊ ပဋိပက္ခ စရိတ်သက်သာလေ၊ စစ်ရေး ရည်မှန်းချက်နဲ့ ပိုနည်းလေဖြစ် ပါတယ်။ ဒီလို နရေးတစ် (ဇာတ်ကြောင်း) ဖော်ဆောင်မှုအတွက် ဥပမာကောင်းတွေ ရှိပါတယ်။ ဆိုမာလီယာမှာ လူမျိုးစုတွေ အများကြီး မရှိပါဘူး။ ဒါပေမဲ့ ဘာသာစကားတူ ယဉ်ကျေးမှု တူတယ်ဆိုပေမဲ့ မျိုးနွယ်ဂိုဏ်းအဖွဲ့တွေ (kinship clans) တွေအများကြီးရှိပါတယ်။ အဓိက အုပ်စုကြီး ဖြစ်တဲ့ အာရိ ဂိုဏ်းနဲ့ ကျန်တဲ့ ဂိုဏ်းတွေ မသင့်မမြတ် ဖြစ်လာတဲ့အခါမှာ ကျန်တဲ့ဂိုဏ်းတွေက အာရိကို သီးခြားလူမျိုးစုတစ်ခုအဖြစ် ပုံဖော်လာကြပါတယ်။ ပဋိပက္ခစရိတ်သက်သာဖို့ လူမျိုးစု နိုင်ငံရေးကို ပုံဖော်ရခြင်း ဖြစ်ပါတယ်။ နောက်ထပ် ဥပမာတစ်ခုကတော့ ဒီအာစီကွန်ဂိုရဲ့ ပြည်တွင်းစစ် ဖြစ်ပါတယ်။ သမ္မတ ကာသီလာက တူဆီလူမျိုးတွေ လွှမ်းမိုးတဲ့ အစိုးရ စစ်တပ် နဲ့ အာဏာလုရတဲ့အခါမှာ ကျန်တဲ့ လူမျိုးစုတွေရဲ့ အကူအညီကို ရယူရပါတယ်။ ဒါကြောင့် သမ္မတ ကာသီလာ က တူဆီလူမျိုးတွေက တဖက်၊ ကျန်တဲ့လူမျိုးစု အားလုံးကို ဘန်ဆု ဆိုတဲ့ နာမည်အသစ်နဲ့ အုပ်စုအသစ်ပုံစံ မျိုးရောက်အောင် ပုံဖော်ရပါတယ်။ ဒါကြောင့် ကိုလီယာတို့က နိုင်ငံရေး မကျေနပ်ချက်နဲ့ လူမျိုးစု နိုင်ငံရေးက အပေါ်ယံ သွင်ပြင်၊ ပဋိပက္ခအရင်း ရှိမှု၊ မရှိမှုက အခြေခံ အဆောက်အအုံ လို့ ပြောဆိုပါတယ်။



**ဒီအာစီ ကွန်ဂို ပြည်တွင်းစစ်ကြားက ဒုက္ခသည်များ** (Photo – Borgen Magazine)

Copyright © 2025. Economic Education Program, Inya Economics.



**ထန်းတလန်မြို့အပေါ် စစ်ကောင်စီ၏ ဗုံးကြဲမှု** (Photo – Save the Children)

## ၈။ နိဂုံး

အချုပ်ပြောရရင် ပြည်တွင်းစစ်တွေကို အခုလို ဈေးတွက် တွက်လို့ရသလား စောဒက တက်စရာရှိပါတယ်။ နိုင်ငံရေး ပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ တကယ်ပဲ မဖြေရှင်းနိုင်တော့ဘူးလား မေးစရာရှိပါတယ်။ ကိုလီယာတို့ကတော့ စစ်ဖြစ်နိုင်တဲ့ အန္တရာယ်တွေကို လျော့ချဖို့ ပဋိပက္ခအကြို ကာကွယ်ခြင်းနဲ့ ပဋိပက္ခ အလွန် ကုစားခြင်း ဆိုတဲ့ ပေါ်လစီ နှစ်ခုကို အကြံပေးပါတယ်။ (အချိန်ရခဲ့သော် ဒါတွေကို ဆက်လေ့လာဖို့ ကောင်းပါတယ်)။ ဒါပေမဲ့ ကိုလီယာနဲ့ ဟော်ဖလာ လေ့လာချက်တွေက ပြီးခဲ့တဲ့ ရာစုနှစ်က ဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်တွေ ကို အခြေခံထားပါတယ်။ နောက်ပြီး အများစုက အာဖရိက နိုင်ငံတွေဖြစ်ပါတယ်။ ယေဘုယျ ခြုံငုံ နိဂုံးချုပ် တတ်တဲ့ အမှားမျိုးကို ရှောင်ရပါမယ်။ ဗမာပြည်အတွက် ဘယ်လောက်အထိ မှန်ကန်မလဲ၊ ဘယ်အချက် တွေကတော့ အသုံးဝင်သလဲ၊ ဘယ်အချက်တွေကတော့ အသုံးမဝင်ဘူးလဲ (contextually) ဆုံးဖြတ်ဖို့ ကတော့ စာဖတ်သူတို့ တာဝန်ဖြစ်ပါတယ်။ ပြည်တွင်းစစ်မီး အမြန်ဆုံး ချုပ်ငြိမ်းပြီး လွတ်လပ်မျှတတဲ့ စနစ်တစ်ခု ပေါ်ပေါက်ပါစေသော်။

## ကျမ်းကိုး


Collier, P. (2000). Economic Causes of Civil Conflict and Their Implications for Policy. Development Research Group. World Bank.

Collier, P., & Hoeffler, A. (2000). On Economic Causes of Civil War. Oxford Economic Papers, 50(4), pp. 563-573.

Collier, P., & Hoeffler, A. (2004). Greed and Grievance in Civil War. Oxford Economic Papers, 56(4), pp. 563–595.


Copyright © 2025. Economic Education Program, Inya Economics.

# ငွေကြေးအားစတင် သုံးစွဲလာကြပုံ (အဒမ်စမစ်)

**မောင်လူအေး**

လူတို့မှာ အလုပ်ကို ခွဲဝေလုပ်ကိုင်သည့်တိုင် ၎င်းတို့၏ ကိုယ်ပိုင်လုပ်အားမှာ များပြားလှသော လိုအင်ဆန္ဒများ၏ တစိတ်တပိုင်းကိုသာ ဖြည့်စွမ်းနိုင်လေသည်။ ထိုအခါ လုပ်အားမှ ပိုလျှံသော အသီး အပွင့်များကို အလိုရှိရာ ကုန်စည်များနှင့် ဖလှယ်ရလေသည်။ မိမိတို့အတွက် မလိုအပ်သော ပိုလျှံနေသည့် ကုန်စည်များကို အခြား လူတို့၏ ပိုလျှံသော ကုန်စည်များနှင့် ဖလှယ် ကြလေသည်။

လူတစ်ယောက်ချင်းစီ ကုန်သည်များသဖွယ်ကျင့်ကြံကြကာ အသက်မွေး ကြသည့် အလျှောက် လူ့အဖွဲ့အစည်း မှာလည်း စီးပွားရေး ဆန်သော လူ့အအဖွဲ့အစည်း တစ်ခုအဖြစ် ပီပြင်ထွန်းကား လာလေသည်။ သို့သော် လူတို့မှာ အလုပ်ခွဲဝေခြင်းသဘောတရား ပေါ်ပေါက်လာသည့်တိုင် အစောပိုင်းကာလ များတွင် အထက်ပါ ကုန်ဖလှယ်ခြင်း လုပ်ငန်းကို ပီပီပြင်ပြင် မလုပ်ကိုင်နိုင်ချေ။ နှစ်ဦးနှစ်ဖက် ကုန်စည်ဖလှယ်နိုင်ရန် အတွက် လူတစ်ဦး၏ ပိုလျှံသော ထုတ်ကုန်မှာ အခြားလူတစ်ဦး အလိုရှိရာ ထုတ်ကုန်ဖြစ်ရလေမည်။ သားသတ်သမား က ၎င်းလုပ်အား၏ ထုတ်ကုန်ဖြစ်သော အသားများမှ စားသုံးနိုင်သလောက်ကိုချန်ကာ ပိုလျှံသော အသားစုံကို ဈေးတွင် တင်ရောင်းလေသည်။ ထို့နည်းတူစွာ အရက်ချက်သမား၊ မုန့်ဖုတ်သမား ကလည်း ၎င်းတို့၏ ပိုလျှံ ထုတ်ကုန်များ ကို ဈေးတွင် တင်ရောင်းလေသည်။ သို့သော် သားသတ်သမား အိမ်တွင် အရက်နှင့် ပေါင်မုန့်တို့ အလုံအလောက် ရှိနေလျှင် အရက်ချက်သမားနှင့် မုန့်ဖုတ်သမားတို့က သားသတ်သမားထံမှ အသားတွဲများကို မည်သို့ မည်ပုံ ဖလှယ်ကြမည်နည်း။ သားသတ်သမားကလည်း ပိုလျှံသော အသားတွဲများကို အကျိုး တစ်ခုခု အတွက် ဖလှယ်၍မရ၊ အရက်ချက်သမား နှင့် မုန့်ဖုတ်သမားကလည်း အလိုရှိရာ အသားတွဲ များကို ဖလှယ် ယူ၍ မရ၊ လွန်စွာ အခက်တွေ့ကြလေမည်။ ထို့ကြောင့် လူတို့သည် လုပ်အားကို စတင်ခွဲဝေလုပ်ကိုင်သော ကာလ မှစ၍

Copyright © 2025. Economic Education Program, Inya Economics.

ကုန်ဖလှယ်သူနှစ်ဦးနှစ်ဖက် လက်ခံနိုင်လောက်သော ကုန်စည်တစ်ခုခုကို အခြေပြုကာ ကုန်ဖလှယ် ခြင်းအမှုကို ပြုကြလေသည်။ သမိုင်းဦးခေတ်နှင့် ရှေးဂရိပြည်တွင် ကျွဲနွားများကို လည်းကောင်း၊ အဘစ္စနီးယား ပြည်ထောင် (Abyssinia ယခု အီသီယိုးပီးယား) တွင် ဆားကို လည်းကောင်း၊ အိန္ဒိယ ကမ်းရိုးတန်းဒေသ များတွင် ခရုခွံ တစ်မျိုးကို လည်းကောင်း၊ ဗာဂျီးနီးယားနှင့် အမေရိကန် ကိုလိုနီဒေသ များတွင် ဆေးရွက်ကြီးနှင့် သကြားတို့ကို လည်းကောင်း၊ စသည်ဖြင့်အများက အသိအမှတ်ပြု လက်ခံသော ကုန်စည် တခုခုကို အခြေပြု သုံးစွဲကာ ကုန်ဖလှယ်ကြလေသည်။

ဤသို့ ကုန်စည်တစ်ခုကို ဖလှယ်ရေးအလို့ငှာ အခြေခံကုန်အဖြစ် သတ်မှတ်လိုက်ရုံမျှနှင့် ကုန်ဖလှယ်ရေး အမှုမှာ ချောချောမွေ့မွေ့ပြီးဆုံးသွားသည် မဟုတ်။ ဥပမာ- ကျွဲ၊နွားတို့ကို အခြေခံ ဖလှယ်ရေး ကုန်စည်အဖြစ် သတ်မှတ်ထားသော ဈေးကွက်တွင် ဆားဝယ်လိုသူ တစ်ဦးက ကျွဲတစ်ကောင်လုံးစာ၊ နွားတစ်ကောင်လုံးစာ တန်ဖိုးနှင့် ညီမျှသော ဆားတန်ချိန် ပေါင်းများစွာကို လိုလိုမလိုလို ဝယ်ယူရလေသည်။ ကျွဲ၊ နွားတို့၏ တန်ဖိုးကို လိုအပ်သော ဆားပမာဏ အနည်းငယ်နှင့် တူညီအောင် ပိုင်းခြားပစ်၍ မရ။ ၎င်းတို့ကို အမဲပေါ်၍ရလာ သော အသားနှင့် လဲလှယ်ရန်သာ ရှိပေသည်။ထိုသို့ အမဲပေါ်လိုက်သည်နှင့် တပြိုင်နက် ပုပ်သိုး ပျက်စီးလွယ်သော အသားစိမ်းများ ဖြစ်သွားခြင်း၊ ကျွဲအရှင်၊ နွားအရှင် များကဲ့သို့ စိုက်ပျိုးရေးသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ တွင် မခိုင်းစေနိုင်တော့ခြင်းတို့ကြောင့် ၎င်းတို့ ၏ အသုံးဝင်မှုတန်ဖိုးနှင့် ဖလှယ်မှုတန်ဖိုးတို့မှာ သိသိသာသာ လျော့ကျသွားလေသည်။ ဤသို့သော အခက်အခဲများကြောင့် တန်ဖိုးကို အလေအလွင့်မရှိစေပဲ အလွယ် တကူ ပိုင်းခြားနိုင်သော သတ္တု (metals) များကို ဖလှယ်မှုကြားခံကုန်စည်အဖြစ် အဓိကထား အသုံးပြုလာ ကြလေသည်။ ဂရိပြည်တွင် စပါတန်များက သံကိုလည်းကောင်း၊ ရောမခေတ် တွင် ကြေးနီကိုလည်းကောင်း၊ အခြား ကြွယ်ဝချမ်းသာသော တိုင်းနိုင်ငံများတွင် ရွှေနှင့် ငွေတို့ ကိုလည်းကောင်း ကုန်ဖလှယ်ရေးအတွက် ငွေကြေးသဖွယ် စတင် သုံးစွဲခဲ့ ကြသည်။ သို့သော် သတ္တုများကို သုံးစွဲရာတွင် အချိန်အတွယ်နှင့် ဒင်္ဂါးပြားများ အဖြစ် စနစ်တကျ သုံးစွဲခြင်းမျိုးမဟုတ်ပဲ သတ္တုအရိုင်းများ (crude metal bars) အဆင့် အဖြစ်သာ ဖြစ်သလို သုံးစွဲခြင်းဖြစ်သည်။ ထိုအခါ အများ လက်ခံထားသော အချိန်အတွယ် စနစ်မရှိခြင်းကြောင့် သတ္တုများကို တန်ဖိုး ပိုင်းဖြတ်ရာတွင် ခန့်မှန်း ပိုင်းဖြတ်ရခြင်း၊ ယင်းသတ္တုများ၏အရည်အသွေးပြည့်ဝမှုကို အကဲဖြတ်ရန် မလွယ်ကူခြင်း စသော အခက်အခဲများ ပေါ် ပေါက်လာရသည်။

တန်ဖိုးနည်းသော သတ္တုညံ့များမှာ အရည်အသွေးအနည်းငယ် မပြည့်ဝ၍ ပြဿနာ မရှိသော် လည်း ရွှေ၊ ငွေ ကဲ့သို့သော တန်ဖိုးကြီးသတ္တုများမှာမူ အရည်အသွေး အနည်းငယ် ကွာဟသွားသည်နှင့် တန်ဖိုးမှာ လွန်စွာ ခြားနားသွားလေသည်။ ရွှေ၊ ငွေ တို့အား အလေးချိန် ချိန်တွယ် ရာ၌ အခက်အခဲများကြုံတွေ့ရသလို တဖန် အရည်အသွေး ပြည့်ဝမှု အား စစ်ဆေးရာ ၌လည်း အခက်အခဲ ကြုံရလေသည်။ ဝိသမလောဘသားများ ၏ တန်ဖိုးကြီးသတ္တုများကို အညံ့စား အပေါစား သတ္တုများ နှင့် ရောနှောကာ လိမ်လည်မှုစသည့် မသမာမှုများမှာ မကြာခဏ ကြုံရသည်ဖြစ်ရာ ကုန်ဖလှယ်ရာ၌သုံးသော သတ္တုများ၏ အရည်အသွေးကို အမြဲတစေ စစ်ဆေး

Copyright © 2025. Economic Education Program, Inya Economics.


ရလေသည်။ ထိုသို့ စစ်ဆေးရာတွင်လည်း သတ္တုများအား ပန်းပဲဖိုများတွင် မီးပြင်းပြင်းဖြင့် အရည်ဖျော် စစ်ဆေးရသည်ဖြစ်ရာ များစွာ လက်ဝင်လှသည့်အပြင် အချိန်ကုန်၍ မတိကျသော ရလဒ်များသာ ရလေသည်။ ဤသို့သော မသမာမှုများကြောင့် အပိုအလုပ်များကို လုပ်ရသည် ဖြစ်ရာ ကုန် ဖလှယ်မှုကို နှောင့်နှေးစေသဖြင့် တိုးတက်သော နိုင်ငံများမှာ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ဒင်္ဂါးသွန်းရုံများ (Mints) ကို ထူထောင်လာကြလေသည်။ ဒင်္ဂါးသွန်းရုံ များဟု ဆိုသော်လည်း ရှေ့ဦးစွာ ပေါ်ထွက်လာသော ဒင်္ဂါးသွန်းရုံများမှာ တန်ဖိုးကြီးသတ္တုများ၏ အရည်အသွေးပြည့်ဝမှုကို အာမခံရန် အတွက်သာ ဖြစ်သည်။ သတ္တုတုံးများပေါ်တွင် သေးငယ်သော အမှတ်အသားကလေး ရိုက်နှိပ်၍ အာမခံ ပေးခြင်းသာဖြစ်လေသည်။ ဤသို့ မင်းအစိုးရတို့ "အာမခံ" ထားသော သတ္တုများကြောင့် ကုန်သည်များ မှာ အချင်းချင်း ယုံကြည်စွာ ကုန်ဖလှယ်နိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများမှာ ပိုမိုလွယ်ကူ ချောမွေ့လာ သည်။

သို့ရာတွင် ထိုအချိန်အထိ ငွေကြေးများအား တစ်ပြား နှစ်ပြား စသည်ဖြင့် ရေတွက်၍ ဖလှယ် ခြင်းမျိုး မပေါ် ပေါက်သေးချေ။ အလေးချိန်စနစ်ဖြစ်သာ စခန်းသွား လေလေသည်။ ( by weight, and not by tale ) သမ္မာကျမ်းစာတွင် Abraham က Ephron ထံမှ Machpelah မြေကို ရဟူဒီငွေ လေးရာ ရှိကယ် (1 shekel ~ 9.8 g) ဝယ်ယူသကဲ့သို့ ချင်တွယ် ဝယ်ယူ ရခြင်း ဖြစ်သည်။ အင်္ဂလန်ပြည်တွင် ရှေး ဆက်ဆွန် ဘုရင်များ က အခွန်အခ များကို ငွေကြေး အစား ရိက္ခာကုန်စည်မျိုးစုံကို ကောက်ခံရာမှ ပထမမြောက် ဝီလီယံဘုရင် (Willian the Conqueror 1028~1087) လက်ထက်တွင်မှ ငွေကြေး အဖြစ် စတင်ကောက်ခံ ခဲ့လေသည်။ သို့ရာတွင် ဒင်္ဂါး တစ်ပြား နှစ်ပြား အဖြစ် ရေတွက်ခြင်း မဟုတ်ပဲ အလေးချိန်ဖြင့် ချင်တွယ် ကောက်ခံခြင်း သာဖြစ်သည်။ ကနဦး ဒင်္ဂါးသွန်းရုံ များမှာ အရည်အသွေး ပြည့်ဝမှုကိုသာ စစ်ဆေး၍ အာမခံပေး ခြင်းဖြစ်ရာ အလေးချိန်များမှာ စနစ်တကျ မရှိပေ။ ထိုအခါ မျက်နှာစာ နှစ်ဖက်လုံးတွင် အလေးချိန် အမှတ်အသားများ ပါဝင်သော ဒင်္ဂါးပြားများ အား ဖန်တီး သုံးစွဲလာ လေသည်။ ဤနည်းဖြင့် အလေးချိန်နှင့် တန်ဖိုးအား လွယ်ကူစွာ သိရှိနိုင်သကဲ့သို့ တစ်ပြား၊ နှစ်ပြား စသည်ဖြင့် တွက်ချက်ပိုင်းဖြတ်နိုင်လေရာ ကုန်ဖလှယ်မှုအတွက် များစွာ အသုံးကျလေသည်။ ငွေကြေး နာမည်များကိုလည်း အလေးချိန် နှင့်တွဲကာ ပေါင်၊ သျှီလင်၊ ပဲနိ စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲ လာကြသည်။

ပထမဦးဆုံး သုံးစွဲခဲ့သော ဒင်္ဂါးမှာ ပွန်ဒို (Pondo) ဟုခေါ်သော ရောမခေတ် ကြေးဒင်္ဂါး ဖြစ်ပြီး တပြားလျှင် ကြေး ၁၂ အောင်စစီ ပါဝင်လေသည်။ အင်္ဂလန်ပြည် တွင် ပထမ အက်ဒ်ဝပ် ဘုရင် လက်ထက်တွင် စတင်သုံး စွဲခဲ့သော တာဝါ (Tower Pound) မှာ ငွေ တစ်ပေါင်လျှင် ငွေစင်ရှစ်အောင်စစီ ပါဝင်လေသည်။ ၁၈ ရာစု အင်္ဂလိပ် စတာလင်ပေါင်မှာ ငွေတစ်ပေါင်လျှင် ရောမခေတ် ကြေးဒင်္ဂါးများကဲ့သို့ ငွေ ဆယ့်နှစ် အောင်စစီ ပါဝင်၍ ဆဋ္ဌမမြောက် ဟင်နရီဘုရင်လက်ထက်၌ အင်္ဂလိပ် ဒင်္ဂါးသွန်းရုံများ တွင်စတင် သွန်းလုပ်သည်။ ပြင်သစ် ဘုရင် ရှားလီးမိန်း လက်ထက်တွင် သွန်းလုပ်သော ငွေစင် ၁၂ အောင်စ ပါဝင်သော လီဗရာ (Livre) ငွေဒင်္ဂါးများမှာ အရေအသွေးနှင့် အလေးချိန် ပြည့်ဝမှုမှာ ဥရောပ တိုင်းနိုင်ငံများ ကြားတွင် ထင်ပေါ် ကျော်ကြားလေသည်။

Copyright © 2025. Economic Education Program, Inya Economics.

စကော့တလန်ပြည်တွင်မူ ပထမမြောက် အလက်ဇန္ဒားဘုရင် လက်ထက် မှစ၍ အင်္ဂလိပ် စတာလင်ပေါင်ကဲ့သို့ပင် ငွေ တစ်ပေါင်လျှင် ငွေစင်ရှစ် အောင်စစီ ပါဝင်သည်။



**အဒမ်စမစ်** (၁၇၂၃ - ၁၇၉၀)

တဖန် ထို ငွေသားတစ်ပေါင် ပါဝင်သော ဒင်္ဂါးပြားမှာ တန်ဖိုး ကြီးမားလှရကား နေ့စဉ်ကုန် ရောင်းဝယ်ရေး၌ အသုံးချရန် ခက်ခဲသောကြောင့် တန်ဖိုးသင့်၊ အလေးချိန်သင့်သည် သျှီလင် (Shelling) ဟူသော ငွေဒင်္ဂါးနှင့် တန်ဖိုးနည်း၊ အလေးချိန်နည်း ပဲနိ (Penny) ဟူသော ငွေဒင်္ဂါးများကို ဖန်တီး သုံးဆွဲလာကြလေသည်။ သျှီလင် နှင့် ပဲနိ ဆိုသည် မှာ ရှေးခေတ် အလေးချိန် ယူနစ်များပင် ဖြစ်သည်။ သျှီလင် နှင့် ပဲနီ ကြား နှိုင်းရ အလေးချိန် မှာ ရှေးကာလများတွင် သတ်သတ်မှတ်မှတ်မရှိချေ။ တစ်သျှီလင် လျှင် ငါးပဲနိ၊ ဆယ်ပဲနိ၊ နှစ်ဆယ် ပဲနိ စသည့် အချိုးအမျိုးမျိုး ဖြင့် သုံးစွဲခဲ့လေသည်။ ပထမမြောက် ဝီလီယံ နှင့် ပြင်သစ်ဘုရင် ရှားလီးမိန်း လက်ထက်တို့ ရောက်သောအခါမှ သာလျှင် တစ်ပေါင်လျှင် နှစ်ဆယ် သျှီလင်၊ တစ်သျှီလင် လျှင် ဆယ့်နှစ် ပဲနိ (ငွေတစ်ပေါင် လျှင် နှစ်ရာ့လေးဆယ် ပဲနိ) ဟူ၍ ပေါင်၊ သျှီလင်နှင့် ပဲနိ တို့၏ နှိုင်းရအလေးချိန်မှာ သတ်သတ်မှတ်မှတ် ရှိလာခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ယခုလက်ရှိကာလ (၁၈ ရာစု) တွင်မူ မင်းအစိုးရ အာဏာပိုင်များ၏ လိမ်လည် လှည့်ဖျားမှုနှင့် တိုင်းသူပြည်သားတို့၏ ငွေကြေးအပေါ် ယုံကြည်မှုကို အလွဲသုံးစားလုပ်မှု များကြောင့် ပေါင်၊ သျှီလင်၊ ပဲနိ စသော ဒင်္ဂါးများ၏ တန်ဖိုးအစစ်အမှန်မှာ ကျဆင်းလျှက် ရှိသည်။ ၎င်းတို့ အသုံးအဖြုန်းအတွက်ဖြစ်စေ၊ အကြွေးဆပ်ရန်အတွက်ဖြစ်စေ ငွေကြေးအား အပူတပြင်း လိုအပ်လာသောအခါတွင် ငွေဒင်္ဂါးများ သွန်းလုပ်ရာ၌ ငွေဒင်္ဂါး တစ်ပေါင်ကို ငွေစင်ငွေသား တစ်ပေါင် အတိအကျ မပါဝင်တော့ပဲ အခြား သတ္တုညံ့များကို ရောနှော၍ အပို ငွေဒင်္ဂါးများ သွန်းလုပ်နိုင်ရန် မူလတန်ဖိုးကို တမင်လျှော့ချ ကြလေသည်။ ရောမပြည်၏ နောက်ဆုံး ကာလများ တွင် မင်းအစိုးရ တို့မှာ အကြွေးထောင်းလှသဖြင့် ဤသို့ ငွေကြေးအား ဖောင်းပွစေသော နည်းဖြင့် အကြွေးဆပ်ရာ

Copyright © 2025. Economic Education Program, Inya Economics.

မူလ ကြေးတစ်ပေါင် ဒင်္ဂါးတွင် ကြေးစင်တစ်ပေါင် ပါဝင်ရမည့်အစား တစ်ပေါင်၏ နှစ်ဆယ့်လေးပုံတပုံ (တစ်အောင်စ၏ တဝက်) သာ ပါဝင်လေတော့သည်။ သို့ရာတွင် အစိုးရက ထိုငွေဒင်္ဂါးအား တစ်ပေါင် ဟုသတ်မှတ်ကာ ကြွေးရှင် တို့အား အကြွေးဆပ်သည့်အပြင် တိုင်းသူ ပြည်သား များအား သုံးစွဲ စေခြင်း ဖြစ်သည်။ ဤနည်းဖြင့် မင်းစိုးရာဇာ များသည် သမိုင်း တလျှောက် အကြွေး ပြဿနာ များကိုဖြေရှင်းခဲ့ခြင်းဖြစ်သည်။ ဥပမာ- ပြည်ပစစ်အသုံးစရိတ် အတွက်ဖြစ်စေ၊ မင်းခမ်းမင်းနား များအတွက် ဖြစ်စေ ငွေကြေးအား အရေးတကြီး လိုအပ်လာသောအခါ၊ ဘဏ္ဍာတိုက်တွင် ငွေမရှိသောအခါ၊ ဒင်္ဂါးသစ်များ သွန်းလုပ်ရန် အချိန်နှင့် ရင်းမြစ် မရှိသောအခါတွင် တိုင်းပြည်ရှိ သူဌေးသူကြွယ်များထံမှ ပေါင်ငွေဒင်္ဂါးများအား ထောင်နှင့် ချီ၍ ချေးကြလေသည်။ နောင် ပြန်ဆပ်ရန် ကာလ ရောက်လာချိန်တွင်မူ ဒင်္ဂါးသစ်များအား တန်ဖိုး ခိုးယူ၍ (အလွယ်ဆိုရလျှင် တစ်ပြားမှ နှစ်ပြား ခွာသကဲ့သို့) ငွေကြေးအား ဖောင်းပွ စေသောနည်းဖြင့် ပေါင်တစ်ထောင် ချေးထားသော်ငြား ပြန်ဆပ်သောအခါ ငွေစင် ပေါင်တစ်ထောင် တန်ဖိုး မပြည့်သော ငွေဒင်္ဂါး များနှင့် ပြန်ဆပ်ကြလေသည်။ အစိုးရ ကိုယ်တိုင် တန်ဖိုးအား လျှော့ချ သွန်းလုပ်သော်ငြား အစိုးရတံဆိပ်ကပ်နှိပ် ထားသော တရားဝင် ငွေဒင်္ဂါးများ ဖြစ်ရာ ကြွေးရှင်များကား ငြင်းပယ်၍ မရ၊ တန်ဖိုးမပြည့်မှန်း သိလျက် လက်ခံရ လေသည်။ တဖန် ထိုတန်ဖိုး မပြည့်ဝသော ငွေဒင်္ဂါးများမှာ စီးပွားရေး လုပ်ငန်း များတွင် လည်ပတ်လျက် ရှိရာပြည်တွင်း ငွေချေးလုပ်ငန်းများလုပ်ကိုင်ကြသော ကြွေးရှင်များ တွင်လည်း ဤ ဒင်္ဂါးများဖြင့် ကြွေးဆပ် ကြသဖြင့် များစွာ နစ်နာကြလေသည်။ (အမြင့်ဆုံး currency unit ဖြစ်သော ပေါင် ၏ မူလတန်ဖိုးကျသော အခါ သျှီလင်၊ ပဲနိ ဒင်္ဂါးသစ်များ၏ တန်ဖိုးမှာလည်းကျ သွားလေ သည်။ ထိုအခါ ယခင် တန်ဖိုးပြည့်ဝသော currency များနှင့် ရောနှောရှုပ်ထွေးစေ၍ ကုန်ရောင်းဝယ်ရေးများ အား များစွာ နှောင့်နှေးစေသည်။)

ထို့ကြောင့် အစိုးရများ ငွေတန်ဖိုး လျှော့ချ သောနည်းဖြင့် ဒင်္ဂါး အများအပြား သွန်းလုပ်သော အခါတိုင်းတွင် ငွေချေးသူ ကြွေးရှင်များမှာ များစွာ နစ်နာကြပြီး အစိုးရ အပါအဝင် ကြွေးဆပ်ရန် ကျန်ရှိသူများမှာ များစွာ အသာရလေသည်။ ကြွေးရှင်များမှာ ချမ်းသာသူ လူတစ်စုသာ ဖြစ်ပြီး ကြွေးတင်နေသူများမှာ အများအပြား ဖြစ်လေရာ တစ်တိုင်းပြည်လုံး ၏ စီးပွားရေး အကျပ်အတည်းအစား လက်တဆုပ်စာ လူတန်းစား၏ ပုပ္ပလိက အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်လေသည်။ ဤသည်မှာ ရှေးခေတ်ဟောင်းကာလများမှစ၍ ကုန်စည်တိုက်ရိုက် ဖလှယ်သောနည်းမှ ၁၈ ရာစုအထိ၊ တိုးတက်ယှဉ်ကျေးသော နိုင်ငံများ၏ ငွေကြေးကို အသုံးပြုပုံ ပြောင်းလဲ လာမှုပင် ဖြစ်သည်။ ကုန်စည် တိုက်ရိုက် ဖလှယ်သည် ဖြစ်စေ၊ ငွေကြေးဖြင့် ဝယ်ယူကြသည်ဖြစ်စေ တန်ဖိုး (value) ကို အခြေခံ၍ ဆုံးဖြတ်ရခြင်း ဖြစ်သည်။

[ Debtors are benefited, and creditors are worse off at the time of the Inflation. (See also – Inflation tax) / ဒီနေရာမှာ စမစ်ဟာ ငွေကြေးဖောင်းပွမှု (Inflation) လို့သိ ကြတဲ့ အစိုးရ ငွေကြေး injection ကြောင့် ဖြစ်လာတဲ့ ငွေတန်ဖိုးကျဆင်းလာမှု ဆိုတဲ့ concept ကို ရှင်းပြနေတာဖြစ်ပါတယ်။ ဒီနေ့ အစိုးရတွေ စီးပွားရေးကို

Copyright © 2025. Economic Education Program, Inya Economics.

stimulate လုပ်ဖို့ လိုအပ်လာပြီလို့ ယူဆရင်/ Natural Rate of Unemployment (NRU) ထက် အများကြီး မြင့်နေရင် expansionary monetary policy နဲ့ money supply (MS) ကို ငွေတိုက် စာချုပ် ( Bonds / Open Market Operations) ဝယ်ပြီး တိုးမြှင့်တာ၊ ဘဏ်အတိုးနှုန်းတွေ လျှော့ချတာ၊ တဖန် expansionary fiscal policy နဲ့ အလုပ်အကိုင်တွေ အများကြီးပေးနိုင်တဲ့ အစိုးရ project တွေကို multiplier effect တွက်ပြီး ချပေးတာ စတာတွေကို လုပ်ကြပါတယ်။ ဒါကြောင့် အလုပ်သမားတွေ အလုပ်ရလာကြပေမဲ့ တဖက်မှာလည်း trade off ဖြစ်တဲ့ Money Supply များမှု ကြောင့် ငွေတန်ဖိုး ကျဆင်းတာ၊ ဒီကနေ နိုင်ငံခြားငွေဖလှယ်နှုန်း ကြဆင်းတာစတဲ့ အကျိုးဆက် တွေကို ကြုံတွေ့ရပါတယ်။ Inflation မြင့်တဲ့ ကာလတွေမှာ အလုပ်အကိုင်တွေ ရကြတဲ့ အတွက် unemployment နှုန်းဟာ နိမ့်လေ့ရှိပါတယ်။ (See also – Phillips Curve) ။ စမစ် ပြောနေတဲ့ ကြွေးရှင်တွေ နစ်နာပြီး ကြွေးတင်တွေက အသာရတယ်ဆိုတာ ယေဘု ယျ အားဖြင့် မှန်ကန်ပေမဲ့ တဖက်မှာလည်း ငွေတန်ဖိုးကျဆင်းမှုနှင့် ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းကြီးမြင့်လာတဲ့ ဒဏ်ကို sticky ဖြစ်တဲ့ လုပ်အားခ အပေါ် မှီခိုနေရတဲ့ အခြေခံ လူတန်းစားက ခံရပါတယ်။ တဖက် မှာလည်း Thomas Piketty တို့က inflation ကို အစိုးရအဆက်ဆက်က အကြွေးဆပ်ဖို့ သုံးကြပေမဲ့ arbitary redistribution of wealth ကိုလည်း ဖြစ်စေတယ်။ သမိုင်းကို ပြန်ကြည့်ရင် Inflation အသင့်အတင့်များတဲ့ ကာလတွေ (ဥပမာ - စစ်ပြီး ခေတ်လို ) မှာ inequality အနည်းဆုံးလို့ ထောက်ပြပါတယ်။ စီးပွားရေး မညီမျှမှုကို လျှော့ချတဲ့ နည်းနာ ဖြစ် အသုံးပြုဖို့ရာ တော့ risky ဖြစ်လို့ မသုံးသင့်ကြောင်း ဆိုပါတယ်ခင်ဗျာ။ - ဘာသာပြန်သူ စကားချပ်]

Adam Smith ၏ The Weath of Nations မှ အခန်း(၃) " The Origin of Money ကို Capstone, Selected Edition, 2010 မှ ဘာသာပြန်ထားခြင်းဖြစ်ပါသည်။

Copyright © 2025. Economic Education Program, Inya Economics.

# အမတရာဆင်းရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတိ


**ကိုဉာဏ**

ကျနော့်ကို တက္ကသိုလ်ကျောင်းဝင်းတစ်ခုထဲမှာ မွေးဖွားခဲ့ပါတယ်။ ကျနော့်ဘဝတလျှောက်လုံး တက္ကသိုလ်ကျောင်းဝင်းတွေ တစ်ခုပြီးတစ်ခု ရွှေ့ပြောင်းနေထိုင်ခဲ့ပါတယ်။ ကျနော့်မိသားစုက ဒါကာမြို့မှာ နေထိုင်ခဲ့ပါတယ်။ ဒါကာမြို့ဆိုတာ အခုတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမြို့တော် ဖြစ်နေပါပြီ။ ကျနော်နေထိုင်ခဲ့တဲ့ ဒါကာမြို့ဟောင်း ဝါရီအရပ် ရမ်နာက တက္ကသိုလ်ကျောင်းဝင်းနဲ့ မဝေးပါဘူး။ ကျနော့်အဖေ အာရှူတော့ဆင်းက ဒါကာတက္ကသိုလ်မှာ ဓာတုဗေဒ သင်ကြားခဲ့ပါတယ်။ ဒါပေမယ့် ကျနော့်ကို မွေးတော့ တဂိုးကျောင်းတော် ရှန်တီနိကေတန်မှာပါ။ ရှန်တီနိကေတန်ကျောင်းတော်မှာ ကျနော့် (အမေဘက်က) အဘိုး ကစ်ရှိတီမိုဟန်ဆင်းက သက္ကတဘာသာ၊ ရှေးဟောင်းအိန္ဒိယယဉ်ကျေးမှုနဲ့ အလယ်ခေတ်အိန္ဒိယယဉ်ကျေးမှုတို့ကို သင်ကြားပို့ချခဲ့ပါတယ်။ ရှန်တီနိကေတန်မှာ ကျနော့်အမေရော ကျနော်ရော သင်ယူလေ့လာခဲ့ရတာပါ။ ရှန်တီနိကေတန်မှာ ကျောင်းပြီးပြီးနောက် ကာလ်ကတ္တားက သမ္မတကောလိပ်ကို ရောက်၊ နောက်တော့ ကိန်းဘရစ်တက္ကသိုလ်၊ ထရင်နတီကောလိပ်မှာ ဘောဂဗေဒကို သင်ယူလေ့လာခဲ့ပါတယ်။ ဒါက ကျနော် ကျောင်းသားဘဝနဲ့ ရောက်ခဲ့တဲ့ ကျောင်းဝင်း၊ တက္ကသိုလ်ဝင်းတွေပါ။ နောက်ပိုင်းတော့ ဒီတက္ကသိုလ်တွေမှာ ဆရာအဖြစ် သင်ကြားနိုင်ခဲ့ပါတယ်။ ဒေလီတက္ကသိုလ်၊ လန်ဒန်ဘောဂဗေဒကျောင်းတော်၊ အောက်စဖို့တက္ကသိုလ်၊ ဟားဗက်တက္ကသိုလ်၊ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်၊ စတန်းဖို့တက္ကသိုလ်၊ ကယ်လီဖိုးနီးယားတက္ကသိုလ် (ဘာကလေနယ်မြေ) တွေမှာလည်း ကျနော် စာသင်ခဲ့ပါတယ်။ ကျနော့်ဘဝတလျှောက် ပညာရပ်နဲ့ မသက်ဆိုင်တဲ့အလုပ် မလုပ်ဖူးခဲ့ပါဘူး။

အသက် ၇ နှစ်ကနေ ၁၇ နှစ်အကြား ကျနော်လေ့လာတဲ့ နယ်ပယ်တွေက အမျိုးမျိုး ပြောင်းနေခဲ့ပါတယ်။ အဲ့နှစ်တွေအတောအတွင်း ကျနော် တကယ် ရူးရူးမူးမူး ချစ်ကျွမ်းဝင်ခဲ့တာက သက္ကတဘာသာ၊ သင်္ချာနဲ့ ရူပဗေဒတို့ ဖြစ်ပါတယ်။ နောက်တော့ ထူးဆန်းပေမယ့် ဆွဲဆောင်မှုရှိတဲ့ ဘောဂဗေဒမှာ အခြေကျသွားပါတယ်။ ဆရာတစ်ယောက်နဲ့ သုတေသီတစ်ယောက် ဖြစ်ချင်တယ်၊ ဖြစ်သင့်တယ်ဆိုတာကတော့ ဘယ်တော့မှ မပြောင်းခဲ့ပါဘူး။ ကျနော့်အတွက် "ပညာရပ်"၊ "ပညာရှင်"၊ "ပညာရပ်ဆိုင်ရာ" ဆိုတဲ့ စာလုံးက မိုက်ပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

"လက်တွေ့မကျဘူး"၊ "သီအိုရီဆန်တယ်"၊ တောရမ်းမယ်ဘဲ့ မှန်းဆပြောနေတာပါ"ဆိုတဲ့ အနက်ဖွင့်နေတာတွေက ဒိတ်အောက်ပါတယ်။ ခေတ်နောက်ကျနေပါတယ်။



ကိန်းဘရစ်ရောက် အမတရာဆင်း (၁၉၅၈) photo – Havard Gazette

အသက် ၃ နှစ်နဲ့ ၆နှစ်အကြား ကလေးဘ၀မှာ ကျနော် ဗမာပြည်၊ မန္တလေးမှာ ခဏ နေထိုင်ခဲ့ပါတယ်။ အဖေက ညွှေ့ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရလို့ ကျနော် မန္တလေးမှာ သုံးနှစ်နေခဲ့ရတာပါ။ ကလေးဘဝအချိန် အများစုကိုတော့ ဒါကာမြို့မှာ ကုန်ဆုံးခဲ့ပါတယ်။ ကျနော့်အခြေခံပညာရေးက စိန့်ဂရီဂိုရီကျောင်းမှာ စတင်ခဲ့တာပါ။ နောက်တော့ တဂိုးရဲ့ရှန်တီနိကေတန်ကျောင်းတော်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ ရှန်တီနိကေတန်မှာ ကျနော့် ပညာရေးအတွေးအမြင်တွေ ပြောင်းလဲသွားပါတယ်။ ရှန်တီနိကေတန်ကျောင်းတော်မှာ ကလေးတွေကို တိုးတက်တဲ့ အတွေးအခေါ်တွေနဲ့ ပျိုးထောင်ပေးပါတယ်။ ကျောင်းတော်က စာမေးပွဲရမှတ်တွေ ကောင်းမွန်ဖို့၊ အချင်းချင်းပြိုင်ဆိုင်ဖို့ထက် ကျောင်းသာတို့ရဲ့ သိလိုစိတ်ကို နှိုးဆွပေးဖို့ကိုသာ အာရုံစိုက်ပါတယ်။ (ကျောင်းသား တစ်ယောက်က အမှတ်တွေ အရမ်းကောင်းနေရင်တောင် ကောင်းမွန်တဲ့ အမှတ်တွေကို ချီးကျူးပြောဆိုတာ မလုပ်ဘဲ ကလေးက အသေအချာ တွေးခေါ်နိုင်တာပဲ ဆိုပြီး ချီးကျူးပြောဆိုတာပါ။ အမှတ်တွေကောင်းဖို့ထက် တကယ် လေးလေးနက်နက် တွေးခေါ်တာမျိုးကို ရှန်တီနိကေတန်ကျောင်းက ပျိုးထောင်ခဲ့ပါတယ်။ ကျနော့်ကို

Copyright © 2025. Economic Education Program, Inya Economics.

ဆရာ၊ ဆရာမတွေက တော်တော်လေး ချီးကျူးခဲ့ကြပါတယ်။ ကျနော်က ဒါကို ထိန်းသိမ်းနိုင်ဖို့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။)

ကျောင်းတော်ရဲ့ သင်ရိုးမှာ အိန္ဒိယယဉ်ကျေးမှုလာ ခွဲခြမ်းစိတ်ဖြာနိုင်မှု၊ သိပ္ပံအမွေအနှစ်၊ ပြင်ပကမ္ဘာအကြောင်း တွေပါဝင်ပါတယ်။ အနောက်ကမ္ဘာရဲ့ လွှမ်းမိုးမှုကို အံ့သြဖွယ်ကောင်းလောက်အောင် နှလုံးသားဖွင့်၊ ဦးနှောက် ဖွင့်ပြီး ကြိုဆိုတဲ့အပြင် အခြားယဉ်ကျေးမှုတွေဖြစ်တဲ့ အရှေ့အာရှယဉ်ကျေးမှု၊ အရှေ့တောင်အာရှ ယဉ်ကျေးမှု တွေကိုလည်း အလားတူ လက်ခံကြိုဆိုကြပါတယ်။ ရာဘင်ဒရာနတ်တဂိုးရဲ့ မတူကွဲပြားတဲ့ ယဉ်ကျေးမှုမျိုးစုံ လက်ခံကြိုဆိုနိုင်တာက ကျနော့်အပေါ် တော်တော်လေး သက်ရောက်မှု ကြီးမားပါတယ်။ ရာဘင်ဒရာနယ်တဂိုးက သူ့သူငယ်ချင်းတစ်ယောက်ဆီ အခုလို စာရေးသားပေးပို့ခဲ့ဖူးပါတယ်။ လူ့ယဉ်ကျေးမှုဇစ်မြစ်က ဘယ်နေရာ၊ ဘယ်ဒေသက ပေါ်ပေါက်လာသည် ဖြစ်ပစေ၊ ကျနော်တို့ကို လေ့လာပြီး နားလည်သွားတယ်၊ နှစ်သက်ခံစား နိုင်တယ်ဆိုရင် ၎င်းအမွန်အမြတ်များက ကျနော်တို့ရဲ့ ပိုင်ဆိုင်မှု ဖြစ်လာပါတော့တယ်။ လူသားမျိုးနွယ်ကြီး တစ်ခုလုံးရဲ့ ထွန်းပြောင်မှုတွေကို ကျနော့်ပိုင်ဆိုင်မှုအဖြစ် ခံစားခွင့်ပြုနိုင်မလားခင်ဗျာ။ (ကြည့်ပါဦး .. ဘယ်လောက်အထိ ကျယ်ပြန့်လိုက်တဲ့ စိတ်ထားနဲ့ တိုင်းပြည်အတွက် အဖိုးတန်ရတနာတွေ ရယူနေပါသလဲ ခင်ဗျာ။ ဒါက တဂိုးဖြစ်ပြီး တဂိုးကျောင်းတော်က တပည့် အမတရာဆင်းဟာ မှန်ကန်တဲ့ အတွေးအခေါ်အောက်မှာ တစ်ကမ္ဘာလုံးဆီကနေ ကျယ်ကျယ်ပြန့်ပြန့် သင်ယူနိုင်ခဲ့ပါတယ်။)

## အမှတ်သရုပ်လက္ခဏာနဲ့ အကြမ်းဖက်မှု

အိန္ဒိယလူ့အဖွဲ့အစည်းအကြောင်း လေ့လာသုံးသပ်ကြရတဲ့အခါ ယဉ်ကျေးမှုစုံလင်ကွဲပြားတာက တကယ်အာရုံ စိုက်ရတဲ့ကိစ္စပါ။ ယဉ်ကျေးမှုစုံလင်ကြွယ်ဝတဲ့ အိန္ဒိယနိုင်ငံဟာ ကိုယ်နဲ့ မတူညီတဲ့ အတွေးအခေါ် နဲ့ ပတ်သတ် လာရင် အင်အားသုံးဖြေရှင်းလေ့ ရှိပါတယ်။ ထိထိမိမိပြောရရင် "စစ်ဆန်ပါတယ်"။ လူတစ်ဦးနဲ့ တစ်ဦး သိသိသာသာကွာခြားတာကို အိန္ဒိယနိုင်ငံယဉ်ကျေးမှုက လက်ခံဖို့ ခက်ခဲနေပါတယ်။ တဂိုးနဲ့ သူ့ကျောင်းတော်က ကျဉ်းမြောင်းတဲ့ လူမျိုးရေးခွဲခြားမှုတွေကို ဆက်တိုက် ဆန့်ကျင်ခဲ့ပါတယ်။ ၁၉၄၀ပြည့်လွန်နှစ်များမှာ တောက် လျှောက်ဖြစ်ပွားခဲ့တဲ့ ဂိုဏ်းဂဏအခြေခံ လူမျိုးရေးအဓိကရုဏ်းတွေ ပေါ်ပေါက်မလာခင် ၁၉၄၁ခုနှစ်မှာ ရာဘင်ဒရာနယ်တဂိုး သေဆုံးသွားတာ ကံကောင်းပါတယ်။ ကျနော်ဘဝ ဆယ်ကျော်သက် ၁၉၄၀ပြည့်လွန် အလယ်ပိုင်းနှစ်များမှာ တိုင်းပြည်က ဟိန္ဒူ၊ မူဆလင်၊ ဆစ် စတဲ့ ဘာသာတရားတို့အပေါ် အဓိကရုဏ်းတွေ အကြီးအကျယ် ဖြစ်ပေါ်ရာက ညီညွတ်တဲ့ နိုင်ငံရေးကို မတည်ဆောက်နိုင် ဖြစ်ခဲ့ရပါတယ်။ လူသားမျိုးနွယ်ကြီးရဲ့ မိသားစုဝင်တွေအချင်းချင်း ဘာသာတရား အမှတ်သရုပ်တွေအပေါ် အခြေခံပြီး လူ့အဖွဲ့အစည်းအတွင်း အုပ်စု အမျိုးမျိုး ကွဲထွက်ကုန်တာက ကျနော်တို့ တိုင်းပြည်ရဲ့ လမ်းကြောင်း ဖြစ်လာပါတယ်။ အိန္ဒိယသားတွေရယ်လို့

Copyright © 2025. Economic Education Program, Inya Economics.

ကျယ်ကျယ်ပြန့်ပြန့်နဲ့ တစည်းတလုံးတည်း ခံယူထားကြရာကနေ ဟိန္ဒူရယ်၊ မူဆလင်ရယ်လို့ ကျဉ်းမြောင်းစွာ ပြောင်းလဲခံယူလာခဲ့ကြပါတယ်။ ကွဲပြားခြားနားမှုတွေကို ကြွယ်ဝစုံလင် ပေါင်းစပ်ထားတာက အိန္ဒိယ ယဉ်ကျေးမှုဆိုတာကို သတိမေ့သွားကြပါပြီ။ အတူတူ ညီညီညွတ်ညွတ် နေထိုင်လာကြသူတွေဟာ အခုတော့ အရင်ကလူတွေ မဟုတ်ကြတော့ပါဘူး။ ကျနော်က အဲ့တုန်းက ကလေးငယ်လေးပဲ ရှိပါသေးတယ်။ ဆင်ခြင်တုံ တရားမရှိကြတော့တဲ့ အကြမ်းဖက်မှုတွေကို ကျနော် ကြုံတွေ့ခဲ့ရပါတယ်။

တနေ့လည်ခင်းမှာပေါ့ .... ဓားထိုးခံထားရတဲ့ မူဆလင် နေ့စားအလုပ်သမားလေး ကေဒါမီယာက နာကျင်ရလွန်းလို့ အော်ဟစ်ညည်းညူရင်း ကျနော်တို့ခြံဝင်းထဲကို ဝင်ရောက်လာပါတယ်။ သွေးတွေ အများကြီး ထွက်နေခဲ့တယ်။ ဘေးအိမ်မှာ မဆိုစလောက် ပိုက်ဆံလေးအတွက် ဟိန္ဒူတွေအများအပြား နေထိုင်တဲ့ အဝန်းအဝိုင်းကို လာပြီး အလုပ်လုပ်နေရရှာတာပါ။ လမ်းမှာ တွေ့တဲ့ လူဆိုးလူရမ်းကားတွေက ဒီနေ့စားအလုပ်သမားကလေးကို ဓားနဲ့ ထိုးခဲ့ကြပါတယ်။ သူ့ကို အဖေက ဆေးရုံလိုက်ပို့ပေးပါတယ်။ ဆေးရုံကို သွားတဲ့လမ်းမှာ မီယာက ပြောပြပါတယ်။ သူ့မိန်းမက အဓိကရုဏ်းတွေ ဖြစ်နေတဲ့ ကြမ်းတမ်းတဲ့ နယ်မြေတွေကို မသွားဖို့ ပြောပါတယ်တဲ့။ ဒါပေမယ့် သူ့မိသားစုမှာ စားစရာမှ မရှိတာ။ စားစရာလေး နည်းနည်းပါးပါး ဝယ်နိုင်ဖို့ အသက်ကို ရင်းပြီး သူ ဒီကို လာ အလုပ်လုပ်ရပါတယ်။ ဆေးရုံရောက်တော့ ကေဒါမီယာ သေဆုံးသွားပါတယ်။ စီးပွားရေးလွတ်လပ်မှုမရှိတာအတွက် ပြစ်ဒဏ်က အသက်ကို ပေးဆပ်လိုက်ရပါတယ်။ ကျနော့်အတွက် အရမ်းကို တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းတဲ့ အတွေ့အကြုံပါပဲ။ ကျဉ်းမြောင်းစွာ အနက်ဖွင့်ထားတဲ့ အမှတ်အသားသရုပ်တွေရဲ့ အန္တရာယ်ကိုလည်း သတိမူစေခဲ့ပါတယ်။ စီးပွားရေးလွတ်လပ်မှုမရှိတာက အလွန်အမင်း ဆင်းရဲနွမ်းပါးမှုအသွင်နဲ့ ရောက်ရှိလာတဲ့အခါ အခြားလွတ်လပ်မှု အခွင့်အရေးတွေပါ မညှာမတာ ချိုးဖောက်ခံရပြီး လူတစ်ယောက်ကို ကူကယ်ရာမဲ့ ဒုက္ခတောထဲ တွန်းပို့လိုက်ပါတယ်။ ဒီလိုခေတ်ပျက်မှာ မိသားစုမှာ စားစရာလေးများ ရှိမယ်၊ စားစရာရှိလာအောင် တနည်းတဖုံ စီစဉ်နိုင်မယ်ဆိုရင် ကေဒါမီယာဟာ ပိုက်ဆံရှာဖို့ ကြမ်းတမ်းတဲ့နယ်မြေထဲကို အသက်ရင်းပြီး လာစရာ မလိုပါဘူး။

## ကာလကတ္တားနဲ့ အငြင်းအခုံများ

ကာလကတ္တားက သမ္မတကောလိပ်ကို ကျနော်ရောက်လာတဲ့အခါ ယဉ်ကျေးမှုအမှတ်အသားသရုပ်အပေါ် သဘောထားတစ်ရပ် ခိုင်ခိုင်မာမာ ရှိနေပါပြီ။ ဗဟုဝါဒကို လက်ခံယုံကြည်ပါတယ်။ အယူအဆမတူတဲ့ တစ်ဖက်နဲ့ တဖက် အကြောက်အကန် ဂိုဏ်းဂဏခွဲ ရန်မူကြတာထက် တစ်ဖက်နဲ့ တဖက် မတူတာတွေကို အသေအချာ စဉ်းစားငြင်းခုံကြပြီးနောက် တစ်ချိန်မှာ မှန်ကန်မှုဆီ အားလုံးစီးပျော်ဝင်လာကြမယ့် ပေါင်းစည်မှုမျိုးကို ကျနော်

လိုချင်ပါတယ်။ အပြိုင်အဆိုင်တည်ရှိနေတဲ့ နိုင်ငံရေးအတွေးအခေါ်များအကြား မတူညီမှုတွေကို ထိပ်တိုက်တွေ့နေရဆဲ ဖြစ်ပါတယ်။

သမ္မတကောလိပ်ရဲ့ ပညာရေးအရည်အသွေးက တကယ်ကောင်းပါတယ်။ ဆရာတွေက စာသင်ကောင်းကြလို့ ကျနော့်ရဲ့ ဘောဂဗေဒအပေါ် စိတ်ဝင်စားမှုကို ပိုပြီး မြင့်တက်စေခဲ့ပါတယ်။ ကျနော့်ကို ဘာဘာတော့ရှ်ဒါတာနဲ့ တာပတ်စ်မဂျွန်တာတို့က လွှမ်းမိုးဖမ်းစားနိုင်ခဲ့ပါတယ်။ ဒီရက်ရှ်ဘာတာချာရာလို အရမ်းတော်တဲ့ အခြား ဆရာတွေလည်း ရှိပါသေးတယ်။ ကျနော်က အတန်းဖော်ရတာလည်း ကံကောင်းပါတယ်။ ဆူခါမွိုင်ချာကရာပါတီ၊ မရီနယ်ဒါတာချောင်ဒူရီ (ရှန်တီနိကေတန်ကျောင်းဆင်း) ဂျာတီဆင်ဂုပတာတို့ ဖြစ်ကြပါတယ်။ ဘောဂဗေဒ ကျောင်းသားတွေတင် မဟုတ်ဘဲ သမိုင်းကျောင်းသားတွေနဲ့လည်း ကျနော် ရင်းနှီးခဲ့ပါတယ်။ ဘာရွန်ဒီ၊ ပရာသာဂုပတာနဲ့ ဘီနွိုင်ချောင်ဒူရီတို့ ဖြစ်ကြပါတယ်။ သမ္မတကောလိပ်က သမိုင်းသင်ကြားရာမှာ အင်မတန် ကျော်ကြားပါတယ်။ သမိုင်းပညာရှင်အကျော်အမော် ဆူရှိုဘန်းဆာကာနည်းနာနဲ့ သင်ကြားကြပါတယ်။ ကျနော့် ဉာဏ်ရည်ကွန့်မြူးဖို့နယ်ပယ်ကို အရင်းအမြစ်ကစပြီး ကျယ်ပြန့်အောင် ဖြန့်ကျက်နိုင်ခဲ့ပါတယ်။

သမ္မတကောလိပ်က ကျောင်းသားတွေက နိုင်ငံရေးတက်ကြွကြပါတယ်။ နိုင်ငံရေးပါတီတစ်ခုခုကို ဝင်ဖို့လောက်အထိ စိတ်မဝင်စားခဲ့ပေမယ့် အခြေခံလူတန်းစားအပေါ်ထားတဲ့ ကရုဏာနဲ့ လူတန်းစား သာတူညီမျှရေး ကတိကဝတ်တွေကြောင့် လက်ဝဲဝါဒက ကျနော့်ကို အတော်လေး ဖမ်းစားနိုင်ခဲ့ပါတယ်။ ဒီလိုအီလစ်မိသားစုက သားသမီးတွေ လာတက်တဲ့တက္ကသိုလ်မှာ ကျနော့်တပည့်တွေ အများကြီးကိုလည်း အာရုံဖမ်းစားနိုင်ခဲ့ပါတယ်။ နိုင်ငံရေးကို (စနစ်တကျ) ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်နိုင်အောင် ပျိုးထောင်ပေးဖို့ လိုအပ်နေတဲ့အချိန်မှာ လက်ဝဲအတွေးတွေက ကျနော့်ကို ဖမ်းစားနိုင်ခဲ့ပါတယ်။

၁၉၅၁ခုနှစ်ကနေ ၁၉၅၃ခုနှစ်အထိ ကျနော် သမ္မတကောလိပ်မှာ ပညာသင်ယူနိုင်ခဲ့ပါတယ်။ ကျနော် ရှန်တီနိကေတန်မှာ ရှိနေခဲ့စဉ် ၁၉၄၃ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ဘင်္ဂါလ်အငတ်ဘေးကြီးက အခုအထိ ကျနော့် အာရုံထဲမှာ လတ်လတ်ဆတ်ဆတ် ရှိနေပါသေးတယ်။ အငတ်ဘေးမှာ လူပေါင်း နှစ်သန်းကနေ သုံးသန်းလောက် အထိ သေဆုံးခဲ့ပါတယ်။ လူတန်းစားအခြေခံအတွေးအခေါ်နဲ့ ကျနော် စဉ်းစားသုံးသပ် ကြည့်မိပါတယ်။ ကျနော့် သူငယ်ချင်းတွေ၊ ကျနော်တို့ကျောင်းက ကျောင်းနေဘက်တွေ၊ ကျနော်တို့ရဲ့ ဆွေမျိုးတွေထဲက တစ်ယောက်မှ အငတ်ဘေးကို မခံစားခဲ့ရပါဘူး။ လူလတ်တန်းစားရဲ့ ဝင်ငွေနည်းအလွှာကတောင် မခံစားခဲ့ရပါဘူး။ လူတန်းစား အလွှာလိုက်တည်ရှိနေတဲ့ စီးပွားရေးစနစ်ကြီးမှာ အခြေခံလူတန်းစားတွေသာ အသက်သေဆုံးရတဲ့အထိ ထိခိုက် နာကျင်ခံစားခဲ့ရပါတယ်။ ကာလကတ္တားမြို့ဟာ ဉာဏပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာတွေမှာ အလွန်ကြွယ်ဝ ချမ်းသာတဲ့ မြို့ကြီး ဖြစ်ပါတယ်။ သို့ပေသိ သည်းမခံနိုင်လောက်အောင် ဆိုးဝါးတဲ့ စီးပွားရေးနိမ့်ကျမှုတွေလည်း ရှိနေပြန်ပါတယ်။ အီလစ်ကျောင်းတစ်ကျောင်းပင် ဖြစ်စေကာမူ စီးပွားရေးနိမ့်ကျမှုကြီး ဆက်တိုက် နီးနီးကပ်ကပ် တည်ရှိနေတာကို လစ်လျူမရှုနိုင်တော့ပါဘူး။

Copyright © 2025. Economic Education Program, Inya Economics.

လက်ဝဲဝါဒက သာတူညီမျှရေးအတွက် သံမိဌာန်ကြီးထားရှိလို့ ကျင့်ဝတ်ပိုင်းမှာ မြင့်မားတယ်လို့ ပြောနိုင်ပေမယ့် နိုင်ငံရေးဖြစ်စဉ် ဖြစ်ပေါ်တိုးတက်လာဖို့ကို အယုံအကြည်မရှိတာ၊ ဗဟုဝါဒကို ခွင့်ပြုပေးတဲ့ ဒီမိုကရေစီနိုင်ငံရေး ဖြစ်စဉ်ကို သံသယရှိတာတို့ကြောင့် သာတူညီမျှရေးကို သွားရာလမ်းမှာ လက်ဝဲဝါဒကိုယ်တိုင်က အနှောင့် အယှက်ဖြစ်လာမလားလို့ စဉ်းစားစရာလည်း ရှိပါရဲ့။ ဒီမိုကရေစီကို "ဘူဇွာဒီမိုကရေစီ"လို့ ဝေဖန်တဲ့ အသံတွေက အကျယ်ဆုံးပါ။ ဒီဝေဖန်မှုက ဒီမိုကရေစီစနစ်အတွင်းမှာ ငွေကြေးရဲ့ အခန်းကဏ္ဍကို ကောင်းကောင်း ဆုပ်ကိုင် နိုင်ပေမယ့် အတိုက်အခံ နိုင်ငံရေးပါတီတွေရဲ့ တည်ရှိမှုကိုတော့ အသေအချာ အာမခံချက် မပေးနိုင်တော့ပါဘူး။ ဒါက နိုင်ငံရေးသည်းခံနိုင်စွမ်း နည်းပါးနေတာရဲ့ အကျိုးဆက်တွေပါပဲ။ နိုင်ငံရေးသည်းခံနိုင်စွမ်း နည်းပါးလာတယ် ဆိုတာ နိုင်ငံရေးမှာ အတိုက်အခံတွေရဲ့ ဝေဖန်ချက်တွေကို နားထောင်ချင်တဲ့ နိုင်ငံရေးဆန္ဒ အရှိန်အားနည်း လာတာ ဖြစ်ပါတယ်။ "လူမှုကောင်းကျိုး"ကို မြှင့်တင်ဖို့ ရည်ရွယ်တဲ့ ခေါင်းဆောင်တွေဟာ မကြာခဏဆိုသလို **အဟန့်အတားတွေ၊ အကျိုးစီးပွားပဋိပက္ခတွေ၊ နိုင်ငံရေးဖိအားတွေ** နဲ့ ရင်ဆိုင်ရပြီး လမ်းကြောင်းလွဲသွား တတ်ပါ တယ်။

အတိုက်အခံတွေရဲ့ အခန်းကဏ္ဍ၊ ဗဟုဝါဒနဲ့ နိုင်ငံရေးအရ သည်းခံနိုင်မှုတို့ကို တန်ဖိုးထားတဲ့ ကျနော့်ရဲ့ နိုင်ငံရေးအမြင်ဟာ အဲဒီအချိန်က ကျောင်းသားနိုင်ငံရေးရဲ့ လက်ဝဲဝါဒနဲ့ ပဋိပက္ခ ဖြစ်နေပါတယ်။ ဒီလို မတူညီ တာတွေကို နိုင်ငံရေးအရ သည်းခံနိုင်ဖို့ ဆိုတာ ဥရောပဉာဏ်အလင်းပွင့်တဲ့ကာလမှာ ပေါ်ပေါက်လာတဲ့ လစ်ဘရယ် ဒီမိုကရေစီမှာတင် ရှိတာမဟုတ်ဘဲ အခြားယဉ်ကျေးမှုတွေမှာလည်း ရှိနေတာပါ။ ဒါကို လစ်ဘရယ် ဒီမိုကရေစီမှာသာ နိုင်ငံရေးသည်းခံနိုင်မှုက တန်ဖိုးအဖြစ် ရှိနေပါတယ်ဆိုရင် အဲတာက အမှားကြီး မှားနေတာပါ။

ဒီလိုအခြေအနေတွေက စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းပါတယ်။ ကျနော့်ကိုလည်း အခြေခံကျကျ ပဋိပက္ခတွေဆီ တွန်းပို့ပါတယ်။ ဒါတွေက ကျနော်ဘွဲ့ကြိုတန်းကျောင်းသားဘဝမှာကတည်းက စဉ်းစား အဖြေရှာဖို့ ကြိုးစားခဲ့ပါတယ်။ ဒါတွေဟာ တဖက်မှာ သုခဘောဂဗေဒ၊ စီးပွားရေးမညီမျှမှုနဲ့ ဆင်းရဲမွဲတေမှုတို့နဲ့ အခြားတစ်ဖက်မှာတော့ ကျိုးကြောင်းနည်းလမ်းကျမှု၊ သည်းခံနိုင်မှု၊ ဒီမိုကရေစီနည်းကျ ရွေးချယ်မှုတို့အပေါ် ဝိုင်းပတ် သက်ရောက်နေပါတယ်။ နိုဘယ်ဆုကော်မတီထုတ်ပြန်ချက်မှာ ရေးသားထားတဲ့ သုတေသနနယ်ပယ်မှာ ကျနော့်ရဲ့ပါဝင်မှုက ကျနော် ဒီနယ်ပယ်တွေမှာ အသေအချာ ဘာမှမလုပ်နိုင်ခင်က လုပ်ခဲ့တာတွေ ဖြစ်ပါတယ်။

ကန်းနက်အဲရိုးက ၁၉၅၁ခုနှစ် နယူးယောက်မှာ "လူမှုရွေးချယ်မှုနှင့် တစ်ဦးချင်းစံနှုန်းများ"စာအုပ်ကို ထုတ်ဝေ ခဲ့ပါတယ်။ ကျနော့်ကျောင်းနေဘက် ထက်မြက်တဲ့ ဆူခါမွိုင်းချန်ဂရာပါတီက အဲဒီစာအုပ်ကို ညွှန်းပါတယ်။ သူကိုယ်တိုင်လည်း အဲဒီစာအုပ်ရဲ့ လွှမ်းမိုးမှုကို ခံရပါတယ်။ သူလည်း လက်ဝဲဝါဒကို ကြိုက်နှစ်သက်ပြီး အာဏာရှင်စနစ်အလားအလာကို စိုးရိမ်နေသူပါ။ အချိန်ဘယ်လောက်ကြာကြာ မပြောင်းလဲတဲ့ လူမှုရွေးချယ်မှု တွေကို အာဏာရှင်စနစ် မကျင့်သုံးသူတွေက ထုတ်လုပ်နိုင်တယ်၊ စွမ်းဆောင်နိုင်တယ်ဆိုတာ မသေချာဘူးလို့ ကန်းနက်အဲရိုးက တင်ပြပါတယ်။ ဒီတင်ပြချက်က လက်ဝဲဝါဒီအာဏာရှင်၊ လက်ယာဝါဒီအာဏာရှင်တို့အတွက်

အကြောင်းပြချက် ဖြစ်လာမှာလား။ သမ္မတကောလိပ်လမ်းပေါ်က ကော်ဖီဆိုင်မှာ ကျနော်တို့ ဆွေးနွေးခဲ့ကြချိန်၊ ဆူခါမွိုင်းရဲ့ဉာဏ်ရည်ထက်မြက်တဲ့ မျက်နှာကို ကျနော် အခုအထိ မမေ့နိုင်ပါဘူး။

## တိုက်ပွဲမြေပြင် ကိန်းဘရစ်တက္ကသိုလ်

၁၉၅၃ ခုနှစ်မှာ ကျနော် ကာလကတ္တားကနေ ကိန်းဘရစ်တက္ကသိုလ်၊ ထရင်နတီကောလိပ်ကို ပြောင်းခဲ့ပါတယ်။ ကာလကတ္တားတက္ကသိုလ်မှာတုန်းက ကျနော် ဘောဂဗေဒက အဓိကဘာသာဖြစ်ပြီး သင်္ချာကိုတော့ မိုင်နာ (တွဲဖက်)ဘာသာအဖြစ် လေ့လာခဲ့ပါတယ်။ ကိန်းဘရစ်တက္ကသိုလ် ရောက်တော့ ဘောဂဗေဒသီးသန့်ပဲ ကျနော် စူးစိုက်လေ့လာပါတော့တယ်။ ကိန်းဘရစ်မှာ ဘွဲ့ကြိုတန်းကနေ ပြန်တက်ပြီး ကိန်းဘရစ်တက္ကသိုလ်က ၂နှစ်နဲ့ ကျနော့်ကို ဘွဲ့ပေးခဲ့ပါတယ်။ ကိန်းဘရစ်မှာ သင်ရတဲ့ ဘောဂဗေဒက ကာလကတ္တားမှာ သင်ခဲ့ရတဲ့ ဘောဂဗေဒထက် သင်္ချာ ပိုနည်းပါတယ်။ ပြီးတော့ ကျနော်အစောပိုင်းရင်ဆိုင်ခဲ့ရတဲ့ အတွေးအခေါ်ပိုင်း ပဋိပက္ခတွေကို ဖြေရှင်းစရာ သိပ်မလိုအပ်ခဲ့ပါဘူး။ ကိန်းဘရစ်တက္ကသိုလ်မှာ တော်တဲ့ ကျောင်းသားအချို့[1]ကိုလည်း ကျနော် ရရှိခဲ့ပါတယ်။ သူတို့တွေက ဘောဂဗေဒရဲ့ ပန်းတိုင်နဲ့ နည်းနာများကို ပညာရပ်ဖန်တီးမှုတစ်ခုအဖြစ် ကျနော် ဖန်တီးရာမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခဲ့ကြပါတယ်။

အဲဒီအချိန်တုန်းက ကိန်းဘရစ်တက္ကသိုလ်မှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဘောဂဗေဒအငြင်းအခုံက ကိန်းစ် ဘောဂဗေဒအမြင်ရဲ့ ကောင်းကျိုးနဲ့ ဆိုးကျိုးတို့ ဖြစ်ပါတယ်။ ကိန်းစ်ထောက်ခံသူ၊ ကိန်းစ်ဝါဒီ[2] တွေက တစ်ဖက်၊ ကိန်းစ်ဘောဂဗေဒအမြင်ကို သံသယမျက်လုံးများနဲ့ ကြည့်နေသူတွေ[3]က တဖက် ဖြစ်ပါတယ်။ (ကိန်းစ်ထောက်ခံသူတွေက အဲ့အချိန်က ပေါ်ထွက်လာတဲ့ ခေတ်ရဲ့အမြင် ကိန်းစ်ဘောဂဗေဒကို လက်ခံပြီး ပညာရပ်ပိုင်း လေ့လာပို့ချနေကြသူများ ဖြစ်ပါတယ်။ တဖက်က ကိန်းစ်ဘောဂဗေဒအမြင်ကို သံသယအမြင်နဲ့ ကြည့်နေသူတွေကတော့ ကိန်းဘရစ်ဘောဂဗေဒဌာနကို တည်ထောင်သူ ပါမောက္ခ အဲဖရက်မာရှယ်၊ သူ့ရဲ့ကျမ်းရိုးသစ်ဘောဂဗေဒ အမြင်ကို ဆက်လက်ကိုင်စွဲကြပါတယ်။ ကိန်းစ်ဘောဂဗေဒအမြင် မပေါ်ပေါက်လာခင် အချိန်အထိ ကျမ်းရိုးသစ် ဘောဂဗေဒအတွေးအခေါ်ဟာ ကိန်းဘရစ်ဘောဂဗေဒဌာနရဲ့ အတွေးအခေါ် ဖြစ်ပါတယ်။)

ဒီလိုတွေ ဖြစ်နေချိန်မှာ နှစ်ဖက်စလုံးနဲ့ ကျနော်က ရင်းနှီးတဲ့ ဆက်ဆံရေး ရှိပါတယ်။ စီးပွားရေးအဆောက်အအုံ တစ်ခုလုံးကို လေ့လာနိုင်ဖို့ လှမ်းခြုံစုပေါင်းထားတဲ့ကိန်းရှင်တွေနဲ့ ပတ်သတ်လို့ ငြင်းခုံခဲ့ကြတာ ဖြစ်ပါတယ်။

[1] Samuel Brittan, Mahbub ul Haq, Rehman Sobhan, Michael Nicolson, Lal Jayardena, Luigi Pasinetti, Pierangelo Garegnani, Charles Feinstein, and others.
[2] Richard Kahn, Nicholas Kaldor, Joan Robinson and etc.
[3] Dennis Robertson, Harry Johnson, Peter Bauer, Michael Farrel etc.

Copyright © 2025. Economic Education Program, Inya Economics.

နောက်ပိုင်းတော့ အရင်းသီအိုရီကို ဦးတည်လာခဲ့ပါတယ်။ ပညာရပ်ဆိုင်ရာအသုံးအနှုန်း ကွဲပြားတာ ရှိပေမယ့် ဘယ်ဖက်ကမှ အရင်းရဲ့အခန်းကဏ္ဍကို မငြင်းဆန်နိုင်ခဲ့ဘဲ အလေးထား မိုဒယ် တည်ဆောက်ခဲ့ရပါတယ်။

ကိန်းဘရစ်တက္ကသိုလ်မှာ ဒီလိုအငြင်းအခုံတွေ ပြင်းထန်ခဲ့တယ်ဆိုပေမယ့် ဘယ်ဖက်မှ မပါတဲ့ ဘောဂဗေဒ ပညာရှင်တွေ[4] လည်းရှိပါတယ်။ ဒီလိုဘာသာရပ်အငြင်းအခုံတွေ ရှိနေပေမယ့် သူတို့တွေက အုပ်စုစွဲထက် သူတို့ရဲ့ ကိုယ်ပိုင်သုံးသပ်ချက်ကို အလေးအနက်ပြုလုပ်ကြပြီး သူတို့နဲ့ မတူတဲ့ဖက်က လေးစားဖွယ်ကောင်းတဲ့ ပညာရှင်တွေရဲ့ ပညာရပ်ဖန်တီးမှုတွေကို တလေးတနက် တန်ဖိုးထားကြပါတယ်။ ကျနော်က သုခဘောဂဗေဒ (အတွက် ပါမောက္ခမောရစ်ဒေ့ါရဲ့ အတန်းကို လိုက်တက်ခဲ့ရပါတယ်။ ဆရာ့ကို မက်စ်ဘောဂဗေဒထောက်ခံသူ လို့တောင် ဆိုကြတာပါ။ ဆရာ့အတန်းမှာ ပစ်ဂိုးသီအိုရီကို အသေအချာ တန်ဖိုးထားပြီး သင်ကြားပေးပါတယ်။ အာသာပစ်ဂိုးဆိုတာ ကျမ်းရိုးသစ်ဘောဂဗေဒအမြင်ကို ပြီးပြည့်စုံစေခဲ့သူလို့ နာမည်ကျော်ပါတယ်။ ကျမ်းရိုးသစ် ဘောဂဗေဒတည်ထောင်သူ အဲဖရက်မာရှယ်ရဲ့ တပည့်ရင်း၊ အဲဖရက်မာရှယ်ရဲ့ ထောက်ခံမှုကို လက်ခံရနိုင်သူ ဖြစ်ပါတယ်။ ဘောဂဗေဒလာ သုခ ဆိုတာကို သင်ကြားဖို့ဆိုရင် ပစ်ဂိုးသီအိုရီက အတော် အရေးကြီးပါတယ်။ ဆရာမောရစ်ဒေ့ါက ငါနဲ့ဆန့်ကျင်ဘက်ဂိုဏ်းက အမြင်ဆိုပြီး မသင်ကြားပေးတာမျိုး၊ ပယ်ချတာမျိုး မလုပ်ပါဘူး။ သေသေချာချာ သင်ကြားပေးပါတယ်။

ဌာနတွင်း ရွေးကောက်ပွဲတစ်ခုကို မက်စ်ဝါဒီ ဒေ့ါက ကိန်းစ်ဝါဒီ ကော်လဒေါကို အနိုင်ရသွားပါတယ်။ ဟန်ဆောင် ရုပ်ဖျက်ထားတဲ့ ထပ်တိုးစိတ်ချမ်းသာမှုသီအိုရီက အနိုင်ရသွားတာလို့ ကော်လဒါက သမုတ်ပါတယ်။ (ထပ်တိုး စိတ်ချမ်းသာမှုသီအိုရီဆိုတာ စိတ်ချမ်းသာမှုပိုရဖို့ နောက်ထပ်တစ်ယူနစ် ထပ်ပြီး စားသုံးမလား ဆုံးဖြတ်ရတာကို ဆိုလိုတာပါ။ ထပ်တိုးစိတ်ချမ်းသာမှုသီအိုရီဆိုတာ ကျမ်းရိုးသစ်ဘောဂဗေဒဂိုဏ်းရဲ့ အဓိက နည်းပညာပိုင်း ဖန်တီးမှု ဖြစ်သလို နှောင်းပိုင်း ပေါ်ပေါက်လာတဲ့ ဘယ်ဘောဂဗေဒဂိုဏ်းကမှ ထပ်တိုးစိတ်ချမ်းသာမှုသီအိုရီကို မငြင်းဆိုနိုင်ခဲ့ပါဘူး။)

ဒီလိုမှတ်ချက်ပြုပြောကြားတဲ့ ကော်လဒါက ကိန်းစ်ဝါဒီတွေထဲ သည်းခံနိုင်ဆုံး ပါမောက္ခ ဖြစ်ပါတယ်။ ရစ်ချက်ကန်းဆိုရင် ကျမ်းရိုးသစ်ဘောဂဗေဒထောက်ခံသူတွေကို ရရင်ရသလို ဖိအားပေးချင်သူ၊ တိုက်ပွဲ ဆင်နွှဲလိုသူ ဖြစ်ပါတယ်။ ကျနော်ကတော့ ဒါကို မှန်ကန်တယ်လို့ မထင်ပါဘူး။ သည်းမခံနိုင်တဲ့ နောက် ပါမောက္ခတစ်ယောက်ကတော့ ကျနော့် ပါရဂူကျမ်းကြီးကြပ်ရသူ ဂျုန်းရော်ဘင်ဆင် ဖြစ်ပါတယ်။ ဉာဏ်ရည် ထက်မြက်ပေမယ့် သည်းခံလိုစိတ်တော့ အတော်နည်းပါတယ်။

---

[4] Richard Stome, Brian Reddaway, Robin Matthews, Kenneth Berril, Aubrey Silberston, Robin Morris.

Copyright © 2025. Economic Education Program, Inya Economics.

ဝါဒအငြင်းအခုံတွေ ပြင်းထန်နေတဲ့ ဒီကိန်းဘရစ်တက္ကသိုလ်မှာ ကျနော် နေရတဲ့ ထရင်နတီကောလိပ်ကတော့ အတော်လေး ငြိမ်းချမ်းပါတယ်။ ကံကောင်းတယ်ဆိုရမှာပေါ့ဗျာ။ ဒါပေမယ့် ရာနှုန်းပြည့် ကံကောင်းတယ်တော့ ပြောမရပါဘူး။ ထရင်နတီကောလိပ်က ကျနော့်ကို သတိထားမိသွားပြီး ပါမောက္ခတွေ ရေးတဲ့ လက်စွဲစာအုပ်ထဲ ကျနော့်ကို ပါဝင်စေပါတယ်။ အဆိုပါလက်စွဲစာအုပ်စီမံကိန်းမှာ အုပ်စုသုံးအုပ်စုလုံးက ပါမောက္ခတွေ ပါဝင်နေပါတယ်။ ကျမ်းရိုးသစ်ဘောဂဗေဒအုပ်စုက ဒန်းနစ်ရော်ဘက်ဆန်၊ မက်စ်အုပ်စုက မောရစ်ဒေါ့က ပူးတွဲပညာရပ်ဟောပြောပွဲတွေတောင် ကျင်းပလိုက်ပါသေးတယ်။ အဲ့တုန်းက ထရင်နတီမှာ ပီယာယိုဆရပ်ဖာ လည်းရှိပါတယ်။ သူက ဘောဂဗေဒအားလုံးနီးပါးရဲ့ အမြင်တွေကို လက်မခံပါဘူး။ ကျနော်က သူတို့ တစ်ယောက်ချင်းစီက ပညာတွေ အများကြီး သင်ယူခွင့် ရလိုက်ပါတယ်။

တက္ကသိုလ်တစ်ခုလုံး ဝါဒအငြင်းအခုံတွေကြား တိုက်ပွဲတွေ ဖြစ်နေပေမယ့် ထရင်နတီမှာတော့ ဂိုဏ်းမတူတဲ့ ဒေါ့၊ ရော်ဘက်ဆန်၊ ဆရပ်ဖာတို့ ငြိမ်းငြိမ်းချမ်းချမ်း နွေးနွေးထိုင်ထိုင် တည်ရှိနေနိုင်ကြပါတယ်။ နောက်ပိုင်းကျတော့ ဆရပ်ဖာက ကျနော့်ကို ပြောပါတယ်။ ရော်ဘက်ဆန်ရဲ့ ဖိတ်ခေါ်ချက်နဲ့ ဒေါ့က သူတို့နှစ်ယောက်ပူးတွဲ ဟောပြောပွဲတွေမှာ လာပြီး ပူးပေါင်းပေးတာ သိပ်ကောင်းတာပဲတဲ့။ ရော်ဘက်ဆန်က ဒေါ့ကို ဖိတ်ခေါ်တော့ ဒေါ့က ဝမ်းသာအားရ လက်ခံပါတယ်။ ဒေါ့က အပြစ်ရှိသလို ခံစားနေရပါတယ်။ ဘာလို့လဲဆိုတော့ ဒေါ့က ကွန်မြူနစ်ပါတီဝင်ဖြစ်နေတာကို ရော်ဘက်ဆန်ကို မပြောပြခဲ့တာကို အပြစ်ရှိသလို ခံစားနေခဲ့ရပါတယ်။ ဒါ့ကြောင့် ဒေါ့က နောက်ပိုင်းကျတော့ ရော်ဘက်ဆန်ဆီကို ပွင့်ပွင့်လင်းလင်း စာရေးပေးပို့ပြီး တောင်းပန်ပါတယ်။ ပြီးတော့ ဖိတ်ခေါ်ချက်ကို ပြန်ဖျက်လိုက်မယ်ဆိုရင်တောင် သူ လက်ခံနိုင်ပါတယ်လို့ပါ ထည့်သွင်း ရေးသားလိုက်ပါတယ်။ ရော်ဘက်ဆန်ကလည်း ပြန်စာပေးပို့လိုက်ပါတယ်။ စာကြောင်းတစ်ကြောင်းတည်းပါ။

“ခင်မင်လေးစားရတဲ့ဒေါ့ခင်ဗျာ....... ဘုရားကျောင်းကို မဖောက်ခွဲခင် တစ်ညအလိုကျမှ ကပ်ပြောမယ် ဆိုရင်တောင် အဆင်ပြေပါတယ်ခင်ဗျာ”။

ထရင်နတီကောလိပ်မှာ ဒီမိုကရေစီနဲ့ သည်းခံနိုင်မှုတို့ကို လိုက်နာတဲ့ အလေ့အထကောင်းတွေကို ကျနော် မျက်မြင်နားကြား သင်ယူခွင့် ရခဲ့ပါတယ်။ ကျနော်က ကျနော်စိတ်ဝင်စားတဲ့ “လူမှုရွေးချယ်မှုသီအိုရီ”နဲ့ ပတ်သတ်လို့ ကြီးကြပ်တဲ့ ဆရာ မရမှာ စိုးရိမ်နေခဲ့တာပါ။ သို့ပေသိ ကံသီလို့ ကျနော်လုပ်ချင်တဲ့သီအိုရီတွေကို ဂျုန်းရော်ဘင်ဆင်နဲ့ မောရစ်ဒေါ့တို့က စိတ်ပါဝင်စားခဲ့ပါတယ်။ ကျနော်ရေးတဲ့ကျမ်းက “နည်းနာများကို ရွေးချယ်ခြင်း” ဖြစ်ပါတယ်။

**ဒဿနိကဗေဒနဲ့ ဘောဂဗေဒ**

ကျနော် အိန္ဒိယ ခဏပြန်ပြီး ဒဿနိကဗေဒပိုင်းဆိုင်ရာအတွက် အကြံကောင်းပေးနိုင်မယ့်ဆရာ အေကေဒက် ဂုပတာကို အကူအညီတောင်းနိုင်ခဲ့ပါတယ်။ ကျနော်စာရေးနေတုန်း ကိန်းဘရစ်တက္ကသိုလ်က ချီးမြှင့်တဲ့

Copyright © 2025. Economic Education Program, Inya Economics.

(fellowship) တစ်ခုကို ရယူနိုင်ခဲ့လို့ လေးနှစ်တာ လွတ်လပ်မှုကို ရရှိခဲ့ပါတယ်။ အဲ့အချိန်အတော အတွင်း ကျနော် ဒဿနိကဗေဒကို အပြင်းအထန် နှံ့နှံ့စပ်စပ် သင်ယူနိုင်ခဲ့ပါတယ်။ ကျနော် ဒဿနိကဗေဒကို လေ့လာလိုက်တာက ကျနော်ရေးတဲ့ကျမ်းအတွက် အကျိုးအမြတ်ရှိတာထက်ကို ပိုပါတယ်။ ဒဿနိကဗေဒနဲ့ ဘောဂဗေဒကလည်း ကျနော့်အမြင်အရ နှစ်ခုဆက်စပ်နေပါတယ်ဆိုတာထက်ကို အများကြီး ပိုပါတယ်။ နောက်ပိုင်းနှစ်တွေမှာ ဒဿနိကဗေဒအကျော်အမော်အချို့[5]နဲ့ လက်တွဲအလုပ်လုပ်နိုင်တဲ့ အခွင့်အရေးကို ကျနော်ရရှိခဲ့ပါတယ်။ ဒီလိုလုပ်နိုင်ဖို့ အခွင့်အရေးရော သတ္တိရော ပေးအပ်ပါတဲ့ ထရင်နတီကောလိပ်ကို ကျနော် အများကြီး ကျေးဇူးတင်မိပါတယ်။

**ဒေလီဘောဂဗေဒကျောင်းတော်**

၁၉၆၀-၁၉၆၁ ခုနှစ်အတွင်း ထရင်နတီကောလိပ်က ခွင့်ပေးလို့ ကျနော် မက်ဆာချူးဆက်တက္ကသိုလ်ကို သွားရောက်လည်ပတ်နိုင်ခဲ့ပါတယ်။ ပေါလ်ဆင်မြူရယ်ဆင်၊ ရောဘတ်ဆိုလို၊ ဖရန်ကိုမော်ဒီဂလီယာနီ၊ နော်ဘတ် ဝိန်နာတို့နဲ့ ပြောဆိုဆွေးနွေးနိုင်ခဲ့ပါတယ်။ ဆွေးနွေးချက်တွေကနေ ကျနော် အကျိုးကျေးဇူး အများအပြား ရရှိခံစားနိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်က တကယ်ကို အားကျဖွယ်၊ အထင်ကြီးလေးစားဖွယ်ကောင်းတဲ့ နေရာ ဖြစ်နေပါပြီ။ စတန်းဖို့တက္ကသိုလ်ကို နွေရာသီ သွားလည်ရာကနေ ဘောဂဗေဒရဲ့ကျယ်ဝန်းမှုကို လေ့လာစရာနယ်ပယ်တစ်ခုအဖြစ် ကျနော် အတွေး ပေါက်သွားပါတယ်။

၁၉၆၃ခုနှစ်မှာ ကျနော် ကိန်းဘရစ်တက္ကသိုလ်ကနေ ဒေလီဘောဂဗေဒကျောင်းတော်ကို ဘောဂဗေဒ ပါမောက္ခအဖြစ် ပြန်လာခဲ့ပါတယ်။ ၁၉၇၁ခုနှစ်မတိုင်ခင်အထိ ကျနော် ဒေလီမှာ စာသင်ခဲ့ပါတယ်၊ ဒေလီမှာ စာသင်ရတာ ဉာဏ်ပညာပိုင်းမှာ စိန်ခေါ်မှု ကြီးမားပါတယ်။ အသုံးချဘောဂဗေဒအကျော်အမော် ကေအန်ရာ့ချ်ရဲ့ ခေါင်းဆောင်မှုအောက်မှာ ဒေလီဘောဂဗေဒကျောင်းတော်ကို အဆင့်မြင့်ဘောဂဗေဒဌာနအဖြစ် တည်ဆောက် ကြဖို့ ကျနော်တို့ သဘောတူခဲ့ကြပါတယ်။ ဒေလီဘောဂဗေဒကျောင်းတော်မှာ တကယ်တော်တဲ့ဘောဂဗေဒ ပညာရှင်တွေ[6] ရှိနေခဲ့ပါတယ်။ ၁၉၇၁ခုနှစ်မှာ ကျနော် ဒေလီကနေ လန်ဒန်ဘောဂဗေဒကျောင်းတော်ကို လာခဲ့ပါတယ်။ ၁၉၇၁ ခုနှစ်မှာ ဒေလီဘောဂဗေဒကျောင်းတော်က တိုင်းပြည်ထဲမယ် ဘောဂဗေဒနဲ့ လူမှုသိပ္ပံကို အဆင့်မြင့် သင်ကြားပေးနိုင်တဲ့ နေရာ ဖြစ်နေပါပြီ။

ဒေလီဘောဂဗေဒကျောင်းတော်မှာ ကျနော် လူမှုရွေးချယ်မှုသီအိုရီနဲ့ ပတ်သတ်လို့ အပြည့်အဝ အလုပ်လုပ် နိုင်ခဲ့ပါတယ်။ ဒေလီတက္ကသိုလ်ရဲ့ဉာဏဝန်းကျင်းဟာ တကယ်ကို ရှင်သန်လှုပ်ရှားနေခဲ့ပါတယ်။ ၁၉၆၄-၁၉၆၅ မှာ

---

[5] John Rawls, Isaiah Berlin, Bernard Williams, Ronald Dworkin, Derek Parfit, Thomas Scanlon, Robert Nozick and etc.

[6] V.K.R.V. Rao, B.N. Ganguli, P.N. Dhar, Khaleq Naqvi, Dharm Narain, Sukhamoy Chakravarty, Jagdish Bagawati, A.I. Nagar, Manmohan Singh, Mrinal Datta Chaudhuri, Dharma Kumar, Raj Krishna, Ajit Biswasm, K.L. Krisjna, Suresj Tendulkar, and etc.

Copyright © 2025. Economic Education Program, Inya Economics.

ကျနော် ကာလီဖိုးနီးယားတက္ကသိုလ်(ဘာကလေနယ်မြေ)မှာ ကျနော့်စိတ်ဝင်စားမှုကို ခိုင်မာကျစ်လျစ်အောင် လုပ်ကိုင်နိုင်ခဲ့ပါတယ်။ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်အတွက် လှုပ်ရှားတဲ့ ကျောင်းသားတက်ကြွလှုပ်ရှားသူတွေဆီကနေ ကျနော် လေ့လာသင်ယူနိုင်ခဲ့တာတွေပါ။ ဒေလီတက္ကသိုလ်မှာ တဖြည်းဖြည်းနဲ့ လူမှုရွေးချယ်မှုသီအိုရီလုပ်မယ့် ကျောင်းသားတွေ ရှိလာပါပြီ။ သူတို့တွေက နည်းနာပိုင်းလည်း လုပ်နိုင်ကိုင်နိုင်ရှိကြပါတယ်။

လူမှုရွေးချယ်မှုသီအိုရီက စီးပွားရေးလေ့လာဆန်းစစ်ချက်တွေနဲ့ မူဝါဒချမှတ်မှုတွေမှာ အများကြီး အထောက်အကူပြုပါတယ်။ ဆင်းရဲမွဲတေမှု၊ စီးပွားရေးမညီမျှမှု၊ အလုပ်လက်မဲ့ပြဿနာ၊ လူနေမှုအဆင့်အတန်း အစရှိသဖြင့် ပြဿနာအမျိုးအပြားကို လေ့လာရာမှာ ဖြေရှင်းရာမှာ အထောက်အကူ ပြုပါတယ်။

၁၉၇၀ မှာ ထုတ်ဝေတဲ့ ကျနော့်ရဲ့ "စုပေါင်းရွေးချယ်မှုနှင့် လူမှုသုခ" စာအုပ်မှာ လူမှုရွေးချယ်မှုသီအိုရီနဲ့ ပတ်သတ်လို့ ကျနော် မြင်သမျှ ရေးသားတင်ပြထားပါတယ်။ ရှာဖွေတွေ့ရှိချက်တွေ အများကြီးရှိပေမယ့် ဒီနေရာမှာ ကျနော်က သစ်ပင်လေးတွေအစား သစ်တောအုပ်ကြီးကို မြင်နိုင်အောင် ကြည့်ချင်မိပါတယ်။ ဘောဂဗေဒစစ်ဆေးတွေ့ရှိချက်တွေကတော့ သစ်ပင်လေးတွေအသွင်နဲ့ အများကြီးပေါ်ထွက်လာတာပါ။ သို့ပေသိ ကျနော်က သမ္မတကောလိပ်တုန်းက စဉ်းစားမိခဲ့တဲ့ မေးခွန်းကိုပဲ ဖြေဆိုနိုင်အောင် စိတ်ထဲ ရောက်နေမိပါရဲ့.....။ "မတူညီတဲ့ လူတစ်ဦးချင်းဦးစားပေးတွေဆိုတဲ့ ပေးထားချက်အောက်မှာ ကျိုးကြောင်းသင့်တဲ့ လူမှုရွေးချယ်မှုဆိုတာ ဖြစ်နိုင်ပါသလား။"

အဆိုပါစာအုပ်အတွက် ဒေလီတက္ကသိုလ်မှာ ကျနော် ကြိုးစားလုပ်ကိုင်ခဲ့ရတာပါ။ နောက်ဆုံးအချောသတ်အတွက်ကို ဟားဗက်တက္ကသိုလ်မှာ ကျနော်၊ ကန်းနက်အဲရိုး၊ ဂျွန်ရောတို့ အတူတူပို့ချခဲ့ကြတဲ့ "လူမှုတရားမျှတမှု" သင်ခန်းစာက ပံ့သွင်းပေးနိုင်ခဲ့ပါတယ်။ ကန်းနက်အဲရိုး၊ ဂျွန်ရော နှစ်ယောက်စလုံးက သူတို့အမြင်နဲ့ အကဲဖြတ်ချက်တွေကို ရက်ရက်ရောရော ပေးခဲ့ကြပါတယ်။ စတီဖင်မာဂလင်း၊ ပရာစင်တာပတာနစ်တို့နဲ့လည်း အတူတူသင်ခန်းစာ ပို့ချခဲ့ပါသေးတယ်။ ဖွံ့ဖြိုးရေးနဲ့ မူဝါဒချမှတ်ရေးတို့နဲ့ ပတ်သတ်ပါတယ်။ လူမှုရွေးချယ်မှုသီအိုရီကို ထပ်ပြီး ထောက်ပံ့ပေးဖို့အတွက် လုပ်ခဲ့ကြတာပါ။ မာဂလင်းနဲ့ ပတာနသ်တို့က လူမှုရွေးချယ်မှုသီအိုရီနဲ့ ဘောဂဗေဒရဲ့အခြားနယ်ပယ်တွေကို ချဲ့ထွင်ဖို့ ချိတ်ဆက်ကြည့်ဖို့ စိတ်ဝင်စားခဲ့ကြပါတယ်။

### ဒေလီမှသည် လန်ဒန်နှင့် အောက်စဖို့ဆီသို့

"စုပေါင်းရွေးချယ်မှုနှင့် လူမှုသုခ" စာအုပ်ကို ၁၉၇၀ပြည့်နှစ်မှာ ထုတ်ဝေပြီး သိပ်မကြာ၊ ကျနော် ဒေလီကနေ ၁၉၇၁ခုနှစ်မှာ ထွက်ခွာခဲ့ပါတယ်။ ကျနော့်အမျိုးသမီး နဘာနီတာဒပ်က ပန်းနာရင်ကြပ်ရောဂါမှာ ဒေလီမှာ နေလို့ထိုင်လို့ မကောင်းပါ။ လန်ဒန်ရောက်ရင် ကျန်းမာရေး ပိုကောင်းလာလိမ့်မယ်လို့ ကျနော် မျှော်လင့်ထားပေမယ့် လန်ဒန်ကိုရောက်ပြီးနောက် ကျနော်တို့ အိမ်ထောင်ရေး ပြိုကွဲသွားခဲ့ပါတယ်။ ကျနော်တို့လန်ဒန်ကို

ရောက်ပြီးနောက် ကျနော် ကျန်းမာရေးပြဿနာတွေ ရင်ဆိုင်ရပါတယ်၊ အသက်၁၈နှစ်တုန်းက ပါးစပ်မှာ ကင်ဆာရောဂါဖြစ်လို့ ကျနော် ဓာတ်ရောင်ခြည်ကုသမှု ခံယူရဖူးပါတယ်။ အခု ကင်ဆာရောဂါက ပြန်လာပါတယ်။ ရိုးတွင်းချဉ်ဆီဘက်မှာ ကင်ဆာရောဂါ ဖြစ်ပြန်ပါတယ်။ ခွဲစိတ်ကုသမှု လိုအပ်ပါတယ်။ အကြာကြီးခွဲစိတ်လိုက်ရပါတယ်။ တကယ်ခွဲကြည့်လိုက်တော့ ကင်ဆာရောဂါကို မတွေ့ရှိရပါဘူး။ ခွဲစိတ်ခန်းမှာ အရိုးမှာ ဖြစ်နေတဲ့ ပြဿနာလေးတွေကိုတော့ ဖြေရှင်းလိုက်ပါတယ်။ ခွဲစိတ်ခန်းက နိုးထလာအပြီး ၅နာရီကျော်ကြာမှ ဆရာဝန်နဲ့ တွေ့နိုင်ပါတယ်။ အဲဒီနောက်ပိုင်းကစလို့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ကောင်းမြတ်မှုကို သာမန်ပြည်သူတွေရဲ့ ကျန်းမာရေးအရည်အသွေးနဲ့ တိုင်းတာနိုင်တယ်လို့ ကျနော် အဖြေထုတ်မိပါတယ်။

လန်ဒန်ဘောဂဗေဒကျောင်းတော်က တမူထူးခြားပြီး ကျောင်းရဲ့ ဉာဏဝန်းကျင်က သမိုင်းပညာရှင်တွေ၊ ဘောဂဗေဒပညာရှင်တွေ၊ လူမှုဗေဒပညာရှင်တွေနဲ့အတူ စိတ်ကျေနပ်ဖို့ အကောင်းဆုံးပါပဲ။ သမိုင်းပညာရှင် အကျော်အမော် အဲရစ်ဟော့ဗောင်း၊ သူ့အမျိုးသမီး မာလင်းတို့နဲ့ အကြိမ်ကြိမ် တွေ့ခွင့်ဆုံခွင့် ရတာ ကောင်းလိုက်တာဗျာ။ ဖရန့်နဲ့ဒေါ်ရှသီဟန်း၊ ထရန့်နဲ့ ဒေါ်ရင်တာဂေါမန် တို့လည်း ပါပါတယ်။

၁၉၇၁ခုနှစ်၊ ကျနော် လန်ဒန်ဘောဂဗေဒကျောင်းတော်မှာ အခြေချတော့ လူမှုရွေးချယ်မှုသီအိုရီကို ကျနော် ပြန်လည်စတင်ခဲ့ပါတယ်။ ကောရှစ်ဘာဆူးနဲ့ ရာဂျာဒပ်တို့အပါအဝင် စာတော်တဲ့ကျောင်းသားအများအပြားက သူတို့ရဲ့ ပါရဂူကျမ်းစာအတွက် လူမှုရွေးချယ်မှုသီအိုရီပြဿနာတွေကို သုတေသနလုပ်ခဲ့ကြပါတယ်။ သုခဘောဂဗေဒနဲ့ လူမှုရွေးချယ်မှုသီအိုရီပြဿနာတွေက ပညာရပ်ဆိုင်ရာအဆင့် တစ်ခု ရှိလာတော့ ကျနော်က ဂုဏ်ယူရပါတယ်။ လူမှုရွေးချယ်မှုသီအိုရီပြဿနာတွေအတွက် လန်ဒန်ဘောဂဗေဒကျောင်းတော်နဲ့ အောက်စဖို့ တက္ကသိုလ်ကနေ တပည့်တွေတင် မဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်တွေ[7]လည်း ရခဲ့ပါတယ်။ ကျနော်အခြားနိုင်ငံတွေက လူမှုရွေးချယ်ရေးသီအိုရီဆရာတွေနဲ့လည်း ပူးပေါင်းဖို့ အခွင့်အရေးတွေ ရရှိခဲ့ပါတယ်။ ၁၉၇၀ ပြည့်လွန်နှစ်များဟာ လူမှုရွေးချယ်ရေးသီအိုရီအတွက် ရွှေခေတ်ဖြစ်ပါတယ်။

## လူမှုရွေးချယ်ရေးသီအိုရီမှသည် မညီမျှမှု နှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးဆီသို့

လူမှုရွေးချယ်ရေးသီအိုရီစာပေတိုးတက်လာစေဖို့အတွက် အရေးကြီးဆုံး အခုချက်ချင်းလုပ်ရမယ့်ကိစ္စက လက်တွေ့အသုံးပြုနိုင်မယ့် ဘောဂဗေဒအတိုင်းအတာတွေ၊ လူမှုအတိုင်းအတာတွေ ဖန်တီးတည်ဆောက် အလုပ်လုပ်ကြဖို့ပါပဲ။ လွတ်လပ်ခွင့်နဲ့ ရပိုင်ခွင့်တွေကို ထိန်းသိမ်းကာကွယ်ဖို့၊ လိင်အခြေခံ မညီမျှမှုတွေကို လျော့ချနိုင်ဖို့၊ ဆင်းရဲမွဲတေမှုတွေကို တိုက်ဖျက်ဖို့ ၊ ဒါတွေ ဘယ်လိုအခြေအနေဆိုက်နေပြီလဲဆိုတာ ကျနော်တို့က

---

[7] Peter Hammond, Charles Blackorby, Kotaro Suzumura, Geoffery Heal, Gracieda Chichilinsky, Ken Binmore, Wulf Gaetner, Eric Maskin, John Muelbauerm Kevin Roberts, Susan Hurley.

Copyright © 2025. Economic Education Program, Inya Economics.

သိနေဖို့ လိုအပ်ပါတယ်။ စီးပွားရေးမညီမျှမှုအကြောင်း ရေးထားတဲ့ ကျနော့်စာပေလက်ရာက လူအထင်ကြီး ခံရပါတယ်။ အဲဒီစာပေလက်ရာက တိုနီအက်ကင်စင်ရဲ့ အားပေးအားမြှောက်ပြုမှုနဲ့ ရေးသားနိုင်ခဲ့တာပါ။ ပြီးနောက် ကာလတစ်ခုအကြာအထိ မညီမျှမှုတွေကို ဘယ်လိုတိုင်းတာကြမလဲဆိုတာ အလုပ်လုပ်ခဲ့ပါတယ်။

ကျနော့်စိတ်ဝင်စားမှုက တဖြည်းဖြည်းနဲ့ သီအိုရီသက်သက်ထက် လက်တွေ့ပြဿနာတွေကို ဖြေရှင်းဖို့ကို ပိုအားသန်လာပါတယ်။ ကျနော်တို့ သီအိုရီပိုင်း တည်ဆောက်ထားမှုတွေက လက်တွေ့ပြဿနာတွေကို ဖြေရှင်း နိုင်တယ်လို့ ကျနော်ကို ယုံကြည်ပါတယ်။ ကျနော့်သီအိုရီကို အခြေခံခိုင်မာအောင် ကျနော်တည်ဆောက်ထား ပြီးပါပြီ။ တစ်ချိန်တည်းမှာပဲ သီအိုရီကိုကိုင်ပြီး လက်တွေ့ပြဿနာတွေကို ဖြေရှင်းရာကနေ သီအိုရီကို ပိုပြီး ကြွယ်ဝလာစေပါတယ်။ လူမှုရွေးချယ်ရေးသီအိုရီဖြစ်စဉ်က လက်တွေ့ပြဿနာတွေကို ဖြေရှင်းရင်း သီအိုရီရဲ့ အချက်အလက်အခြေခံကို တိုးချဲ့နိုင်ခဲ့ပါတယ်။ လက်တွေ့ပြဿနာတွေကို ဖြေရှင်းရင်း သီအိုရီအခြေခံ မူဘောင်ချဲ့ထွင်တဲ့ ဖြစ်စဉ်မှာ ကျနော့် (ဒုတိယ)ဇနီး အီဗာက အလွန် အထောက်အကူပြုခဲ့ပါတယ်။ ဆင်းရဲမွဲတေမှု ပြဿနာနဲ့ ချိတ်ဆက်တယ်။ မညီမျှမှုတွေကို အကဲဖြတ်ဖို့ လုပ်တယ်။ ရပိုင်ခွင့်နဲ့ အခွင့်အရေးများ မရအောင် ဖိနှိပ်ခံထားရတာ၊ ပိတ်ပင်ခံထားရတာတွေကို ရှင်းရှင်းလင်းလင်း နားလည်နိုင်ဖို့ ကြိုးစားတယ်။ ဝင်ငွေမညီမျှမှုကို ခွဲဝေရေးနည်းလမ်းကို (အခွန်လမ်းကြောင်းနဲ့) ဖြေရှင်းဖို့ ကြိုးစားကြည့်တယ်။ စသည်ဖြင့်ပေါ့။ ကြိုးစားမှု ရလဒ်တွေကို ပညာရပ်စာတမ်းတွေအဖြစ် ၁၉၇၀ ပြည့်လွန်နှစ်များနဲ့ ၁၉၈၀ ပြည့်လွန်နှစ်များမှာ ကျနော် ရေးသားခဲ့ပါတယ်။ အဆိုပါပညာရပ်စာတမ်းတွေကို စုစည်းပြီး "ရွေးချယ်မှု၊ သုခ၊ အတိုင်းအတာနဲ့ အရင်း အမြစ်များ (၁၉၈၂)" နဲ့ "စံတန်ဖိုးများနဲ့ ဖွံ့ဖြိုးတိုးတက်မှု (၁၉၈၄)" ဆိုပြီး စာအုပ်နှစ်အုပ် ထွက်ပါတယ်။

တစ်ခါ အိန္ဒိယပြည်မယ် ကျား-မ ခြားနားချက်အပေါ် ရနိုင်တဲ့ စာရင်းအင်းအချက်အလက်တွေကို အသုံးပြုပြီး လိင်ဖြစ်တည်မှုအပေါ် အခြေခံတဲ့ မညီမျှမှုများအကြောင်းကို ဦးတည်ပြီး အစောပိုင်း လေ့လာခဲ့ပါတယ်။ လုပ်ရင်းကိုင်ရင်းနဲ့ နိုင်ငံတကာအဆင့် နှိုင်းယှဉ်လေ့လာတဲ့အထိ တိုးတက်လာပြီးနောက် "ကုန်စည်များနဲ့ လုပ်နိုင်စွမ်းများ" အမည်နဲ့ ၁၉၈၅ခုမှာ, စာအုပ်ထွက်လာပါတယ်။ ပြီးတော့ ၁၉၉၀ပြည့်နှစ်မှာတော့ "လိင်ဖြစ်တည်မှုနဲ့ ပဋိပက္ခများ"ဆိုတဲ့ နာမည်နဲ့ အထွေထွေသီအိုရီ ထုတ်နိုင်ခဲ့ပါတယ်။

## ဆင်းရဲမွဲတေမှု၊ အငတ်ဘေးနဲ့ အခွင့်အရေးများ တားဆီးပိတ်ပင်ခံရခြင်း

၁၉၇၀ဆယ်စုနှစ် အလယ်ပိုင်းနှစ်တွေလောက်ကစပြီး အငတ်ဘေးတွေ ဘာကြောင့် ဖြစ်ပေါ်ရတယ်၊ အငတ်ဘေးတွေ မဖြစ်အောင် ဘယ်လိုကာကွယ်ကြမယ်ဆိုတာတွေအတွက် ကျနော် စတင်ပြီး အလုပ်လုပ် ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာ ကျနော်ရေးတဲ့ "ဆင်းရဲမွဲတေမှုနဲ့ အငတ်ဘေးများ" စာအုပ်ကို ရေးသားခဲ့ပါတယ်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ရဲ့ ကမ္ဘာ့အလုပ်အကိုင်အစီအစဉ်အောက်မှာ အဆိုပါစာအုပ်ကို ထုတ်ဝေ

Copyright © 2025. Economic Education Program, Inya Economics.

ခဲ့ပါတယ်။ ကျနော်က အငတ်ဘေးတွေကို ကျယ်ပြန့်တဲ့ စီးပွားရေးပြဿနာအဖြစ် ရှုမြင်ပါတယ်။ သာမန်ပြည်သူတွေကို အစားအစာ ဘယ်လို ဝယ်ယူကြတယ်၊ အစားအစာဝယ်ယူဖို့အတွက် အခွင့်အရေးတွေ ဘယ်လိုသတ်မှတ်ကန့်သတ်ခံနေရတယ်ဆိုတာတွေကို ကျနော်က အာရုံစိုက်ပါတယ်။ သမရိုးကျ လေ့လာရှုမြင်နည်းဖြစ်တဲ့ အစားအစာထောက်ပံ့နိုင်မှုအရေအတွက်ကို စူးစိုက်တာထက် ကျော်လွန်နိုင်အောင် ကျနော် ကြိုးစားကြည့်ပါတယ်။ တိုင်းပြည်တစ်ခုမှာ အငတ်ဘေးဖြစ်တယ်ဆိုရင် အစားအစာမရှိလို့ အငတ်ဘေးဖြစ်ရတာလား၊ အစားအစာတွေ ရှိနေပါရဲ့သားနဲ့ သာမန်အခြေခံပြည်သူတွေက အငတ်ဘေး ရင်ဆိုင်ကြုံတွေ့နေရပါလား။ ၁၉၈၇ ခုနှစ်ကနေ ၁၉၈၉ ခုနှစ်အတွင်းမှာ ကျနော်က မာသာနက်စ်ဘန်းနဲ့ လက်တွဲပြီး "ဆာလောင်မှုနဲ့ အခွင့်အရေးများ သတ်မှတ်ကန့်သတ်ခံထားရမှု" အပေါ် ယဉ်ကျေးမှုရှုထောင့်ကနေ လေ့လာနေခဲ့ကြပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးရေးဘောဂဗေဒသုတေသနအင်စတီကျုရဲ့ အထောက်အပံ့နဲ့ ကျနော်တို့ အလုပ်လုပ်နိုင်ခဲ့ကြပါတယ်။

၁၉၈၀ ဆယ်စုနှစ် အလယ်ပိုင်းနှစ်တွေမှာတော့ ဘယ်လ်ဂျီယံက ဘောဂဗေဒပညာရှင် ယန်းဒရိန့် လက်တွဲပြီး အလုပ်လုပ်နိုင်ခဲ့ပါတယ်။ ငယ်ရွယ်ပေမယ့် အရမ်းတော်ပြီး ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ အခွင့်အရေးများ သတ်မှတ်ကန့်သတ်ခံရမှုများကို တိုက်ဖျက်ရေးအတွက် စေတနာအပြည့်နဲ့ အားကြိုးမာန်တက် လုပ်ကိုင်နေတာပါ။ သူက ကျနော်လုပ်ခဲ့တဲ့ သီအိုရီတွေကဆီကနေ အများကြီး သင်ယူခဲ့ရလို့ ကျေးဇူးတင်နေရကြောင်း ပြောပါတယ်။ တကယ်တော့ဗျာ.... သူက ကျနော့်ဆီက အကျိုးအမြတ်ရခဲ့တာထက် ကျနော်ကသာ သူ့ဆီကနေ သူ့ရဲ့ လုပ်ကိုင်နိုင်စွမ်းနဲ့ ဆန်းသစ်တဲ့နည်းလမ်းတွေကနေ ကျနော်က ပိုပြီး အကျိုးအမြတ်တွေ ရခဲ့တာပါ။ ကျနော်က အသိအမှတ်ပြုခံရမှုတွေ အများကြီး ရခဲ့ပေမယ့် "ယန်း"က အလုပ်တွေအများကြီး လုပ်ခဲ့တာပါ။

အထက်ပါလက်တွေ့ဖြစ်စဉ်လေ့လာချက်တွေကနေ ကျနော်သတိထားမိတာက တစ်ဦးချင်းအကျိုးအမြတ်နဲ့ အသာစီးရရှိမှု၊ စွမ်းဆောင်နိုင်ရည်နဲ့ အကန့်အသတ်ရှိနေသေးတဲ့လွတ်လပ်ခွင့်တွေ ဖြစ်ပါတယ်။ ကျနော်က ကန်းနက်အဲရိုးရဲ့ ဒီမိုကရက်တစ်အဖွဲ့အစည်းများရဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းအပေါ် အဆိုးမြင်မှုကို မကျေနပ်လို့ ကျနော့်သီအိုရီရှာဖွေထူထောင်မှုခရီးစဉ်က စတင်ခဲ့ရပါတယ်။ အခွင့်အရေးဆိုတာတွေနဲ့ ပတ်သတ်လာရင် ဂျွန်ရောလ်ရဲ့ ကျက်သရေရှိတဲ့ တရားမျှတမှုသီအိုရီကို ပိုပြီးနှစ်ခြိုက်တိမ်းညွတ်မိပါတယ်။ အခုအချိန် ပြန်ကြည့်လိုက်မိတော့ ကျနော်နဲ့ ကျနော့်သီအိုရီထူထောင်ရတဲ့ဖြစ်စဉ်ကို သမင်လည်ပြန် ပြန်ကြည့်မိလိုက်တော့ ကန်းနက်အဲရိုးရော၊ ဂျွန်ရော်ရော နှစ်ဦးစလုံးက ကောင်းကျိုးပြုခဲ့တာပါပဲခင်ဗျာ။

## ဟားဗက်နဲ့ ဟားဗက်အလွန်

ကျနော် ဟားဗက်ကို ရောက်ပြီးတော့ အလွန်တော်ကြတဲ့ ပညာရှင်တွေအများကြီးနဲ့ တွဲပြီး ပူးတွဲသင်ခန်းစာတွေ ပို့ချနိုင်ခဲ့တာပါ။ ဘောဂဗေဒ၊ ဒဿနိကဗေဒပညာရပ်နှစ်ခုလုံးက လူတော်ကြီးတွေနဲ့ ကျနော် ဆုံခွင့် ရခဲ့တာပါ။

Copyright © 2025. Economic Education Program, Inya Economics.

သူတို့တစ်ဦးချင်းစီနဲ့ ဆွေးနွေးပြီး ကျနော် အကျိုးကျေးဇူးတွေ အများကြီး ရပြန်ပါတယ်။ မျှတမှု၊ ညီမျှမှု၊ လွတ်လပ်မှုတို့အပေါ် ပိုပြီး သဘောပေါက်နားလည်နိုင်ဖို့ တစ်ဦးချင်းအသာစီးအကျိုးအမြတ် ဘယ်လိုရတယ် ဆိုတာကို နားလည်ဖို့ အရမ်းအရေးကြီးပါတယ်။ (တစ်ဦးချင်းအသာစီအကျိုးအမြတ်ဆိုတာကို အမတရာဆင်းက ဘောဂဗေဒရော ဒဿနိကဗေဒ နှစ်မျိုးလုံးပေါင်းစပ်ပြီး စဉ်းစားရာက ပေါ်ထွက်လာပုံ ရပါတယ်။)

စတန်းဖို့တက္ကသိုလ်ရောက်တော့ "လူ့စံတန်ဖိုးများ" ခေါင်းစဉ်နဲ့ ကျနော် သင်ခန်းစာ ပို့ချဖြစ်ပြန်ပါတယ်။ ၁၉၈၀ ပြည့်နှစ်မှာ "ဘယ်အရာရဲ့ (ဘာရဲ့) ညီမျှမှုလဲ" လို့ ခေါင်းစဉ်တပ်ပြီး စာတမ်းရေးသားခဲ့ပါတယ်။ "လူ့စံတန်ဖိုးများ" ပို့ချချက်တွေကို စာတမ်းအသွင် ပြောင်းခဲ့တာ ဖြစ်ပါတယ်။ ကျနော်တို့ရဲ့ စွမ်းဆောင်နိုင်ရည်လို့ ပြောရင် အဲတာက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လက္ခဏာတွေနဲ့ လူမှုအခွင့်အလမ်းတွေ၊ လွှမ်းမိုးခံ ရမှုတွေအပေါ် အများကြီး မှီတည်နေပါတယ်။ (ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ်၊ မဖြစ်လာရင် မကြိုးစား လို့၊ ဝါ လုံလောက်အောင် မကြိုးစားလို့ ဆိုတာတွေကို ငြင်းဆိုတာပါ။ စွမ်းဆောင်နိုင်ရည်မရှိလို့ ဆင်းရဲရတာကို မငြင်းပေမယ့် စွမ်းဆောင်နိုင်ရည်ကို အဆုံးအဖြတ်ပေးတဲ့ နေရာမှာ သာမန်ပြည်သူတွေ ကြိုးစားအားထုတ်နိုင်မှုရဲ့ အလွန်မှာ ရှိနေပါတယ်လို့ အမတရာဆင်းက ထောက်ပြချင်တာပါ။) ဒါတွေကို နားလည်ပြီးတဲ့နောက်မှာ လူမှုရေး မူဝါဒများရဲ့ ထိရောက်မှုနဲ့ ညီမျှမှုက အများကြီး တိုးတက်သွားနိုင်ပါတယ်။



**အမတရာဆင်း** photo – Yale University

Copyright © 2025. Economic Education Program, Inya Economics.

၁၉၉၁ ခုနှစ်အထိ ကျနော့်ရဲ့ ဟားဗက်ရောက် နှစ်များမှာ သုခဘောဂဗေဒနဲ့ နိုင်ငံရေးဒဿနအပေါ် လွှမ်းခြုံသက်ရောက်စေတဲ့ စဉ်းစားချက်တွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ "မညီမျှမှုများကို ပြန်လည်ဆန်းစစ်ခြင်း" ဆိုတဲ့ စာအုပ် ထပ်ရေးပါတယ်။ ဘောဂဗေဒပင်မရေစီးကြောင်း ပဲ့ကိုင် ဆင်ခြင်တုံတရား ဆိုတာကို ဝိသေသလက္ခဏာသတ်မှတ်ကြည့်တာ၊ ရည်ရွယ်ချက်ပြတ်သားတာကို တောင်းဆိုတာတွေနဲ့ အချက်အလက်နဲ့စံတန်ဖိုးများအကြား ကွားခြားချက်များကို စာပေထဲ ပါဝင်နိုင်အောင် တတ်နိုင်သမျှ ကျနော် ကြိုးစားခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ကျနော့်မိတ်ဆွေဟောင်း မာလဗက်အူလဟတ်ဟာ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်ရဲ့ အကြီးအကဲ ဖြစ်လာပါတယ်။ ကျနော့်သီအိုရီစဉ်းစားချက်တွေကို အတိုင်းအတာတစ်ခုအထိ ထည့်သွင်းသုံးစွဲထားတဲ့ လူသားဖွံ့ဖြိုးမှုညွှန်းကိန်းနဲ့ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ ဆိုတာကို ထုတ်ဝေပါတော့တယ်။ ပိုပြီးကျယ်ပြန့်တဲ့ အခြေခံမှုဘောင်ကို အသုံးပြုနိုင်ကြဖို့ ကျနော်တို့တွဲပြီး အလုပ်လုပ်ခဲ့ကြပါသေးတယ်။ ၁၉၉၈ ခုနှစ်မှာ သူ ရုတ်တရက် သေဆုံးသွားတာဟာ လက်တွေ့ကျတဲ့ အတွေးအခေါ်သမားတစ်ယောက်ကို ခေတ်ပြိုင်ဘောဂဗေဒကမ္ဘာကြီးက လက်လွတ်ဆုံးရှုံးသွားရတာပါပဲ။

ကျနော့်ဘဝအကြောင်း ကိုယ်တိုင်ရေးအက်ဆေးကို စတဲ့နေရာမှာ ပြန်ပြီး အဆုံးသတ်ရသလိုပါပဲ။ ဒီအက်ဆေးကို တက္ကသိုလ်ကျောင်းဝင်းတစ်ခုမှာပဲ အဆုံးသတ်ရေးသားနေတာ ဖြစ်ပါတယ်။ စတင်ခဲ့ရတဲ့ အသက်၅ နှစ်နဲ့ အခု ၆၅ နှစ်နဲ့ အရမ်းတူတယ်တော့ မဆိုနိုင်ပါဘူး။



**အမတရာဆင်းနှင့် မိသားစု (၂၀၂၃)** photo – Nandana Sen on X

Copyright © 2025. Economic Education Program, Inya Economics.

(အမတရာဆင်းက သူ့ဘဝအကြောင်းကို သူကိုယ်တိုင်ပဲ ရေးသားခဲ့ပါတယ်။ အကြိမ်ကြိမ်ဖြည့်စွက်တည်းဖြတ်ခဲ့တယ်လို့လည်း ဆိုကြပါတယ်။ ဒီဆောင်းပါးနဲ့ တောင်းပန်စရာတစ်ခုရှိပါတယ်။ ဆရာက အင်မတန်ဉာဏ်ပညာကြွယ်ဝလွန်းလို့ သူရေးတဲ့ အကြောင်းအရာတိုင်းကို ဗမာစာဖတ်သူတွေဆီ ဗမာဘာသာနဲ့ ကျနော်ပို့ပေးချင်ပေမယ့် ကျနော့်သိမှုအားနည်းလွန်းလို့ စွမ်းသလောက် ကြိုးစားအားထုတ်ခဲ့ပါတယ်။

အမတရာဆင်းကို သူ့ဘဝအကြောင်းကို ပြန်ရေးတဲ့အခါ သူ့ဘဝအကြောင်းကို သူ အပြည့်အဝဆင်ခြင်သုံးသပ်ပြီးမှ သေချာရေးသားထားတယ်လို့ ဆိုနိုင်ပါတယ်။ ပညာရှင်ဘဝနဲ့ ပညာရပ်ကို မြတ်နိုးတွယ်တာလွန်းလို့ သူ့အကြောင်းသူရေးတာတောင်ကို သူ့ဘဝ၊ သူ့ရဲ့ သိမှုတိုးတက်လာဖို့အတွက် ကြိုးစားခဲ့တဲ့ဖြစ်စဉ်၊ သူ့သိမှုကို လွှမ်းမိုးခဲ့တဲ့ အခြင်းအရာများ၊ သူဖန်တီးခဲ့တဲ့သီအိုရီဇစ်မြစ်အစုံကို သူ့ကိုယ်သူ ဝေဖန်သုံးသပ်ပြီး ရေးခဲ့ပါတယ်။ ဒီဆောင်းပါးတစ်ပုဒ်လုံး ဖတ်ပြီးတဲ့အခါ အမတရာဆင်း မြတ်နိုးတဲ့ စံတန်ဖိုးဟာ "မတူညီမှုတွေကို သည်းခံနိုင်စွမ်း"နဲ့ "ကျယ်ကျယ်ပြန့်ပြန့် သိနားလည်လိုမှု" ဖြစ်တယ်ဆိုတာ အထင်းသားမြင်ရပါတယ်။ တချို့က အမတရာဆင်းအကြောင်း တစွန်းတစ သိတာလေး အကြောင်းပြုပြီး အမတရာဆင်း သင်္ချာမသိပါဘူး ပြောကြတာလည်း ကြုံဖူးပါတယ်။ ကန်းနက်အဲရိုး ၁၉၅၁ခုမှာ ၁၉၅၂ခုနှစ်ကျ ဖတ်ပြီး နားလည်ပြီး အဲရိုးပြောသလို ဖြစ်လာမှာစိုးရိမ်ခဲ့သူပါ။ သင်္ချာကျွမ်းကျင်ပေမယ့် ထုတ်မပြောခဲ့သူသာ ဖြစ်ပါတယ်။ သင်္ချာကို ချစ်ခဲ့ပြီး သင်္ချာကျွမ်းကျင်တဲ့ အမတရာဆင်းက ကျယ်ကျယ်ပြန့်ပြန့် နားလည်ဖို့ ကြိုးစားခဲ့၊ စံတန်ဖိုးတွေကို မြတ်နိုးအလေးထားခဲ့ပါတယ်။ ကျနော်တိုက်တွန်းလိုတာက ကျနော့်အကန့်အသတ်တွေကြောင့် သေချာမမြင်ရတဲ့ အမတရာဆင်းပညာတွေကို အပြည့်အဝယူချင်ရင် မူရင်းဆောင်းပါးကို အောက်ပါလင့်ကနေ သွားရောက်ဖတ်ရှုကြပါလို့ တိုက်တွန်းပါရစေခင်ဗျာ ....။ ။)

https://www.nobelprize.org/prizes/economic-sciences/1998/sen/biographical/

Copyright © 2025. Economic Education Program, Inya Economics.

# ဘောဂဗေဒအတွက် လမ်းညွှန်အသစ်

**ထွန်းနောင်**

စီးပွားရေးစနစ်ကို ပြန်လည် ဆန်းသစ်ရာမှာ ရှင်သန်ပြီး စည်ပင်တဲ့ သတ္တလောကအတွင်း လူသားတွေ သာယာဝပြောဖို့ဆိုတဲ့ ပန်းတိုင်နဲ့ အစပြုရပါမယ်။

တကယ်လို့ ဘောဂဗေဒဟာ လူ့အဖွဲ့အစည်းမှာ အမြဲမပြတ် ဖြစ်နေတဲ့ အကျပ်အတည်းတွေကနေ ကြံ့ကြံ့ခံနိုင်ပြီး ရှင်သန်တဲ့ အနာဂတ်ကို သွားဖို့ ကိရိယာတစ်ခုဖြစ်တယ်ဆိုရင် သူ့ရဲ့ ပြန်လည်ဆန်းသစ်မှုကို ဒီနေ့ခေတ်အခါနဲ့ အံဝင်တဲ့ လမ်းညွှန်မြေပုံ အသစ်တစ်ခုနဲ့ စတင်ရပါမယ်။

၁၉၃၈ ခုနှစ်မှာ ဂျွန်မေနတ်ကိန်း (John Maynard Keynes)က ရေးသားခဲ့သလိုပဲ **"ဘောဂဗေဒဆိုတာ မော်ဒယ်(models)တွေကို အခြေခံပြီး တွေးခေါ်တဲ့ သိပ္ပံနည်းစနစ်နှင့်အတူ မျက်မှောက်ကမ္ဘာနဲ့ ဆီလျော်တဲ့ မော်ဒယ်တွေကို ရွေးချယ်တဲ့ အနုပညာကို ပေါင်းစပ်ထားခြင်း"** ဖြစ်ပါတယ်။[8] အဲ့ဒီမှာ အဆီအငေါ်မတည့်တာ တစ်ခုကတော့ ယနေ့အချိန်ထိ ဘောဂဗေဒအတွေးအခေါ်မှာ အကြီးအကျယ်လွှမ်းမိုးထားနိုင်ဆဲ မော်ဒယ် အများစုထဲက အချို့ဟာ ကိန်းရဲ့ခေတ်မှာ ဖန်တီးခဲ့ကြတာပါ။ တကယ်လို့ သူသာ ဒီရာစုမှာ အသက်ရှင်နေသေးပြီး ကျွန်ုပ်တို့ ရင်ဆိုင်နေရတဲ့ လူမှုဘဝနဲ့ ဂေဟဗေဒ အကျပ်အတည်းတွေရဲ့ အတိုင်းအဆ ပမာဏကိုသာ မျက်မြင် တွေ့ရမယ်ဆိုရင် သူ့အနေနဲ့ သူ့ရောင်းရင်း ဘောဂဗေဒပညာရှင်တွေကို ဒီနေ့ခေတ်ရဲ့ အသိပညာ၊ လက်တွေ့ အခြေအနေနဲ့ တန်ဖိုးထားမှုတွေကို ထင်ဟပ်တဲ့ မော်ဒယ်အသစ်တွေ ဖန်တီးဖို့ တိုက်တွန်းမယ်ဆိုတာ သံသယ ဖြစ်စရာ မရှိပါဘူး။ အဲ့အတွက် သူမှန်ဖို့လည်း များပါတယ်။

[8] Keynes, J. M. (2013). Letter from Keynes to Roy F. Harrford. In D. Moggridge (Ed.), *The Collected Writings of John Maynard Keynes: The General Theory and After- Part 2: Defense and Development* (Vol. 14, p. 296). essay, Cambridge University Press.

Copyright © 2025. Economic Education Program, Inya Economics.


ပြီးခဲ့တဲ့ ရာစုနှစ်မှာ စစ်ပွဲအလွန်ကာလရဲ့ စီးပွားရေးတွေးအခေါ်အနေနဲ့ စီးပွားရေး တိုးတက်ခြင်း(Growth) ကို လက်တွေ့ကျတဲ့(de facto) ပန်းတိုင်အဖြစ် မှတ်ယူခဲ့ပြီး အသားတင်ထုတ်ကုန် Gross Domestic Product - GDP က ဘောဂဗေဒပညာရှင်တွေရဲ့ လမ်းညွှန် ဖြစ်ခဲ့ပါတယ်။ အဲ့ဒီယူဆချက်မှာ စီးပွားရေး တိုးတက်ခြင်းကို ဆပွားသဘော မျဉ်းကွေးအဖြစ် ပုံဖော်ခဲ့ကြပြီး တိုင်းပြည်တစ်ခုက ဘယ်လောက်ပဲ ချမ်းသာပြီးနေပါစေ ငွေကြေးတန်ဖိုး တစ်ခုတည်းနဲ့ပဲ တိုင်းတာတဲ့ အဆုံးမရှိသော တိုးတက်မှုနောက်ကို လိုက်စေခဲ့ပါတယ်။ ချမ်းသာတဲ့ နိုင်ငံတွေရဲ့ဆင်းရဲချမ်းသာ မညီမျှမှုတွေကို ဖြေရှင်းရေးနဲ့ သက်ရှိကမ္ဘာကို ကာကွယ်ထိန်းသိမ်းရေးတို့ထက် GDP တိုးတက်ဖို့ကိုပဲ ဦးစားပေးဆောင်ရွက်ခဲ့မှုရဲ့သက်ရောက်မှုတွေက အခုအချိန်မှာ အလွန်ကို သိသာထင်ရှားနေပါပြီ။

ဒီရာစုနှစ်အတွက်တော့ ကျွန်ုပ်တို့အနေနဲ့ အလွန်အင်မတန်မှ ရည်မှန်းချက်ကြီးပြီး ပိုပြီးတော့ တစ်စုံလုံးကို လွှမ်းခြုံနိုင်တဲ့ ရည်မှန်းချက်တစ်ခုကို လိုအပ်ပါတယ်။ အဲ့ဒါကတော့ ရှင်သန်ပြီး စည်ပင်တဲ့ သက်ရှိကမ္ဘာမှာ လူသားတွေ သာယာဝပြောဖို့ပါ။ အဲ့အတွက် ကျွန်ုပ်တို့ကို ညွှန်ပြပေးနိုင်တဲ့ လမ်းညွှန်ကတော့ ဒိုးနတ်တစ်ခုနဲ့ ဆင်တူပါတယ်။ (Chart 1 ကို ကြည့်ပါ) အဆိုပါ ဒိုးနတ်မော်ဒယ်က လူတိုင်းအတွက် မရှိမဖြစ်အရေးပါတဲ့ လိုအပ်ချက်တွေနဲ့ ရပိုင်ခွင့်တွေကို ဦးစားပေးပါတယ်။ အစားအစာ၊ ရေ၊ ကျန်းမာရေး ကနေ သင့်တင့်လျှောက်ပတ်တဲ့ အလုပ်အကိုင်နဲ့ လိင်တန်းတူညီမျှမှုတို့ အထိပါ။

CHART 1

## ဒိုးနတ်မော်ဒယ်အရ လူမှုဘဝနဲ့ ကမ္ဘာလောကရဲ့ နယ်နိမိတ်

စီးပွားရေးစနစ်အနေနဲ့ ကမ္ဘာမြေ ဂေဟစနစ်ရဲ့ ကန့်သတ်မှုအလွှာကို မကျော်လွန်ဘဲ လူသားတွေရဲ့ လိုအပ်မှုတွေကို ဖြည့်ဆည်းပေးရပါမယ်။




**SOURCE:** Raworth, K. 2017. Doughnut Economics: Seven Ways to Think Like a 21st Century Economist. London: Penguin Random House.

တချိန်တည်းမှာပဲ အဲ့ဒီမော်ဒယ်က သက်ရှိ သတ္တဝါတွေ အားလုံးရဲ့ ကျန်းမာရေးသည် ကမ္ဘာမြေပေါ်က အဆိုပါ သက်ရှိတွေကို ထောက်ကူပေးထားတဲ့ စနစ်တွေကို ကာကွယ်ထိန်းသိမ်းမှုပေါ်မှာ မူတည်နေတယ်ဆိုတာကို အသိအမှတ်ပြုပါတယ်။ အဲ့အရာတွေကတော့ တည်ငြိမ်တဲ့ ရာသီဥတု၊ မြေသြဇာကြွယ်ဝတဲ့ မြေဆီလွှာ၊ ကျန်းမာတဲ့ သမုဒ္ဒရာတွေနဲ့ အကာအကွယ်ပေးနိုင်တဲ့ အိုဇုန်းလွှာတို့ပါပဲ။ အရိုးရှင်းဆုံးအနေနဲ့ ပြောရရင်တော့ ဒိုးနတ်မော်ဒယ်က လူသားမျိုးနွယ်ကို လူမှုဘဝအတွက် လိုအပ်တဲ့ အခြေခံအုတ်မြစ်နဲ့ ဂေဟဗေဒဆိုင်ရာ ကန့်သတ်မှုအလွှာတို့ရဲ့ ကြားထဲမှာ သာယာဝပြောစေနိုင်ပါတယ်၊ တနည်းအားဖြင့် လူသားအားလုံးရဲ့ လိုအပ်ချက်တွေကို သတ္တလောကရဲ့နည်းလမ်းဘောင်တွေအတွင်း ပြည့်မီစေတာပါ။

ဒီလို လမ်းညွှန်မျိုးကို လက်ခံထွေးပွေ့ခြင်းဟာ GDP တစ်ခုတည်းနဲ့သာ တိုင်းတာနေမှုကို စုံလင်ကွဲပြားပြီး လူမှုဘဝနဲ့ ဂေဟဗေဒဆိုင်ရာ အညွှန်းတွေပါတဲ့ အတိုင်းအတာနဲ့ အစားထိုးတာပဲ ဖြစ်ပါတယ်။ အဲ့ဒီ အတိုင်းအတာအရ (စီးပွားရေးအရ) အောင်မြင်မှုဆိုတာကို အဆုံးမရှိတဲ့ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ သတ်မှတ်တာ မျိုးမဟုတ်ဘဲ လူမှုဘဝနဲ့ ဂေဟဗေဒစနစ်တွေရဲ့ အကန့်အသတ်တွေကြားမှာ သမမျှတစွာနဲ့ လူသားဘဝတွေ သာယာဝပြောခြင်းအဖြစ် ပြန်လည်သတ်မှတ်တာမျိုး ဖြစ်ပါတယ်။ အဲ့အရာကပဲ သက်ရောက်မှုကြီးတဲ့ သိမှတ်နားလည်ရှုမြင်ပုံအသစ်(ပါရာဒိုင်းအသစ်) ဖြစ်ဖို့ကို တောင်းဆိုနေပါတယ်။ ကမ္ဘာမှာရှိတဲ့ ဘယ်စီးပွားရေး စနစ်ကမှ သူ့နိုင်ငံက လူတွေအားလုံးရဲ့ လိုအပ်ချက်တွေကို သက်ရှိကမ္ဘာရဲ့ နည်းလမ်းဘောင် အတွင်း မဖြည့်ဆည်းနိုင်သေးတဲ့အတွက် (ကော်စတာရီကာကတော့ အဲ့လိုဖြစ်ဖို့ အနီးစပ်ဆုံးပါပဲ) ဘယ်စီးပွားရေးစနစ် ကမှ ကိုယ့်ကိုယ်ကို ဖွံ့ဖြိုးပြီးရယ်လို့ မစဉ်းစားသင့်သေးပါဘူး။

တကယ်လို့ ဒိုးနတ်မော်ဒယ်ကသာ ၂၁ ရာစုရဲ့ တိုးတက်ရေးအတွက် လမ်းညွှန်ဆိုလို့ရှိရင် ဘယ်လို မက်ခရို ဘောဂဗေဒရဲ့ လောကအမြင်မျိုးကများ လူသားတွေကို အဲ့ဒီနေရာရောက်ဖို့ ဖန်တီးပေးနိုင်ပါမလဲ။ ၁၉၄၀ ခုနှစ်ဝန်းကျင်ကာလမှာ ပေါ်လ်ဆင်မြူရယ်ဆင် (Paul Samuelson)က ကျော်ကြားလှတဲ့ ဝင်ငွေလှည့်ပတ် စီးဆင်းပုံကို ပထမဆုံးအနေနဲ့ ဆွဲခဲ့တုန်းက (အိမ်ထောင်စု၊ စီးပွားရေးလုပ်ငန်း၊ ဘဏ်တွေနဲ့ အစိုးရကြား ငွေကြေးလည်ပတ်စီးဆင်းပုံကို ပုံဖော်ခြင်း) သူ့အနေနဲ့ ၂၀ရာစုရဲ့ စီးပွားရေးအတွေးအခေါ်ကို လွှမ်းမိုးမယ့် မက်ခရိုဘောဂဗေဒမော်ဒယ်ကို ရည်ရွယ်ချက်ရှိရှိ သတ်မှတ်ခဲ့တာပါ။ အဲ့ဒီမော်ဒယ်ကို ဒီနေ့ခေတ်စီးပွားရေးစနစ် တွေရဲ့အခြေခံကျတဲ့ လမ်းညွှန်မြေပုံတစ်ခုအနေနဲ့ အသုံးပြုနေတုန်းပါပဲ။

သို့သော်လည်း စနစ်တွေအကြောင်းလေ့လာတဲ့ တွေးခေါ်ပညာရှင်ဖြစ်တဲ့ ဂျွန်စတားမန်း (John Sterman) ရဲ့ စကားနဲ့ပြောရရင်တော့ **'မော်ဒယ်တစ်ခုရဲ့ အရေးကြီးဆုံးသော ယူဆချက်က ညီမျှခြင်းတွေမှာ မတည်ရှိပါဘူး၊ အဲ့ဒီထဲမှာ မပါတဲ့အရာတွေထဲမှာပဲ တည်ရှိပါတယ်၊ မှတ်တမ်းတင်ထားတဲ့ အရာတွေထဲမှာလည်း မရှိပါဘူး၊ အဲ့လို မဖော်ပြထားတဲ့ အရာတွေထဲမှာ ရှိတာပါ၊ ကွန်ပျူတာ ဖန်သားပြင်မှာ မြင်နေရတဲ့ ကိန်းရှင်တွေမှာလည်း မပါပါဘူး၊ အဲ့ဒီကိန်းရှင်တွေဘေးက ကွက်လပ်နေရာတွေမှာပဲ ရှိပါတယ်။'** ဆင်မြူရယ်ဆင်ရဲ့ ငွေကြေးစီးဆင်းမှု

Copyright © 2025. Economic Education Program, Inya Economics.

မော်ဒယ်ရဲ့ကွပ်လပ်နေရာတွေမှာ မမြင်ရတဲ့ အရာတွေကတော့ စီးပွားရေးဖြစ်စဥ်တွေမှာ ပါဝင်နေတဲ့ မြောက်မြား လှစွာသော အရေအတွက်ရှိတဲ့ စွမ်းအင်၊ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ စွန့်ပစ်ပစ္စည်းတွေပဲ ဖြစ်ပါတယ်။ အဲ့ဒီအရာတွေကို မမြင်နိုင်အောင် ချန်လှပ်ထားတာက ကမ္ဘာမြေပေါ်က သက်ရှိတွေအတွက် အလွန်အင်မတန် အန္တရာယ်များတယ် ဆိုတာ အခုအခါမှာတော့ အသေအချာကို သက်သေပြပြီးနေပါပြီ။


၂၁ ရာစုရဲ့ လမ်းညွှန်မြေပုံအနေနဲ့ တစ်စုံလုံးကို ပိုပြီးတော့ လွှမ်းခြုံနိုင်ပြီး သက်ရှိဇီဝအရာတွေကို ဗဟိုပြုထားတဲ့ စမှတ်ကနေ မြစ်ဖျားခံရပါမယ်၊ အဲ့ဒီစမှတ်ကတော့ စီးပွားရေးစနစ်ဆိုတာ သတ္တလောကရဲ့ အတွင်းထဲမှာ၊ ပြီးတော့ သတ္တလောကပေါ်မှာ မှီခိုနေတာဆိုတာကို အသိအမှတ်ပြုခြင်းပါပဲ။ (Chart 2 ကို ကြည့်ပါ)

CHART 2

မြုပ်ဝင်နေသော စီးပွားရေး စနစ်

စီးပွားရေးအရ ဝေဖန်ပိုင်းခြားမှုတွေအနေနဲ့ စီးပွားရေးစနစ်ဆိုတာ သတ္တလောကရဲ့အတွင်းထဲမှာ၊

ပြီးတော့ သတ္တလောကပေါ်မှာ မှီခိုနေတာကို အသိအမှတ်ပြုရပါမယ်။




**SOURCE:** Raworth, K. 2017. Doughnut Economics: Seven Ways to Think Like a 21st Century Economist. London: Penguin Random House.

စီးပွားရေးစနစ်ဆိုတာ ကမ္ဘာမြေရဲ့ ဇီဝအလွှာထဲက အစိတ်အပိုင်းစနစ်တစ်ခုပဲ ဆိုတာကို ပုံဖော်တဲ့ ခြေလှမ်း ကလည်း ဒီရာစုရဲ့ ပြန်လည်ဆန်းသစ်တဲ့ ဘောဂဗေဒအတွက် လွန်စွာအခြေခံကျပြီး မရှိမဖြစ်အရေးကြီးတဲ့

Copyright © 2025. Economic Education Program, Inya Economics.

လုပ်ရပ်များစွာထဲက တစ်ခုပဲဖြစ်ပါတယ်။ အဲ့ဒီရှုမြင်မှုကပဲ စီးပွားရေးအရ ဝေဖန်ပိုင်းခြားသုံးသပ်မှုတွေ လုပ်တဲ့အခါ စီးပွားရေးစနစ်ဆိုတာကို ကမ္ဘာမြေရဲ့ ထူးခြားပြီး ရှုပ်ထွေးသမမျှတတဲ့ ဇီဝအလွှာထဲက စွမ်းအင်နဲ့ ဒြပ်နှစ်မျိုးလုံး မြောက်မြားစွာ အပြန်အလှန် စီးဆင်းနေတဲ့ အပွင့်စနစ်အဖြစ် အသိအမှတ်ပြုဖို့ တိုက်တွန်းနေပါတယ်။

အဲ့ဒီရှုထောင့်က ကြည့်မယ်ဆိုရင် ပိုက်ဆံ (Money) မဟုတ်ပဲ စွမ်းအင်ကသာ ဘဝရဲ့ အခြေခံကျတဲ့ ငွေကြေး (Currency) ဖြစ်ပြီး လူသားအားလုံး၊ သတ္တလောကတစ်ခုလုံးနဲ့ စက်မှုစနစ်တွေကို ထောက်ကူထားတယ်ဆိုတာ သိသာစေပါတယ်။ ဒါကြောင့်မို့လို့ပဲ ဘောဂဗေဒပညာရှင် တစ်ယောက်ရဲ့ သိမြင်နားလည်မှုမှာ စွမ်းအင်အပေါ် မှီခိုနေရမှုက အသည်းနှလုံး ဗဟိုချက်နေရာမှာ တည်ရှိနေတာပါ။ နောက်ပြီး လူသားတွေရဲ့ သယံဇာတတွေကို အဆက်မပြတ်သုံးစွဲမှုက ကမ္ဘာမြေရဲ့ အကန့်အသတ်တွေအပေါ် ပြင်းထန်တဲ့ ဖိအားတွေဖြစ်စေတယ်၊ လူသားတွေရော အခြားသက်ရှိတွေပါ အခြေခံအားဖြင့် မှီခိုနေတဲ့ ဂေဟစနစ်တည်ငြိမ်မှုကို အောက်ခြေကနေ လှိုက်ပြီး ဖျက်စီးဖို့ ဖန်တီးနေတယ်၊ ဆိုတာကို ကျွန်ုပ်တို့အနေနဲ့ အသိအမှတ်ပြုရပါမယ်။

ကျွန်ုပ်တို့အနေနဲ့ အဲ့လိုမျိုး စီးပွားရေးစနစ်ကို သက်ရှိကမ္ဘာအတွင်းမှာ နေရာချလိုက်မယ်ဆိုရင် နှစ်ဆယ်ရာစုရဲ့ မဆုံးနိုင်တဲ့ ဖွံ့ဖြိုးရေးနောက်လိုက်တဲ့ ကိစ္စဟာ ဒီနေ့ထိ ရှိထားတဲ့ လက်တွေ့ကျတဲ့ သက်သေတွေနဲ့ ပြတ်ပြတ်သားသား ဆန့်ကျင်တင်းမာနေတာကို တွေ့ရမှာပါ။ ယနေ့ခေတ်ရဲ့ ဝင်ငွေမြင့်တဲ့ စီးပွားရေးစနစ်တွေမှာ စားသုံးမှုအပေါ် အခြေခံတဲ့ ကာဗွန်ထုတ်လုပ်မှုနဲ့ GDP တိုးတက်မှုက လိုက်ပါလာတဲ့ ရုပ်ဝတ္ထု ပစ္စည်းသုံးစွဲမှုတွေကနေ ခွာထုတ်ပစ်နိုင်ရေးဆိုတဲ့ ရည်မှန်းချက်က အရေးပါတဲ့ လှည့်ပြောင်းမှတ်တွေ (Tipping points) ကို ရှောင်ရှားနိုင်ဖို့အတွက် လိုအပ်နေတဲ့ အရှိန်အဟုန်၊ အတိုင်းအတာနဲ့ ဖြစ်မလာသေးပါဘူး။

အဲ့ဒီအရာတွေကပဲ ဖွံ့ဖြိုးရေးရဲ့ အကန့်အသတ်တွေကို မေးခွန်းထုတ်ဖို့ ကျွန်ုပ်တို့ကို တွန်းအားဖြစ်စေပြီး ဖွံ့ဖြိုးရေးအလွန်မှာရှိတဲ့ အထူးသဖြင့် ချမ်းသာတဲ့ စီးပွားရေးစနစ်တွေမှာရှိတဲ့ ဘောဂဗေဒ ဖြစ်တန်ချေတွေကို ရှာဖွေစေပါတယ်။ ဒါကြောင့်မို့လို့ ***စီးပွားရေးလုပ်ငန်းဆောင်တာတွေရဲ့ ဂေဟဗေဒအကျိုးဆက်တွေကို တည့်တည့်ရှုမြင်ဖို့*** ဟာ အခုအခါမှာ အရေးကြီးတဲ့ ***ကျင့်ဝတ်ဆိုင်ရာ တာဝန်သိစိတ်တစ်ရပ်*** ဖြစ်လာပါတယ်။

ဘောဂဗေဒအတွေးအခေါ်ရဲ့ လမ်းညွှန်အသစ်မှာ လူတွေအတွက် မရှိမဖြစ် လိုအပ်မှုနဲ့ လိုအင်တွေကို ထောက်ပံ့ပေးတဲ့ စီးပွားရေးလုပ်ငန်းဆောင်တာတွေအတွက် ပိုပြီး ခြုံငုံတဲ့အမြင်မျိုးလည်း ပါဝင်ပါတယ်။ ခေတ်ရေစီးကြောင်းထဲက စီးပွားရေးအတွေးအခေါ်တွေမှာတော့ ရာစုနှစ်တခုကျော်အောင် ဈေးကွက်နဲ့ အစိုးရရဲ့ အခန်းကဏ္ဍပေါ်အခြေခံတဲ့ သဘောတရားရေးရာ စီးချင်းထိုးပွဲကပဲ လွှမ်းမိုးခံခဲ့ရတာပါ။

နှစ်ဘက်လုံးက အရေးပါတဲ့ ထောက်ပံ့မှုအရင်းအမြစ် နှစ်ခုကို မမြင်ခဲ့ကြပါဘူး။ အဲဒါတွေက အိမ်ထောင်စုနဲ့ ဘုံပိုင်ပစ္စည်းတွေပါ။ သူတို့ ထုတ်လုပ်တဲ့ တန်ဖိုးအများစုက GDP ထဲမှာ မပါဝင်ပါဘူး။ ဒါပေမဲ့ သူတို့က မြုပ်ဝင်

နေတဲ့ စီးပွားရေးမော်ဒယ် (Embedded Economy Model) ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ထုတ်လုပ်တဲ့ တန်ဖိုးတွေက လူသားတွေရဲ့ ကျန်းမာသုခအတွက် လွန်စွာအရေးကြီးလို့ပါ။

ဥပမာအနေနဲ့ အမျိုးသမီးတွေရဲ့ လခမရတဲ့ ပြုစုစောင့်ရှောက်မှုလို ဟာမျိုးပေါ့။ အဲဒါက ကျန်းမာရေးအတွက် မရှိမဖြစ်အရေးပါပြီး လခရတဲ့ အလုပ်တွေကို စနစ်တကျ ထောက်ပံ့ကူညီနေတာပါ။ အလားတူပဲ ဘုံပိုင်တဲ့ အရာတွေကလည်း ကုန်စည်နဲ့ ဝန်ဆောင်မှုတွေကို ထောက်ပံ့မှုအတွက် လွန်စွာထိရောက်တဲ့ နည်းလမ်းတစ်ခုဖြစ်ပြီး အဲဒါရဲ့ တန်ဖိုးက ငွေကြေးဖလှယ်မှုမှာ မပါဝင်ပါဘူး။ နမူနာအနေနဲ့ ပြောရရင် Open-source Software တွေက အစ Wikipedia အလယ် နိုင်ငံဖြတ်ကျော် မြစ်ဝှမ်းစီမံခန့်ခွဲမှု အဆုံးပါပဲ။

ပြန်လည်ဆန်းသစ်တဲ့ ဘောဂဗေဒကို လန်းဆန်းရှင်သန်နေတဲ့ ကမ္ဘာဂြိုလ်ပေါ်မှာ လူသားတွေ သာယာဝပြောဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ အစပြုရပါမယ်။ အဲ့ဒီကိုရောက်ဖို့ မျှော်လင့်တယ် ဆိုလို့ရှိရင် ကျွန်ုပ်တို့အနေနဲ့ ***စီးပွားရေးစနစ်ဆိုတာ သက်ရှိကမ္ဘာရဲ့ စနစ်ပွားတစ်ခုသာ ဖြစ်တယ်*** ဆိုတာကို အသိအမှတ်ပြုတဲ့ မက်ခရိုစီးပွားရေး မော်ဒယ်တွေ လိုအပ်ပါတယ်။ အဲ့ဒီစနစ်ထဲမှာမှ ဘဏ္ဍာရေးဆိုတဲ့အရာကို စစ်မှန်တဲ့ စီးပွားရေးစနစ်ကို ဝန်ဆောင်မှုပေးတဲ့၊ လူသားတွေကို ဝန်ဆောင်မှုပေးတဲ့ အရာအဖြစ် ပြန်ပြီး ပုံဖော်ဖန်တီးရပါမယ်။ အဲ့ဒါကိုပဲ အယူအဆရေးရာ တော်လှန်မှုတစ်ခုအနေနဲ့ မှတ်ယူရမှာ ဖြစ်ပြီး အဲ့ဒါက မရှိမဖြစ် အရာပါပဲ။

(IMF မှ ထုတ်တဲ့ 2024 March လထုတ် Finance And Development Magazine ပါ Kate Raworth ၏ A New Compass for Economics ကို ဆီလျော်အောင် ပြန်ဆိုသည်။)

မူရင်းဆောင်းပါးကို အောက်ပါ Link တွင် ရယူနိုင်သည်။

https://www.imf.org/en/Publications/fandd/issues/2024/03/Point-of-view-a-new-compass-for-economics-Kate-Raworth

Copyright © 2025. Economic Education Program, Inya Economics.

**ဘောဂဗေဒစာပေ စာရေးဆရာ(လောင်း)အပေါင်းတို့ခင်ဗျာ**

တိုင်းပြည်တိုးတက်ရေးအတွက် ဘောဂဗေဒစာပေလိုအပ်တယ်ဆိုတာ ငြင်းမရပါဘူး။ ဘောဂဗေဒစာပေ အခိုင်အခံ့ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းကြိုးပမ်းလို့ ရတာ မဟုတ်လို့ ဘောဂဗေဒကို ချစ်မြတ်နိုးတဲ့ ဘောဂဗေဒစာပေ ရေးသားချင်သူများအနေနဲ့ စာမူများရေးသားပေးပို့နိုင်ပါတယ်ခင်ဗျာ။ မူရင်းစာရေးသူများရဲ့ အာဘော် မချွတ်ယွင်းစေဘဲ တည်းဖြတ်မှု အနည်းငယ် ရှိနိုင်ပြီး ဘောဂဗေဒပညာရေးနဲ့ ဘောဂဗေဒအတွေးအခေါ်ဝေဖန်ဆန်းစစ်ရေးကို အထောက်အကူပြုတဲ့ ဆောင်းပါး သို့မဟုတ် စာပေလက်ရာ တိုင်းကို ကျနော်တို့ ကြိုဆိုပါတယ်။

Thanhtunsoe.ie.mm@gmail.com ကို စာမူများ ရေးသားပေးပို့နိုင်ပါတယ်။

သန်းထွန်း

တာဝန်ခံ (ဘောဂဗေဒပညာရေးပရိုဂရမ်)

အင်းလျားဘောဂဗေဒအဖွဲ့

Copyright © 2025. Economic Education Program, Inya Economics.